# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 1 August 2018 ၉၃၆၅


**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှု ပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသော ပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော် နို့စားနွားမွေးမြူရေးခြံ၊ နို့ပေါင်းစက်ရုံနှင့် ပေတော ခေတ်မီဥစားကြက်ခြံ စီမံကိန်းတို့သို့ သွားရောက်ကြည့်ရှုလေ့လာ

## ကလေးငယ်များ ကျန်းမာရေးကောင်းမွန်ရေး ဒေသထွက် အာဟာရပြည့်ဝသော အစားအစာများ ကျွေးမွေးရန်နှင့် အားကစားလေ့ကျင့်ခန်းများ ပြုလုပ်ပေးရန် မှာကြား

နေပြည်တော် ဇူလိုင် ၃၁

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် နို့စားနွားမွေးမြူရေးခြံ၊ နို့ပေါင်းစက်ရုံနှင့် ပေတော ခေတ်မီဥစားကြက်ခြံစီမံကိန်းတို့သို့ သွားရောက်ကြည့်ရှုလေ့လာသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် နို့စားနွား မွေးမြူရေးခြံနှင့် နို့ပေါင်းစက်ရုံသို့ ရောက်ရှိကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တပ်ကုန်းမြို့နယ် ပေတောကျေးရွာရှိ ခေတ်မီဥစားကြက်ခြံစီမံကိန်း ရှင်းလင်းဆောင်၌ ကျေးရွာသူ ကျေးရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။

ကမ္ဘာ့အသည်းရောင်အသားဝါနေ့အခမ်းအနား ကျင်းပ အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေး အခမဲ့ထိုးပေး စာမျက်နှာ » ၇

ကရင်ပြည်နယ်၌ သံလွင်မြစ်ရေကြီးမှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အခြေခံပညာကျောင်းပေါင်း ၃၉၆ ကျောင်း ပိတ်ထားရ စာမျက်နှာ » ၁၇

**ရာနှုန်းပြည့်မိုး**

(၁-၈-၂၀၁၈)

**နေပြည်တော်** - မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။
**ရန်ကုန်** - မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။
**မန္တလေး** - နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။




# ရေပို ရေကျော် ရေထောက်

မိုးရွာသွန်းမှုများပြားသောကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားရာတွင် ရေကြီးမှုကို ပိုမိုဖြစ်ပေါ်စေသော ရေပို၊ ရေကျော်၊ ရေထောက်ခြင်းနှင့် ပတ်သက်သည်တို့ကိုလည်း သက်ဆိုင်ရာတို့က အလေးထားစောင့်ကြည့် အသိပေးနေသလို ပြည်သူများအနေဖြင့်လည်း အဆိုပါဖြစ်စဉ်များကို သိရှိနားလည် သတိထားသင့်သည်ဟု မှတ်ချက်ပြုချင်ပါသည်။

နိုင်ငံပိုင်မီဒီယာများတွင် မိုးရွာသွန်းမှုအခြေအနေ၊ မြစ်ရေကြီးမှု အခြေအနေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဆည်မြောင်းတာတမံများ၏ ကန်ရေပြည့် ရေလှောင်ပမာဏ၊ မိုးရေချိန်လက်မတို့အပြင် အဆိုပါ ဆည်မြောင်းတာတမံတို့၏ ရေပိုလွှဲမှ ရေကျော်သည့် အခြေအနေများကို နေ့စဉ်အသိပေး ထုတ်ပြန်ပေးနေခြင်းသည် ရေကြီးရေလျှံနိုင်မှု အနေအထားကို သတိမူမိနိုင်ရန်ဖြစ်သည်။

မိုးရာသီကာလမှာ နှစ်အလိုက် မိုးနည်းခြင်း၊ မိုးများခြင်းတို့ ဖြစ်ပေါ်သည်မှာ ဓမ္မတာဖြစ်သော်လည်း မိုးများသည့်နှစ်များတွင် မူလကတည်းက တိမ်ကောနေသော မြစ်ချောင်းများတွင် မိုးရေများပိုမိုမြင့်တက်သဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ကြရသည်။ သို့ရာတွင် ပင်လယ်သမုဒ္ဒရာတို့၏ သဘောသဘာဝမှာ မည်မျှများသည့်ရေပင်ဖြစ်စေ အကုန်လက်ခံနိုင်သည့် သဘောရှိသောကြောင့် လျှံရေများမှာ အချိန်အတိုင်းအတာတစ်ခုတွင် ပင်လယ်အတွင်းသို့ စီးဝင်ကာ ကုန်းမြေပေါ်မှရေများ ပြန်လည်ကျသွားပေမည်။

သို့သော် ရေကြီးရေလျှံမှုကြောင့် ပြည်သူလူထု ရေဘေးသင့်မှု အချိန်မကြာမြင့်ရေးနှင့် ပိုမိုဆိုးဆိုးရွားရွား ထိခိုက်ခံစားရမှု မဖြစ်စေရေးအတွက် အမြင့်နေရာများတွင် တည်ရှိနေသော တောင်ပေါ်ရေများ၊ ဆည်မြောင်းတာတမံများ၊ ရေလျှံ၊ ရေကျော်မှုကျော်လွန်၍ ကျိုးပေါက်မှု မဖြစ်စေရေးကို အထူးသတိပြုနေကြရသည်ဖြစ်၍ ထိုအခြေအနေများကို ဤသို့သတိပေးနေရခြင်း ဖြစ်ပေသည်။ ထို့အပြင် ပင်လယ်ဒီရေမြင့်တက်မှုကြောင့် မြစ်၊ ချောင်းများအတွင်းရှိရေကို တွန်းကန်ထားသည့် ထောက်ရေကိုလည်း သတိမူရမည်ဖြစ်သည်။

ရေကြီးရေလျှံမှုကို ပိုမိုတွန်းအားပေးစေနိုင်သည့် လက်ရှိကာလ မိုးရေချိန်လက်မများကို ဆည်တမံများ ဒေသအလိုက် အသိပေးထားရာ ကရင်ပြည်နယ် ဘားအံခရိုင်နှင့် မွန်ပြည်နယ် သထုံခရိုင် ဒေသနှစ်ခုတွင်သာ မိုးအားကောင်းခဲ့သည်ကို တွေ့ရမည်ဖြစ်ပြီး လက်တွေ့တွင်လည်း ရေကြီးရေလျှံမှုများ ပိုမိုဖြစ်ပွားခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ကျန်ဒေသများရှိ မိုးရေချိန်မှာမူ ပုံမှန်နှင့် ပုံမှန်အောက်သာ ရွာသွန်းခဲ့သည်ကို တွေ့ရသဖြင့် အထူးစိုးရိမ်ဖွယ်မရှိဟု ဆိုရမည်ဖြစ်သည်။

သို့ရာတွင် မိုးရာသီကာလဖြစ်၍ နိုင်ငံတစ်ဝန်းရှိ ဆည်မြောင်းတာတမံများ အားလုံးနီးပါး ကန်ရေပြည့်ရုံသာမက ရေပိုရေလျှံများရှိခဲ့သည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် ဆည်တမံများ အမြောက်အမြားရှိရာ ဇူလိုင် ၂၉ ရက်က ဆည်တမံ ၃၇ ခုရှိ ပိုလျှံရေများ ရေပိုလွှဲမှ ကျော်သည့်ဖြစ်စဉ်ရှိခဲ့ပြီး ဇူလိုင် ၃၀ ရက်တွင် ရေပိုလွှဲမှ ရေကျော်သည့် ဆည်တမံ ၃၆ ခုရှိသည်ဟု အသိပေးထားသည်။ ထိုဆည်တမံများမှာ ကြံ့ခိုင်မှုရှိသည့်အပြင် မြစ်ကြောင်းတာတမံများမှာလည်း စိုးရိမ်ဖွယ်ရာမရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် ရွာသွန်းခဲ့သော မိုးရေချိန်နှင့် ဆည်မြောင်းတာတမံများနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ဖွယ်ရာမရှိနိုင်ပါဟု ဆိုချင်သည်။ မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံးဖြစ်သည့် ငဝန်မြစ်၊ စစ်တောင်းမြစ်ကမ်းထိန်းတာများကိုလည်း သက်ဆိုင်ရာတို့က ထိန်းသိမ်းစောင့်ရှောက်စောင့်ကြည့်ပေးနေသည်။

သို့ဖြစ်ရာ ယခု ရေကြီးရေလျှံမှုဖြစ်စဉ်များမှာ အဓိကအားဖြင့် မိုးများသော ဒေသနှစ်ခုနှင့် မြစ်ရေထောက်ခြင်း ဒေသတစ်ခုတို့ကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် ရေကြီးရေလျှံမှုဘေးမှ တစ်စတစ်စ လျော့ပါးသက်သာသွားလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

လူငယ်
ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
(မန္တလေး)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ ( စနေ၊ တနင်္ဂနွေ၊ တနင်္လာ )
နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၃၁**

မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ ယဉ်ကျေးမှုမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌက ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိနေပါက ပေါင်းစပ်ညှိနှိုင်းရန်၊ သတင်းအချက်အလက်များ ဖလှယ်နိုင်ရန်နှင့် ဆက်လက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် တစ်နှစ်နှစ်ကြိမ် တွေ့ဆုံ ညှိနှိုင်းရခြင်းဖြစ်ကြောင်း၊ မိမိတို့ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်ရှိသော ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကိုပြည့်ပြည့်စုံစုံပါရှိစေရန်နှင့် စနစ်တကျ စာရင်းကောက်ယူနိုင်စေရန်အတွက် ဖွဲ့စည်းထားသော အဖွဲ့ဝင်များအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြစေလိုကြောင်း၊ လိုအပ်သောပညာရပ်ပိုင်းဆိုင်ရာ အကူအညီများကို ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ နယ်နိမိတ်အတွင်း တည်ရှိနေသည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ပြည့်စုံစွာဖော်ထုတ် မှတ်တမ်းပြုစုခြင်း၊ စနစ်တကျ စာရင်းကောက်ယူနိုင်ခြင်းအားဖြင့် အမျိုးသား ဒြပ်မဲ့အမွေအနှစ်စာရင်း ပြုစုရေးလုပ်ငန်းစဉ်၊ ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းစဉ်နှင့် တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် စသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ (ICH) ဗဟိုကော်မတီအတွင်းရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဆက်လက်အကောင်အထည်ဖော်သွားမည့် လုပ်ငန်းစဉ်များ၊ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက်(ICH) စာရင်းကောက်ယူစုဆောင်းနေမှု အခြေအနေများ၊ အမျိုးသား(ICH) ဥပဒေရေးဆွဲနေမှု အခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များ၊ UNESCO ၏ Operational Directive တို့အား ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများက မိမိတို့ ဒေသအလိုက် ဆောင်ရွက်လျက်ရှိသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး ကိစ္စရပ်များ၊ ရှေ့ဆက်လက်လုပ်ဆောင်ရန် လျာထားချက်များ၊ လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယခုကျင်းပသည့် အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စာရင်းကောက်ယူပြီးစီးသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းများကို စုစည်း၍ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းထုတ်ပြန်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့ကောက်ယူပြီးစီးသည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များအနက်မှ နိုင်ငံတကာအဆင့်သို့ ထည့်သွင်းဖော်ပြလိုသော စာရင်းအများဆုံး နှစ်ခုကို ဗဟိုကော်မတီသို့ ရွေးချယ်ပေးပို့ရန်၊ အမျိုးသားဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ဥပဒေ၊ နည်းဥပဒေပေါ်ထွက်ရေးအတွက် ဆက်လက်ညှိနှိုင်းရေးဆွဲရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လုပ်ငန်းကော်မတီဥက္ကဋ္ဌများက မိမိဒေသအတွင်းရှိ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ခြင်း၊ စုဆောင်းခြင်း၊ မြှင့်တင်ခြင်း၊ ထိန်းသိမ်းခြင်းများကို တွန်းအားပေးဆောင်ရွက်ရန်၊ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများအတွက် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေလျာထား သတ်မှတ်သွားရန်၊ အမျိုးသား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ စိစစ်ရေးပညာရှင်အဖွဲ့ကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပညာရှင်တစ်ဦး၏ အမည်စာရင်း ပေးပို့ရွေးချယ်၍ အဖွဲ့ဖွဲ့စည်းပြီး လုပ်ငန်းဆောင်ရွက်သွားရန်၊ ဝန်ကြီးဌာနမှ ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် သင်တန်းပေးရန်၊ ပျောက်ကွယ်လုနီးပါး ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းပေးရန် စသည့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၃၁**

ရန်ကုန်(ရွှေဈေး) ၉၄၈၀၀၀ - ၉၄၈၀၀၀ မန္တလေး(ရွှေဈေး) ၉၄၈၀၀၀ - ၉၄၈၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၅၅/၉၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၅/၉၅၀ ကျပ်၊ | ၉၉၅/၁၀၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၈၀/၉၀၀ ကျပ်၊ | ၉၄၅/၉၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၂၅/၉၄၀ ကျပ်၊ | ၉၇၀/၉၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၈၅/၈၉၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၅/၉၀၃ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၄၅/၈၄၇ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၉. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၇၃. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၉. ၆၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၉၃၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၂. ၁၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၈၂၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၇. ၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇. ၈၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၈. ၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၄၉. ၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော် နို့စားနွားမွေးမြူရေးခြံ နို့ပေါင်းစက်ရုံအတွင်း ကြည့်ရှုလေ့လာစဉ်။

ရှေ့ဖုံးမှ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာစီပီ မွေးမြူရေးကုမ္ပဏီလီမိတက် CEO Mr. Sooksunt က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နည်းပညာထောက်ပံ့ရေးဌာန ဌာနမှူး ဒေါက်တာမင်းသစ်လွင်က စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ယင်းစီမံကိန်းအား နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာ ကျေးလက်ဒေသနှင့် စီပီကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေမှု၊ နို့စားနွားများ စနစ်တကျ မွေးမြူထားရှိမှုနှင့် နို့ထုတ်လုပ်ဖြန့်ဖြူးနိုင်မှု၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ လက်တွေ့ကွင်းဆင်းလေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အာဟာရပြည့်နွားနို့များ ထုတ်လုပ်**

ဆက်လက်၍ မြန်မာစီပီမွေးမြူရေးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ Mr.Wirat က စီပီကုမ္ပဏီအနေဖြင့် နိုင်ငံတကာတွင် ရင်းနှီးမြှုပ်နှံမှု၊ နွားနို့၊ ကြက်ဥနှင့် အသား စသည့် ထုတ်ကုန်များထုတ်လုပ်နေမှုနှင့် ဖြန့်ဖြူးရောင်းချမှု အခြေအနေ၊ နေပြည်တော်တွင် ဆောင်ရွက်နေသည့် နို့စားနွားမွေးမြူရေးခြံနှင့် နို့ပေါင်းစက်ရုံတွင် အဆင့်မြင့်နည်းပညာဖြင့် နို့စားနွားများ မွေးမြူထားရှိမှု၊ သန့်ရှင်းလတ်ဆတ်ပြီး အာဟာရပြည့်ဝသည့် နွားနို့များ ထုတ်လုပ်နေမှုနှင့် ဈေးကွက်အတွင်း ဖြန့်ချိနေမှုအခြေအနေတို့ကို Video Clip ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မွေးမြူရေးခြံအတွင်း နို့စားနွားများ မွေးမြူမှုစနစ်၊ အစားအစာ ကျွေးမွေးမှုစနစ်၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်၊ အညစ်အကြေးစွန့်ပစ်မှုစနစ်၊ ရောဂါပိုးမွှားကင်းစင်ရေး ဆောင်ရွက်ထားရှိမှုစနစ်နှင့် သန့်ရှင်းလတ်ဆတ်သော နို့ထုတ်လုပ်မှုစနစ်တို့ကို လိုက်လံကြည့်ရှုလေ့လာရာ နည်းပညာထောက်ပံ့ရေးဌာန ဌာနမှူး ဒေါက်တာမင်းသစ်လွင်က လိုက်လံရှင်းလင်းပြသသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် နေပြည်တော်နို့စားနွားမွေးမြူရေးခြံ၊ နို့ပေါင်းစက်ရုံမှ တာဝန်ရှိသူများ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် CP Group သည် မြန်မာပြည်သူများ အာဟာရမျှတကောင်းမွန်စွာ စားသောက်နိုင်စေရန်၊ နို့စားနွားမွေးမြူရေးသမားများ၊ မွေးမြူရေးနှင့် ကုသရေးဆေးကျောင်းသားများအတွက် အအေးပေးစနစ်ဖြင့် နွားမွေးမြူခြင်းနှင့် ပေါင်းတင်ပိုးသတ်နွားနို့ထုတ်လုပ်ခြင်းကို လေ့လာနိုင်ရေးအတွက် ရှေ့ပြေးသုတေသနခြံနှင့် နို့ပေါင်းစက်ရုံတည်ဆောက်ရန် သဘောတူညီမှု ရရှိခဲ့သည်။

**ပျမ်းမျှ ၂၂ လီတာ ထွက်ရှိ**

နိုင်ငံတော်အစိုးရသည် နို့စားနွားမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် နိုင်ငံတော်၏ အသားဓာတ်အရင်းအမြစ် ကြွယ်ဝစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နေပြည်တော် နို့စားနွားမွေးမြူရေးခြံနှင့် နို့ပေါင်းစက်ရုံသည် ရန်ကုန်-မန္တလေး အမြန်လမ်း ၂၁၆ မိုင် ၅ ဖာလုံအနီးရှိ မြေအကျယ်အဝန်း ၃၆ ဧကပေါ်တွင် တည်ဆောက်ထားသည်။ နေပြည်တော် နို့စားနွားခြံကို အလုံပိတ်အအေးပေးစနစ်ဖြင့် တည်ဆောက်ထားပြီး ယင်းမွေးမြူရေးခြံတွင် မွေးမြူထားသော နို့စားနွားများမှာ အမေရိကန်မျိုး နို့ထွက်နှုန်း အကောင်းဆုံးနွားများဖြစ်ကာ လက်ရှိတွင် နွားကောင်ရေ ၇၈ ကောင်ရှိပြီး နို့ညှစ်နွားမ ၃၆ ကောင်ရှိရာ တစ်ကောင်လျှင်တစ်ရက် နွားနို့ပျမ်းမျှ ၂၂ လီတာ ထွက်ရှိကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာအုပ်စု ပေတောကျေးရွာရှိ ခေတ်မီဥစားကြက်ခြံစီမံကိန်းသို့ရောက်ရှိကြရာ မြန်မာစီပီမွေးမြူရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ကျေးရွာရန်ပုံငွေစီမံကိန်း စတင်ဆောင်ရွက်မှု၊ ရန်ပုံငွေဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက၊ ကျေးရွာနှင့် ပြည်တွင်းဘဏ်တို့ ပူးပေါင်း၍ ဥစားကြက်ခြံစီမံကိန်းဆောင်ရွက်မှု၊ အကျိုးအမြတ်ခံစားရမည့်အခြေအနေ၊ စီမံကိန်းပြီးစီးမှုနှင့် စီမံကိန်းလုပ်ငန်းများ စတင်လည်ပတ်နိုင်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သိရှိလိုသည်များကို မေးမြန်းသည်။

**ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်ရန်လို**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခေတ်မီဥစားကြက်ခြံစီမံကိန်း ရှင်းလင်းဆောင်၌ ပေတောကျေးရွာသူ ကျေးရွာသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ယခုစီမံကိန်းတွင် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် အားလုံးညီညီညွတ်ညွတ် ဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာရန်ပုံငွေကော်မတီအနေဖြင့် ဘက်လိုက်မှုမရှိဘဲ မျှမျှတတ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကျေးရွာသူ ကျေးရွာသားများအနေဖြင့် အခက်အခဲပြဿနာများ ကြုံတွေ့ပါက ညှိနှိုင်းတိုင်ပင်ပြီး အားလုံးပူးပေါင်းဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျေးရွာနှင့် ကျေးရွာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက်လည်း ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

စာမျက်နှာ ၄ သို့



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပေတောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ၏ စာဖတ်၊ ပုံဆွဲ စွမ်းရည်များကို ကြည့်ရှုအားပေးစဉ်။

## ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ စာရေးဆရာအသင်းက အလှူငွေ လှူဒါန်း

**နေပြည်တော် ဇူလိုင် ၃၁**

မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင်များ၏ စေတနာဖြင့် စုပေါင်းထည့်ဝင်ကြသော အလှူငွေကျပ်နှင့် မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်းက လှူဒါန်းငွေကျပ် စုစုပေါင်း ၁၅ သိန်းကို ရေဘေးသင့်ပြည်သူများအတွက် သက်ဆိုင်ရာသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ဩစတြေးလျ သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး H. E. Mr. Nicholas Coppel နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဩစတြေးလျနိုင်ငံမှ ရခိုင်ပြည်နယ်အတွက် အမေရိကန်ဒေါ်လာသန်း ၇၀ လှူဒါန်းရန်ကိစ္စ၊ ရခိုင်ပြည်နယ်သို့ သွားရောက်လေ့လာလိုသည့်ကိစ္စများ၊ UNHCR၊ UNDP နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ လက်မှတ်ရေးထိုးထားသော နားလည်မှုစာချွန်လွှာအရ အကောင်အထည်ဖော်မည့် လုပ်ငန်းကိစ္စများ၊ မလိုအပ်သောအခြေအနေတွင် ယာယီခိုလှုံရေးစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် နိုင်ငံတော်အဆင့် မဟာဗျူဟာချမှတ်ရေးဆောင်ရွက်နေမှုများ၊ မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ရှိ နေရပ်ရွှေ့ပြောင်းသူများ နိုင်ငံတွင်းအဆင်ပြေစွာ ပြန်လည်နေရာချနေထိုင်နိုင်ရေး၊ လူမှုဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❒ စာမျက်နှာ ၃ မှ

အရေးကြီးဆုံးမှာ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍသည် အရေးကြီးပါကြောင်း၊ ကလေးငယ်များသည် ကျန်းမာရေးကောင်းမွန်မှ ပညာကောင်းစွာသင်ယူနိုင်မည်ဖြစ်ပါကြောင်း၊ တစ်ဘဝလုံး ကောင်းမွန်ရန်အတွက် ပညာတတ်ရန် လိုအပ်ပါကြောင်း၊ ကလေးငယ်များ ကျန်းမာရေးကောင်းမွန်ရန်အတွက် မိမိတို့ဒေသမှ ထွက်ရှိသည့် အာဟာရပြည့်ဝသော အစားအစာများ ရွေးချယ်ကျွေးမွေးကြရန်နှင့် ကိုယ်ကာယ ကျန်းမာကြံ့ခိုင်ရန်အတွက်လည်း အားကစားလေ့ကျင့်ခန်းများ ပြုလုပ်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း**

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပေတောကျေးရွာ၏ စာသင်ကျောင်း၌ ဆရာ ဆရာမ၊ ကျောင်းသုံးပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများ လုံလောက်မှုရှိ၊ မရှိ အခြေအနေ၊ ကျေးရွာသူ ကျေးရွာသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ကျေးရွာ လျှပ်စစ်မီးရရှိမှု၊ စိုက်ပျိုးရေရရှိမှုအခြေအနေများကို မေးမြန်းပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပေတော ဥစားကြက်ခြံ တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပေတောကျေးရွာရှိ သီရိသုခရတနာ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဇဝနအား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပေတောကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိကာ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်စကားပြောကြားပြီး မူလတန်းကျောင်းသား ကျောင်းသူများ၏ စာဖတ်၊ ကဗျာရွတ်၊ ပုံဆွဲ၊ အဆို၊ အက စွမ်းရည်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

**၈၀ ရာခိုင်နှုန်းကျော် ပြီးစီး**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ပေတောကျေးရွာရှိ ခေတ်မီ ဥစားကြက်ခြံမွေးမြူရေးစီမံကိန်းကို အစိုးရ၊ ပုဂ္ဂလိက၊ ကျေးရွာနှင့် ပြည်တွင်းဘဏ်တို့ ပူးပေါင်း၍ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ စီမံကိန်းကို ငွေကျပ်သိန်း နှစ်သောင်း ရင်းနှီးမြှုပ်နှံ၍ ဇီဝလုံခြုံမှုရှိပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေသော ခေတ်မီမွေးမြူရေးခြံအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် စီမံကိန်းတစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ပြီး ယခုနှစ် ဩဂုတ်လအတွင်း မွေးမြူရေးလုပ်ငန်းများ စတင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းတွင် မွေးမြူရေးခြံတစ်ခြံလျှင် ကြက်အကောင်ရေ ၂၅၀၀၀ ဆံ့သည့် ဥစားကြက်မွေးမြူရေးခြံ သုံးခြံပါဝင်ပြီး ခေတ်မီမွေးမြူရေး စက်ကိရိယာများကို အသုံးပြု၍ အလုံပိတ်စနစ်ဖြင့် မွေးမြူသော ဥစားကြက်ခြံဖြစ်ကြောင်း၊ အလိုအလျောက် အစာကျွေးစနစ်၊ အညစ်အကြေး အလိုအလျောက် စွန့်ထုတ်စနစ်၊ ကြက်ဥ အရွယ်အစား ခွဲခြားမှုစနစ်နှင့် အလိုအလျောက် ကြက်ဥပို့ဆောင် ထုပ်ပိုးစနစ်အပါအဝင် အစာသိုလှောင်ကန်၊ အအေးခံပြား၊ ကြက်ဥကောက်စနစ်၊ လေဝင်လေထွက်စနစ်များကို ခေတ်မီနည်းပညာများဖြင့် အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပေတော ဥစားကြက်ခြံမွေးမြူရေးစီမံကိန်းမှ လုံခြုံစိတ်ချပြီး ကျန်းမာရေးနှင့် ညီညွတ်သော အာဟာရပြည့်ဝသည့် ကြက်ဥများကို တစ်ရက်လျှင် အလုံးရေ ၆၀၀၀၀ ကျော် ဈေးကွက်အတွင်း ဖြန့်ချိရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျေးရွာပိုင်အဖြစ် ရရှိမည်**

ပေတောကျေးရွာအနေဖြင့် စီမံကိန်းစတင်ချိန်မှ စတင်၍ နှစ်စဉ် မြေငှားရမ်းခငွေကျပ်သိန်း ၆၀ ရရှိနေမည်ဖြစ်ပြီး ၁၀ နှစ်ပြည့်မြောက်ချိန်တွင် ကြက်မွေးမြူရေးစီမံကိန်းတစ်ခုလုံးကို ကျေးရွာပိုင်အဖြစ် လွှဲပြောင်းရရှိမည်ဖြစ်ကာ ပေတောကျေးရွာရှိ အိမ်ထောင်စုတစ်စုချင်းစီအလိုက် အကျိုးအမြတ်ခွဲဝေခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပေတောကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသားမိဘများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။

❍ ကျောဖုံးမှ

အခုကတော့ ကယ်ဆယ်ရေးလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရနဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေ ပူးပေါင်းပြီး လုပ်နေကြတယ်။ ရေပြန်ကျသွားပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ ဆန်စပါး အဓိက စိုက်ပျိုးထုတ်လုပ်တဲ့ ဒေသတွေဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တွေမှာ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်မှုမရှိအောင် ကျွန်တော်တို့ အသင်းချုပ်အနေနဲ့ ကူညီသွားမှာပါ။ ဒါကြောင့် ဒီနေ့မှာ အခက်အခဲဖြစ်ပေါ်တဲ့ တောင်သူလယ်သမားတွေအတွက် လိုအပ်တဲ့ သွင်းအားစုတွေကို ကူညီပံ့ပိုးသွားမယ်ဆိုတဲ့အကြောင်း ထုတ်ပြန်တာပါ။ နောက်တစ်ခုက နိုင်ငံတော်အနေနဲ့ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ ကူညီပေးဖို့လည်း တိုက်တွန်းနှိုးဆော်တဲ့ သဘောလည်းဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်တွေ ဖြစ်ပေါ်တဲ့အခါ သတင်းအချက်အလက်တွေ ခိုင်မာတိကျဖို့ လိုအပ်ပါတယ်။ တချို့ သတင်းအချက်အလက်တွေက ထင်မြင်ချက်တွေကို အခြေခံထားတာမျိုးတွေလည်း ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ကူညီထောက်ပံ့တဲ့အခါ အမှန်တကယ် ပျက်စီးမှုဖြစ်ပေါ်ခဲ့တဲ့ တောင်သူတွေကို ထောက်ပံ့ပေးနိုင်ဖို့ သတင်းအချက်အလက် မှန်ကန်ခိုင်မာဖို့ လိုအပ်တဲ့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းဆွေးနွေးပါတယ်။ ပြီးတော့ စပါးပင်က ရေနစ်မြုပ်ရုံနဲ့ မပျက်စီးနိုင်ပါဘူး။ ရေအောက်မှာ အချိန်ကာလတစ်ခုအထိ နေနိုင်ပါတယ်။ ဒါကြောင့် ရေပြန်ကျပြီးတဲ့အချိန်မှာ ပျက်စီးမှုဖြစ်ပေါ်တဲ့ အခြေအနေကို ညှိနှိုင်းလေ့လာရမယ့်အပိုင်းတွေလည်း ပါပါတယ်။ အစိုးရအဖွဲ့အစည်းတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းတွေအားလုံးနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာပါ။ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်အောင် အခုကတည်းက ပြင်ဆင်လေ့လာဆောင်ရွက်တဲ့ သဘောဖြစ်ပါတယ်။ ရေပြန်ကျတာနဲ့ ကွင်းဆင်းဆောင်ရွက်သွားမှာပါ”ဟု ပြောကြားသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်မြေများတွင် စပါးများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် စပါးအထွက်နှုန်းများ မထိခိုက်စေရေးအတွက် နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများကို ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရပြီး ပညာပေးဆွေးနွေးခြင်း၊ မျိုးနှင့် သွင်းအားစု ဓာတ်မြေဩဇာများရရှိရေးနှင့် လယ်မြေများ ထွန်ယက်ရေး စသည့် လုပ်ငန်းများကို ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ဆန်စပါး အဓိကစိုက်ပျိုးထုတ်လုပ်သော ဒေသများဖြစ်သည့် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ရေကြီးနစ်မြုပ်၍ လယ်မြေများ ထိခိုက်ပျက်စီးခြင်းအတွက် ဝမ်းနည်းကြောင်းနှင့် ထိခိုက်ဆုံးရှုံးမှုများ ကြုံတွေ့ရသည့် တောင်သူများအတွက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေများနှင့်အညီ စနစ်တကျ စိစစ်ပြီး ထိထိရောက်ရောက် ပံ့ပိုးကူညီပေးနိုင်ပါရန် နိုင်ငံတော်အစိုးရအား အကြံပြုတိုက်တွန်းကြောင်းလည်း ဖော်ပြထားသည်။

**ရှင်မင်း**

# လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲ ပထမနေ့အဖြစ် ထိုင်းနှင့် ဘာရိန်း၊ မြန်မာနှင့် တောင်ကိုရီးယားတို့ ယနေ့ကစားမည်



ဇူလိုင် ၃၁ ရက် ညနေပိုင်းက မြန်မာ ယူ-၂၃ အသင်း မန္တလေးမြို့၌ လေ့ကျင့်နေစဉ်။

**မန္တလေး ဇူလိုင် ၃၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ Alpine ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် Alpine Cup လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲ ပထမနေ့ကို ဩဂုတ် ၁ ရက် (ယနေ့) ညနေပိုင်းတွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် ဘာရိန်း ယူ-၂၃ အသင်းနှင့် ထိုင်း ယူ-၂၃ အသင်း၊ ညနေ ၆ နာရီတွင် မြန်မာ ယူ-၂၃ အသင်းနှင့် တောင်ကိုရီးယား ယူ-၁၉ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့ရှိ ဟိုတယ်ရွှေပြည်သာ၌ ကျင်းပရာ မြန်မာ ယူ-၂၃ အသင်း နည်းပြချုပ် အန်တွမ်နီဟေးက “ဒီပြိုင်ပွဲက အာရှအားကစားပြိုင်ပွဲအတွက် ပြင်ဆင်တဲ့အနေနဲ့ ကျင်းပတာဖြစ်ပါတယ်။ ပြိုင်ပွဲဝင် လေးသင်းမှာ သုံးသင်းက အာရှအားကစား ပြိုင်ပွဲအတွက် ပြင်ဆင်တဲ့အနေနဲ့ ယှဉ်ပြိုင်တာဖြစ်ပြီး တောင်ကိုရီးယားအသင်းကတော့ အာရှ ယူ-၁၉ ပြိုင်ပွဲအတွက် ပြင်ဆင်တာဖြစ်ပါတယ်။ ပြိုင်ဘက်အသင်းတွေက အသင်းကောင်းတွေဖြစ်တဲ့အတွက် ကျွန်တော်တို့ကို ပိုပြီးတိုးတက်စေမှာ သေချာပါတယ်။ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်မှာပါ”ဟု ပြောသည်။ တောင်ကိုရီးယား ယူ-၁၉ အသင်း နည်းပြချုပ် ချောင်ဂျန်ဟောင်က “ပြိုင်ဘက်အသင်းတွေက ၂၃ နှစ်အောက်အသင်းတွေ ဖြစ်တာကြောင့် ကျွန်တော့် ကစားသမားတွေကို အတွေ့အကြုံကောင်းတွေ ရရှိစေမှာပါ။ ကျွန်တော်တို့က အာရှ ယူ-၁၉ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အတွေ့အကြုံယူဖို့ သက်သက်လာရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်”ဟု ပြောသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၁**

ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်အား ခန့်အပ်ရန် လွှတ်တော်က သဘောတူ

**အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် သက်တမ်းကုန်ဆုံး၍ လစ်လပ်လာမည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ရာထူးနေရာတွင် ဦးကျော်ကျော်မောင်အား ခန့်အပ်တာဝန်ပေးရန်** ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကသဘောတူကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် အခွန်အယူခံခုံအဖွဲ့ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ သဘောထားကို ရယူအတည်ပြုသည်။

## ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ခြောက်လအတွင်း လုပ်ငန်းဆောင်ရွက်မှု ထောက်ခံအကြံပြုဆွေးနွေး

**ဆက်လက်၍ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ ခြောက်လတာကာလအတွင်းလုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**နှင့် စပ်လျဉ်း၍ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန်၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို၊ မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း၊ စလင်းမဲဆန္ဒနယ်မှ ဦးကံဦး၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းတို့က ထောက်ခံအကြံပြု ဆွေးနွေးကြသည်။

**ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်**က တိုင်းပြည်၏ ပကတိအရှိတရားကို သိရှိနိုင်ရန် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် တိုင်းပြည်အတွက် အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ အဖွဲ့၏ လုပ်ငန်းများကို ကောင်းမွန်စွာလည်ပတ်နိုင်ပါက နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးပြုနိုင်မည့် အားတစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း၊ ဥပဒေအကူအညီ လိုအပ်နေသည့် ဆင်းရဲသားပြည်သူများအတွက် တိုက်ရိုက်အကူအညီပေးနိုင်ရန်လိုအပ်ပြီး တစ်နိုင်ငံလုံး၏ ဥပဒေရေးရာကိစ္စရပ်များကို လွှမ်းခြုံနိုင်သော အားကောင်းမောင်းသန် အဖွဲ့အစည်းတစ်ခုဖြစ်ရန် လိုအပ်ပါကြောင်း ထောက်ခံအကြံပြုဆွေးနွေးသည်။

**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန်**က ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ ပြစ်မှုဆိုင်ရာဥပဒေများနှင့်ပတ်သက်၍ တရားရုံးများ၊ ရဲဝန်ထမ်းများ၊ ဥပဒေအကျိုးဆောင်များ၊ ရှေ့နေရှေ့ရပ်များ၊ ရဲအချုပ်ခန်းများနှင့် အကျဉ်းထောင်များအတွင်း ဆောင်ရွက်ချက်များ၊ အခြားပြစ်မှုဆိုင်ရာ ဥပဒေများနှင့်ပတ်သက်နေသည့် သက်သေများ၊ တရားလိုများ၊ တရားခံများအတွက်ပါ အထောက်အကူဖြစ်ရန် ရည်ရွယ်ဖွဲ့စည်းထားသည့် အဖွဲ့ဖြစ်၍ ပြည်သူများအကြား အထူးလိုအပ်နေသည့် အဖွဲ့ဖြစ်သည့်အတွက် လှိုက်လှဲစွာကြိုဆိုထောက်ခံပါကြောင်း၊ ထို့အပြင် အာမခံပေးခွင့်ရှိသည့် ပုဒ်မများအရ အာမခံလျှောက်ထားခွင့်ရှိသော စွပ်စွဲခံရသူများ၊ ပြစ်မှုကျူးလွန်သူများက အာမခံများလျှောက်ထားရာတွင် တရားသူကြီး တစ်ဦးတည်း၏ ဆင်ခြင်တုံတရားအရ အာမခံပေးရမည့် ငွေတန်ဖိုးသတ်မှတ်သည့် အခြေအနေမျိုးတွင် သတ်မှတ်အာမခံတန်ဖိုးမပြည့်မီ၍ ရှာမပေးနိုင်သည့် ကာယကံရှင် ပြည်သူများအတွက် ကြီးစွာသော ဝန်ထုပ်ဝန်ပိုး ဖြစ်ရသည်ကိုလည်း တွေ့မြင်ရပါကြောင်း၊ အဆိုပါ အခြေအနေမျိုးတွင် တရားရုံးများအနေဖြင့် သင့်တင့်သော ခံဝန်များပေးနိုင်ပါက ပြည်သူများအနေဖြင့် ပိုမိုအဆင်ပြေမည်ဟု ယူဆပါကြောင်း။

ပြစ်မှုဆိုင်ရာဥပဒေအရ တရားရုံးများသို့ ဦးတိုက်လျှောက်ထားသော ပြစ်မှုများနှင့် ပတ်သက်၍ အချို့သော တရားရုံးများတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ စုံစမ်းထောက်လှမ်းခြင်းမပြုဘဲ စွပ်စွဲသူများကိုသာ တစ်ဖက်သတ်စစ်ဆေးပြီး အမှုကို တိုက်ရိုက်လက်ခံအမှုဖွင့်ခြင်းမှာ တရားရုံးအချို့၏ အားနည်းချက်အဖြစ် တွေ့ရှိနေရပါကြောင်း၊ တင်ပြပါအချက်များကို မျှတသော အကူအညီပေးနိုင်မည့်အဖွဲ့အဖြစ် ယူဆသောကြောင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း**က တရားရုံးများရှိ အမှုအများစုသည် အာမခံရသင့်သော အမှုများဖြစ်သော်လည်း မရရှိသည်ကို တွေ့ရပါကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ အာမခံပေး၍ရသော မည်သည့်အမှုကိုမဆို အာမခံပေးရမည်ဖြစ်ပါကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွင် မည်သည့်အမှုကိုမဆို ခြွင်းချက်အနေဖြင့် လုံလောက်သော အကြောင်းရှိပါက အာမခံပေး၍ရသည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ အိမ်ထောင်ဦးစီးတစ်ယောက် အချုပ်ထဲ ရောက်သွားပြီဆိုပါက ကျန်ရစ်သူ အလုပ်အကိုင်မရှိသည့် အမျိုးသမီးများ၏ ဘဝသည် နက်နက်နဲနဲတွေးပါက ရင်လေးစရာကောင်းပါကြောင်း။

ယနေ့ပြည်သူများ၏ လိုအပ်ချက်အရ ဥပဒေအထောက်အကူပေးရေးအဖွဲ့ ပေါ်ပေါက်လာခြင်းကို လေးလေးနက်နက် ထောက်ခံပါကြောင်း၊ ယခုအဖွဲ့သည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်၍ ဒုတိယဝန်ကြီးအဆင့်တာဝန်ရှိသူများဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်ပါက လုပ်ငန်းများကို မြန်မြန်ဆန်ဆန်၊ ထိထိရောက်ရောက်နှင့် မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ပြီး ပြည်သူများ အားကိုးအားထားပြုရသည့် အဖွဲ့အစည်းတစ်ခု ဖြစ်လာမည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း**က ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်၏ ဆောက်ရွက်ချက်များ၊ စိစစ်တွေ့ရှိချက်များသည် မည်သည့်အဆင့်သို့ ရောက်ရှိ၍ မည်မျှတိုးတက်နေသည်ကို လာမည့် နောက်ခြောက်လပတ်အစီရင်ခံစာ တင်သွင်းချိန်တွင် ထည့်သွင်းဖော်ပြပေးစေလိုပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အထောက်အကူပေးရေးအဖွဲ့များကို ဖွဲ့စည်းပြီးပါက ဥပဒေဆိုင်ရာ အကူအညီလိုအပ်နေသော ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ အထောက်အကူရရှိနိုင်ရေးအတွက် အများပြည်သူ သိရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်နဝမပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ဩဂုတ် ၁ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ ဟန်လင်းနိုင်(သတင်းစဉ်)**




ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် Panna Institute ၏ အမှုဆောင်အရာရှိချုပ်နှင့် တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌဦးထွန်းထွန်းဟိန်သည် Panna Institute ၏ အမှုဆောင်အရာရှိချုပ် ဦးဖေအောင်ဇင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် Panna Institute အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် မဲဆန္ဒရှင်ပြည်သူများနှင့် ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အိုင်တီနည်းပညာအသုံးပြုနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လူမှုမီဒီယာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်သူ့ဆက်ဆံရေးကဏ္ဍ၊ ပြည်သူနှင့် စဉ်ဆက်မပြတ် ထိတွေ့နိုင်ရေးဆိုင်ရာသတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာပလက်ဖောင်း (ICT-Information and Communication Technology Platform) စသည့် ဆွေးနွေးပွဲများကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**သတင်းစဉ်**



# သာယာဝတီမြို့ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဗွီနိုင်းပိုစတာများဖြင့် ကြော်ငြာပြသ

**သာယာဝတီ ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့ အထက(၁)တွင် ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ကျင်းပပြုလုပ်မည့် ကလေးစာပေပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ကြော်ငြာဗွီနိုင်းဆိုင်းဘုတ်များ စိုက်ထူကြော်ငြာခြင်းလုပ်ငန်းကို ဇူလိုင် ၃၀ ရက်က သာယာဝတီမြို့နှင့် ခရိုင်အတွင်းရှိ မြို့နယ်များတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကလေးစာပေပွဲတော်ကြော်ငြာဆိုင်ဘုတ်များကို သုံးဆယ်၊ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်းမြို့နယ်များတွင် လူစည်ကားရာ နေရာများတွင် မြေစိုက်ပိုစတာများ၊ လမ်းဖြတ်ဗွီနိုင်းပိုစတာများ၊ အသံချဲ့စက်ဖြင့် လှည့်လည်ကြော်ငြာခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ကလေးစာပေပွဲတော်တွင် ကလေးစာပေပြပွဲများ၊ စာပေတိုက်များမှ စာအုပ်ဈေးအရောင်းဆိုင်များ၊ ပျော်ရွှင်စရာဂိမ်းကစားနည်းများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ပါဝင်သည်ဖြစ်ရာ မည်သူမဆို လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# မီဒီယာ၊ ဘတ်ဂျက်၊ ရေဘေးနှင့် ပြန်ကြားရေးဆက်စပ်အတွေးများ

ဝေယံမောင်

ယခုကာလသည် ပြည်ထောင်စုလွှတ်တော်တွင် ဆက်လက်ဆောင်ရွက်မည့် ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာများနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ လျာထားချက်များကို တင်ပြနေချိန်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ကမ္ဘာတစ်ဝန်းရှိနေရာအနှံ့အပြား၌ ရာသီဥတုဖောက်ပြန်မှုများနှင့်အတူ သဘာဝဘေးအန္တရာယ်များဖြစ်ပွားလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ အချို့သောနေရာများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်မှုနှင့်အတူ ဒေသခံပြည်သူများ ရေဘေးကြုံတွေ့နေရချိန်လည်းဖြစ်ပါသည်။ ထို့ကြောင့်လည်း ယနေ့မီဒီယာများတွင် ယင်းအကြောင်းအရာနှစ်ခုက အဓိကနေရာယူထားပါသည်။

ပြည်ထောင်စု၏ဘဏ္ဍာငွေနှင့်ပတ်သက်၍ ဒီမိုကရေစီ အစိုးရလက်ထက်တွင် လွှတ်တော်များ၌ ပွင့်လင်းမြင်သာစွာ ဆွေးနွေးရှင်းလင်းတင်ပြကြသလို ဥပဒေအဖြစ် ပြဋ္ဌာန်းပြီးချိန်တွင်လည်း အများပြည်သူ သိရှိနိုင်ရေးအတွက် ထုတ်ပြန်ပေးလျက်ရှိပါသည်။ ထိုသို့ ထုတ်ပြန်မှုများအပေါ် ပြည်ထောင်စုတစ်ခုလုံး၏ ဘဏ္ဍာငွေအနေဖြင့်သော်လည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် ဘဏ္ဍာငွေအနေဖြင့် သော်လည်းကောင်း လျာထားမှုများနှင့်ပတ်သက်၍ ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်အဖွဲ့အစည်းများ၊ စိတ်ဝင်စားသူများက အမျိုးမျိုးအဖုံဖုံ သုံးသပ်နေကြမှုများလည်းရှိနေပါသည်။ ပြည်သူ့ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ရသည့် ကိစ္စရပ်များဖြစ်သဖြင့် ပြည်သူများ၏ စိတ်ပါဝင်စားမှုနှင့် ထောက်ပြဝေဖန်အကြံပေးမှုများကို လှိုက်လှဲစွာ ကြိုဆိုရမည်သာဖြစ်ပါသည်။

**ပြန်ကြားရေးဘာလဲ၊ ဘယ်လဲ**

ထိုအထဲတွင် မီဒီယာကဏ္ဍကို နိုင်ငံတော်အစိုးရ၏ကိုယ်စား တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပြန်ကြားရေး၏အခန်းကဏ္ဍကိုလည်း ဝေဖန်ပြောဆိုမှုများရှိနေရာ ပြည်သူ့ဘဏ္ဍာဖြင့် ဆောင်ရွက်နေရသည့် ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ဆောင်နေမှုများကို အကျဉ်းမျှ အသိပေးလိုပါသည်။

ပြန်ကြားရေး၏ အဓိကတာဝန်များမှာ ပြည်သူကိုသတင်းအချက်အလက်ပေးရန်၊ ဖျော်ဖြေပေးရန်၊ အသိပညာပေးကိစ္စရပ်များ ဆောင်ရွက်ပေးရန်တို့ဖြစ်ပါသည်။ အဆိုပါကိစ္စရပ်များကို နိုင်ငံတော်အစိုးရ၏ ခွင့်ပြုဘဏ္ဍာငွေဖြင့် တစ်နည်းအားဖြင့် ပြည်သူ့ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ လုပ်နိုင်သည်များရှိသလို မလုပ်နိုင်သည်များလည်းရှိ၊ အားရကျေနပ်ဖွယ် တိုးတက်မှုများရှိသလို ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည်များလည်းရှိ၊ ပြည်သူများ၏လိုလားချက်များကို ဖြည့်ဆည်းပေးရာတွင်လည်း အားသာချက်၊ အားနည်းချက်၊ လိုအပ်ချက်၊ လစ်ဟာချက်များလည်း ရှိနေသည်ကို ဝန်ခံရမည်သာဖြစ်ပြီး ပိုမိုပြည့်စုံသည်ထက် ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**ပြန်ကြားရေးကသုံးတဲ့ ဘတ်ဂျက်**

ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိကတာဝန်များကို ဆန်းစစ်ပါက စီးပွားရေးအကျိုးအမြတ် တစ်နည်းအားဖြင့် ငွေအမြတ်ရရှိအောင် ဆောင်ရွက်ရသည့် လုပ်ငန်းများမဟုတ်ဘဲ ပြည်သူကို ဝန်ဆောင်မှုပေးသည်များဖြစ်နေသည်ကို ပေါ်လွင်ထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပါသည်။

ဘတ်ဂျက်ဆိုသည်မှာလည်း ကိုယ်သုံးလိုသည့်ကိစ္စကို ကိုယ့်ဟာကိုယ်လျာထား၊ ငွေကြိုက်သလိုသတ်မှတ်၊ စိတ်ထင်သလိုသုံးစွဲရသည်မျိုးမဟုတ်သည်ကို အားလုံးသိရှိပြီးဖြစ်ပါသည်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအနေဖြင့် ဦးစွာဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လိုသည့် အမျိုးသားစီမံကိန်း၊ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်အဆိုပြုချက်၊ လျာထားငွေတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် စိစစ်ခြင်း၊ အစိုးရကဖွဲ့စည်းပေးထားသည့် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းစိစစ်ရေးအဖွဲ့အသီးသီးက စိစစ်ခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက စိစစ်ခြင်း၊ နိုင်ငံတော်သမ္မတဦးစီးသည့် ဘဏ္ဍာရေးကော်မရှင်က စိစစ်ခြင်း၊ လွှတ်တော်များတွင် စိစစ်ခြင်း စသည်ဖြင့် အဆင့်ဆင့်ပြုလုပ်ပြီးမှသာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ဆောင်ရွက်ရခြင်းမျိုးဖြစ်ပါသည်။

ယခုနှစ်တွင် တင်ပြထားဆဲဖြစ်သော ပြန်ကြားရေးဝန်ကြီးဌာန၏ လျာထားမှုနှင့်ပတ်သက်၍လည်း အသုံးစရိတ်ကို ယခင်နှစ်ကထက် ၆ဝ ရာခိုင်နှုန်းနီးပါး ပိုမိုတောင်းခံထားကြောင်းနှင့် လိုငွေကျပ် ၂၈ ဘီလီယံကျော်ရှိကြောင်း ဖော်ပြနေကြသည်များကို တွေ့ရှိရပါသည်။ သာမန်အားဖြင့် အမှတ်တမဲ့ကြည့်မည်ဆိုပါက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ယခင်ထက် အသုံးစရိတ်များ ပိုမိုများပြားစွာ တောင်းခံသည်ဟု ထင်မြင်သွားနိုင်ပါသည်။

ပြန်ကြားရေး၏ အသုံးစရိတ်သည် ယခင်နှစ်ကထက် ပိုသည်မှာအမှန်ပင်ဖြစ်ပါသည်။ သို့သော် ရငွေတွင်လည်း ယခင်နှစ်ကထက် ၈၅ ရာခိုင်နှုန်းခန့် ပိုမိုရရှိရန် လျာထားသည်ကို ချန်လှပ်ထား၍မရပါ။ ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်မည်ဆိုပါက အသုံးစရိတ်သည် ငွေကျပ် ၃၈ ဘီလီယံခန့် ပိုမိုနေပြီး ယင်းမှာ အဓိကအားဖြင့် ပြည်ပမှအကူအညီအထောက်အပံ့ရရှိသည့်ငွေကျပ် ၂ဝ ဘီလီယံခန့်ကို အရအသုံးစာရင်းတွင် **အသုံး**ဖော်ပြထားခြင်း၊ ပညာရေးဝန်ကြီးဌာန၏ ကျောင်းသုံးဖတ်စာအုပ်များ တိုးမြှင့်ရိုက်နှိပ်နိုင်ရေးအတွက် ကုန်ကြမ်းပစ္စည်းများဝယ်ယူရန် တိုးမြှင့်လျာထားခြင်း (ဘဏ္ဍာရေးနှစ်ကာလ သတ်မှတ်မှုပြောင်းသွားသော်လည်း ပညာသင်နှစ်ကာလ သတ်မှတ်ချက်မှာ ပြောင်းလဲသွားခြင်းမရှိသဖြင့် ကျောင်းသုံးဖတ်စာအုပ်ရိုက်နှိပ်နိုင်ရေး ကုန်ကြမ်းလျာထားရာတွင် ဆောင်ရွက်မည့်နှစ်အပြင် ယင်းနှစ်အတွင်း နောက်တစ်နှစ်အတွက် လုပ်ငန်းဆောင်ရွက်နိုင်မည့်ပမာဏကိုပါ ထည့်သွင်းလျာထားရခြင်းမျိုးဖြစ်ပါသည်)တို့ကြောင့် ဖြစ်ပါသည်။ အလားတူ ရငွေတွင်လည်း ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ငွေကျပ် ၃၇ ဘီလီယံခန့် ပိုမိုတိုးမြှင့်ရရှိရန် လျာထားနိုင်ခဲ့ပြီး ယင်းတို့မှာ ပြည်ပမှ အကူအညီအထောက်အပံ့ရရှိသည့်ငွေကျပ် ၂ဝ ဘီလီယံခန့်ကို အရအသုံးစာရင်းတွင် အရဖော်ပြထားခြင်း၊ ကျောင်းသုံးဖတ်စာအုပ် ရိုက်နှိပ်ခငွေများ ရရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း ဖော်ပြလိုပါသည်။

> တစ်ဖက်က ဒုက္ခရောက်နေသည်များကို ဖော်ပြရသလို တစ်ဖက်တွင်လည်း ကူညီမှုများ၊ ကယ်ဆယ်မှုများ၊ တစ်ပြိုင်တည်းမှာပင် သတိပြုလိုက်နာရမည့်အချက်များ၊ ထူးကဲမြစ်ရေသတင်း၊ ဆည်များ၏အခြေအနေ အပါအဝင် မိုးလေဝသ သတင်းများကိုလည်း ဖော်ပြပေးလျက်ရှိပါသည်။ သို့သော် နိုင်ငံပိုင်မီဒီယာဖြစ်၍ အချို့သော အချက်များ အတည်ပြုနိုင်မှသာ ထုတ်ပြန်ရသည်မျိုးရှိ

ထို့ကြောင့် လိုငွေမှာ ယခင်နှစ်က အမှန်လိုငွေကျပ် ၂၆ ဘီလီယံကျော်နှင့် ယခုနှစ်တွင် လျာထားချက်အရငွေကျပ် ၂၈ ဘီလီယံခန့် လိုငွေဖြစ်မည်ဟု ခန့်မှန်းထားကြောင်း တွေ့ရှိရမည်ဖြစ်ပြီး အမှန်သုံးစွဲမှုပေါ် မူတည်၍ အနည်းနှင့် အများဆိုသလို ကွာခြားသွားမည်ဖြစ်ပါသည်။

ဘတ်ဂျက်တွင် ရငွေနှင့် သုံးငွေဟူ၍ရှိပြီး ယင်းတို့နှစ်ခု၏ ခြားနားခြင်းအရ ရငွေသည် သုံးငွေထက်ပိုပါက ပိုငွေဖြစ်ပြီး သုံးငွေသည် ရငွေထက်ပိုနေပါက လိုငွေအဖြစ် စာရင်းပေါ်ပါသည်။ စီးပွားရေးအကျိုးအမြတ်ကို ဦးတည်၍ ဆောင်ရွက်သည့်အဖွဲ့အစည်းမဟုတ်ပါက အနည်းနှင့်အများဆိုသလို လိုငွေပြနေမည်သာဖြစ်ပါ၏။ ပြန်ကြားရေးလည်း ဤနည်းနှင်နှင်ဖြစ်ပါသည်။

**ပြန်ကြားရေး ဘယ်လောက်သုံးသလဲ**

ပြန်ကြားရေးဝန်ကြီးဌာန၏ သုံးစွဲမှုပမာဏကို ပိုမိုသိသာထင်ရှားစေရန် ဖော်ပြရသော် ယခင်နှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနတစ်ခုလုံး၏ အသုံးစရိတ်ပေါင်းငွေကျပ် ၇ဝ ဘီလီယံသည် ပြည်ထောင်စုရန်ပုံငွေတစ်ခုလုံး၏ သုံးစွဲခဲ့မှုပမာဏ ၂၀၅၀၀ ဘီလီယံကျော်နှင့် နှိုင်းယှဉ်ပါက **၀. ၃၃ ရာခိုင်နှုန်းခန့်သာ**ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှ မျှတနိုင်သည့် ဘဏ္ဍာငွေအရအသုံးပေါ်မူတည်၍ လိုအပ်သည့်ပမာဏကိုသာ တင်ပြတောင်းခံခြင်းဖြစ်ကြောင်းနှင့် လိုငွေပမာဏကိုလည်း အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်နေကြောင်းကို ဖော်ပြလိုရင်းဖြစ်ပါသည်။

**လတ်တလောရေဘေး ပြန်ကြားရေးဘာလုပ်နေသလဲ**

လတ်တလောရေဘေးကိစ္စတွင် ပြန်ကြားရေးအနေဖြင့် သတင်းထုတ်ပြန်မှုများ၊ အသိပညာပေးမှုများ၊ မိုးလေဝသဆိုင်ရာ အချက်အလက်များကို စဉ်ဆက်မပြတ်ဖော်ပြပေးလျက်ရှိပါသည်။ ဤနေရာတွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကမီဒီယာများအပြင် နည်းပညာပြောင်းလဲတိုးတက်လာသည်နှင့်အမျှ တွင်ကျယ်လာသည့် အွန်လိုင်းကိုအသုံးချပြီး ပြည်သူတစ်ဦးချင်းစီကလည်း သဘာဝဘေးခံစားနေရမှုအဖုံဖုံ၊ ကူညီကယ်ဆယ်မှုများ ပြုလုပ်ပေးနေမှုအစုံစုံတို့အား အချိန်မဆိုင်းဘဲ လွှင့်တင်ဖော်ပြနေမှုများကို အားရကျေနပ်ဖွယ်တွေ့ရှိရပါသည်။ ပြည်သူ့အရေး ကိုယ့်အရေး၊ ဒေသအရေး ကိုယ့်အရေး၊ တိုင်းပြည်အရေးကိုယ့်အရေးဟု အရေးတယူ တွေးပူတတ်ကြသည့် **မိသားစုစိတ်ဓာတ်**ကို အထူးမှတ်တမ်းတင် ဂုဏ်ပြုမိပါသည်။ တကယ်လည်း ကျွန်တော်တို့ မြန်မာလူမျိုးဆိုသည်က အရေးကြီးလျှင် သွေးစည်းကြသည်၊ အရေးကြုံလျှင် သွေးဆုံကြသည်၊ အရေးပေါ်တိုင်းတုံ့မဆိုင်းဘဲ ကူညီရိုင်းပင်းတတ်ကြသည့် မြင့်မြတ်သောနှလုံးသားပိုင်ရှင်များ ဖြစ်ကြပါသည်။

ထိုသို့ဖော်ပြနေမှုများတွင် ပြန်ကြားရေးကရော မထုတ်လွှင့်ဘူးလား၊ နိုင်ငံ့ဘဏ္ဍာငွေသုံးနေပြီးအချိန်နှင့်တစ်ပြေးညီ မဖော်ပြနိုင်ဘူးလား စသည်ဖြင့် အားမလိုအားမရဖြစ်နေကြသည်များလည်း ရှိပါသည်။ တကယ်တော့ ခေတ်စနစ်နှင့် ယနေ့လူနေမှုပုံစံများအရ ပြန်ကြားရေးက ဆောင်ရွက်နေမှုများကို အချို့က မှတ်မှတ်ထင်ထင် သတိမထားမိခြင်းဖြစ်မည်ဟု တွေးမိပါသည်။

**သုတ်သုတ်ခေတ်ကြီး**

**စားသုတ်သုတ်၊ လာသုတ်သုတ်၊ သွားသုတ်သုတ်** ခေတ်ကြီးမှာ လူအများစုက ရုပ်မြင်သံကြားကိုလည်းပုံမှန်မကြည့်နိုင်တော့ပါ၊ ရေဒီယိုကိုလည်း အသေအချာနားမထောင်နိုင်တော့ပါ၊ သတင်းစာများကိုလည်း အချိန်ပေးဖတ်နိုင်သူ ယခင်ကထက် နည်းပါးလာပြီဖြစ်ပါသည်။ အများစုက လက်ထဲ အလွယ်တကူရှိနေသည့် လက်ကိုင်ဖုန်းများမှတစ်ဆင့်သာ သတင်းများကို သိရှိရယူနေကြပါသည်။ ထိုသို့သောအခြေအနေတွင် ပြန်ကြားရေးအနေဖြင့် သမားရိုးကျမီဒီယာများတွင် ဖော်ပြနေမှုများသာမက အွန်လိုင်းမီဒီယာများဖြစ်သော ပြန်ကြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်၊ ဖေ့စ်ဘွတ်စာမျက်နှာများတွင် ဖြစ်ပျက်သမျှကို အတတ်နိုင်ဆုံး စောနိုင်သမျှစောစေရန် ကြိုးစားပြီး လွှင့်တင်ဖော်ပြပေးလျက်ရှိပါသည်။

တစ်ဖက်က ဒုက္ခရောက်နေသည်များကို ဖော်ပြရသလို တစ်ဖက်တွင်လည်း ကူညီမှုများ၊ ကယ်ဆယ်မှုများ၊ တစ်ပြိုင်တည်းမှာပင် သတိပြုလိုက်နာရမည့် အချက်များ၊ ထူးကဲမြစ်ရေသတင်း၊ ဆည်များ၏အခြေအနေအပါအဝင် မိုးလေဝသ သတင်းများကိုလည်း ဖော်ပြပေးလျက်ရှိပါသည်။ သို့သော် နိုင်ငံပိုင်မီဒီယာဖြစ်၍ အချို့သော အချက်များ အတည်ပြုနိုင်မှသာ ထုတ်ပြန်ရသည်မျိုးရှိသဖြင့် အနည်းနှင့်အများဆိုသလို နှောင့်နှေးကြန့်ကြာမှုမျိုးလည်း ရှိနေပါသည်။ သို့သော် မြေပြင်တွင် အမှန်တကယ်ဖြစ်နေပြီး အတည်ပြုချက်ရယူရန် မလိုသည့် ကိစ္စရပ်များကိုမူ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး ဖော်ပြပေးလျက်ရှိပါသည်။

လတ်တလော ဇွန် ၁ ရက်နေ့မှ ဇူလိုင် ၂၉ ရက်အထိ ပြန်ကြားရေးဝန်ကြီးဌာနမှ သဘာဝဘေးနှင့်ပတ်သက်သည့် ထုတ်လွှင့်ဖော်ပြမှုများကို ပြန်လည်ဆန်းစစ်ပါက မိုးလေဝသသတင်းများ၊ အသိပညာပေးမှုများ အပါအဝင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ဒေသများ၏ အခြေအနေများကို ပြန်ကြားရေးဝန်ကြီးဌာန၏ MOI Webportal Myanmar ဖေ့စ်ဘွတ်စာမျက်နှာ၊ Myanmar Digital News ၏ Application နှင့် ဖေ့စ်ဘွတ်စာမျက်နှာများတွင် သတင်း ၆၇ဝ ပုဒ်ခန့်ကို လည်းကောင်း၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုများတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာနှင့်ပတ်သက်၍ အသိပေးကြေညာမှု ၃၁၁ ကြိမ် အပါအဝင် သတင်းထုတ်ပြန်မှု ၅၈ဝ ခန့်ကိုလည်းကောင်း၊ နိုင်ငံပိုင်သတင်းစာများတွင်လည်း သတင်း ၂ဝ၃ ပုဒ် အပြင် အသိပေးနှိုးဆော်ချက်၊ ခေါင်းကြီး၊ ဆောင်းပါး၊ သတင်းဓာတ်ပုံများကိုလည်းကောင်း စဉ်ဆက်မပြတ် ဖော်ပြပေးခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ လက်ရှိတွင်လည်း ယင်းသတင်းများကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ဖော်ပြပေးလျက်ရှိပါသည်။

**ပြည်သူ့အတွက် မီဒီယာ**

ယနေ့ခေတ်လိုမီဒီယာအသစ်အဖြစ် အွန်လိုင်းမီဒီယာ တွင်ကျယ်လာသောကာလတွင် သမားရိုးကျမီဒီယာများဖြစ်သည့် ရုပ်သံ၊ ရေဒီယို၊ ပုံနှိပ်ကဏ္ဍများတွင်သာမက အွန်လိုင်းမီဒီယာများတွင် မီဒီယာကိုဆောင်ရွက်နေသူများသာမက ပြည်သူတစ်ဦးချင်းစီကပါ အကြောင်းအရာမျိုးစုံကို ချက်ချင်းဆိုသလို ထုတ်လွှင့်ဖော်ပြနိုင်မှုများကြောင့်လည်း သတင်းပျံ့နှံ့မှုများ လွယ်ကူလျင်မြန်လာကာ ပြည်သူများ၏ စိတ်ဝင်စားမှု၊ ဝေဖန်သုံးသပ်မှုနှင့် အကြံပြုမှု၊ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများ ပိုမိုဖြစ်ပေါ်လာကြောင်း တွေ့ရှိရပါသည်။ ယင်းသည်ပင်လျှင် အပေါင်းလက္ခဏာ၏ ကောင်းမြတ်သောဂုဏ်အင်္ဂါများဖြစ်ပါ၏။

နိုင်ငံပိုင်ပဲဖြစ်ဖြစ်၊ ပုဂ္ဂလိကပိုင်ပဲဆိုဆို မီဒီယာကို လုပ်ငန်းတစ်ခုအဖြစ် စနစ်တကျ ဆောင်ရွက်နေသူများအနေဖြင့် အဓိကတာဝန်ဖြစ်သော **သတင်းမှန်ပြန်ကြားပေးခြင်း**ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်သည်နှင့်အမျှ ပြည်သူများ၏ယုံကြည်အားကိုးမှု ပိုမိုရရှိလာမည်ဖြစ်ရာ ဆက်လက်ကြိုးစား လုပ်ဆောင်သွားရမည်သာ ဖြစ်ပါသည်။

ဩော်. . . မီဒီယာ၊ ဘတ်ဂျက်၊ ရေဘေးနှင့် ပြန်ကြားရေးတို့ကို ဆက်စပ်တွေးမိရင်း **ပြည်သူ့အတွက် မီဒီယာများ** ပိုမိုဖြစ်ထွန်း ပေါ်ပေါက်ပါစေကြောင်း ဆုတောင်းမျှော်လင့်မိပါတော့သည်။

**သတင်းအမှန်**
**သိစေရန်**
**ကြံဆောင် ကြိုးပမ်းပြု။**
**ပြည်သူ့အသံ**
**ကြားစေရန်**
**ရည်သန် လုံ့လပြု။**
**(၃)ရပ် မဏ္ဍိုင်**
**တည့်မတ်ခိုင်**
**တူပြိုင် ထောက်ကူပြု။**
**အမျိုးသားမာန်**
**နိုးကြားရန်**
**ထက်သန် စေ့ဆော်ပြု။**
**နိုင်ငံလူမျိုး**
**ဘုံအကျိုး**
**တိုးတက် ရှေ့ဆောင်ပြု။** ။

# နိုင်ငံနှင့် ပြည်သူ့အားမာန်

**အညတြ**

မြန်မာနိုင်ငံတစ်ဝန်းမှာ ရေဘေးဒုက္ခကြုံတွေ့နေရတဲ့ ပြည်သူတွေကို နေ့စဉ်မြင်တွေ့နေရပါတယ်။ ရေဘေးသင့်ပြည်သူတွေဟာ အစားပျက်၊ အသောက်ပျက်၊ အလုပ်ပျက်၊ အကိုင်ပျက်၊ အနေပျက်နဲ့ အတော့်ကို ဆင်းရဲဒုက္ခ ရောက်နေကြတာဖြစ်လို့ ကိုယ်ချင်းစာနာမိပါတယ်။

လက်ရှိကာလအထိ တစ်နိုင်ငံလုံးမှာ ရေဘေးသင့်ပြည်သူတွေ တစ်သိန်းနှစ်သောင်းကျော် ရှိလာတယ်။ သေဆုံးသူ ၁၂ ဦး၊ ပျောက်ဆုံးသူ သုံးဦးရှိတယ်လို့ ကြားသိရပါတယ်။ တစ်နိုင်ငံလုံးမှာ ရေဘေးသင့်မြို့နယ် ၂၅ မြို့နယ်ရှိပြီး ကယ်ဆယ်ရေးစခန်း ၃၂၆ ခု ဖွင့်လှစ်ကာ ကူညီကယ်ဆယ်စောင့်ရှောက်ပေးလျက်ရှိတာကို တွေ့ရပါတယ်။ ရေဘေးသင့်ပြည်သူတွေ တဖြည်းဖြည်း တိုးလာရတာကတော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံတဲ့ ကျေးလက်ဒေသက ပြည်သူတွေ ထပ်ရောက်လာလို့ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ရေကြီးရေလျှံမှုဟာ နှစ်စဉ်လိုလိုဖြစ်နေခဲ့ပါတယ်။ နှစ်နှစ် တစ်ကြိမ်၊ သုံးနှစ်တစ်ကြိမ် ကြီးကြီးမားမားဖြစ်ခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ လက်ရှိ ရေကြီးရေလျှံမှုဟာ ဆိုးဆိုးရွားရွားလို့တော့ ပြောလို့မရနိုင်သေးပါဘူး။ ၂၀၁၅ ခုနှစ်က ကြုံတွေ့ခဲ့တဲ့ ရေကြီးရေလျှံမှုဟာ အဆိုးရွားဆုံးဖြစ်ခဲ့ပါတယ်။ လူတစ်ရာကျော် သေဆုံးခဲ့ပြီး ရေကြီးရေလျှံမှု ပြင်းထန်လွန်းကာ ပျက်စီးဆုံးရှုံးမှု များပြားလွန်းတာကြောင့် အစိုးရက သဘာဝဘေးကျရောက်ရာ အရေးပေါ်ဒေသအဖြစ် ကြေညာရတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ ၂၀၁၆ ခုနှစ်မှာလည်း ရေကြီးရေလျှံမှု ဆိုးဆိုးရွားရွားဖြစ်ခဲ့ပါတယ်။ ပြည်သူလေးသိန်းခန့် ရေဘေးသင့်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာလည်း ရေဘေးအန္တရာယ်နဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ချင်းတွင်းနဲ့ ဧရာဝတီမြစ်ရေတက်ခဲ့တာကြောင့် မြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ ပြည်သူတွေ ရေဘေးသင့်ခဲ့ပါတယ်။ သီးနှံစိုက်ခင်းတွေ ပျက်စီးဆုံးရှုံးခဲ့ပါတယ်။

ယခုနှစ် ရေကြီးရေလျှံဖြစ်စဉ်ဟာ လက်ရှိအချိန်အထိ ကုန်လွန်ခဲ့တဲ့နှစ်တွေလောက် မဆိုးရွားသေးဘူးလို့ ဆိုနိုင်ပါတယ်။ ထူးခြားတာကတော့ အဓိကရေလျှံမှုဖြစ်ခဲ့တဲ့ သံလွင်၊ စစ်တောင်းမြစ်ပဲ ဖြစ်ပါတယ်။ သံလွင်မြစ်၊ စစ်တောင်းမြစ်ဟာ မူလကတည်းက ရေစီးသန်ပြီး ရေဖောက်နက်ပါတယ်။ ယခုဒီမြစ်တွေနဲ့ပတ်သက်ပြီး ရေကြီးရေလျှံဖြစ်လာတော့ အဓိကအကြောင်းဟာ မြစ်ကြောင်းတွေ တိမ်ကောသွားတာဖြစ်ပါတယ်။ ယနေ့အထိတော့ ဧရာဝတီမြစ်ကြီးကြောင့် ရေကြီးရေလျှံ မဖြစ်သေးပါဘူး။ ဒါကြောင့်လည်း မြစ်ဝကျွန်းပေါ်ဒေသဟာ ရေဘေးသင့်ဒေသမှာ မပါသေးဘူးလို့ဆိုရမှာ ဖြစ်ပါတယ်။

ဒီနှစ်မိုးရာသီ ရေကြီးရေလျှံဖြစ်စဉ်တွေဟာ မြန်မာနိုင်ငံတစ်နိုင်ငံတည်း ဖြစ်နေတာမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဂျပန်နိုင်ငံမှာလည်း ဆိုးဆိုးရွားရွားဖြစ်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှာ ရေကြီးရေလျှံဖြစ်တာကြောင့် လူရာနဲ့ချီ သေဆုံးခဲ့ပါတယ်။ ယခင်နှစ်တွေကဖြစ်ခဲ့တဲ့ ရေကြီးရေလျှံမှုဖြစ်စဉ်တွေ၊ အခြားနိုင်ငံတွေက ဖြစ်စဉ်တွေနဲ့နှိုင်းစာရင် ယခုမြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေတဲ့ ရေကြီးရေလျှံမှုဖြစ်စဉ်ဟာ သက်သာသေးတယ်လို့ ဖြေသိမ့်ရမှာ ဖြစ်ပါတယ်။ ရေကြီးရေလျှံမှုဖြစ်တာနဲ့ ကျွန်တော်တို့တွေ အပြစ်ဖို့ကြတာက သဘာဝပတ်ဝန်းကျင်နဲ့ သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးကြသူတွေပဲဖြစ်ပါတယ်။ သယံဇာတကျိန်စာလို့လည်း တချို့က ပြောကြပါတယ်။ တချို့ကလည်း ကယ်ဆယ်ရေး အပိုင်းမှာလိုတာ၊ ကူညီထောက်ပံ့ရေးအပိုင်းမှာ အားနည်းတာ အမျိုးမျိုးပြောဆို ဝေဖန်ကြပါတယ်။

သဘာဝဘေးဆိုတာ တားဆီးလို့ရတဲ့အရာ မဟုတ်ပါဘူး။ ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက် သင်္ခါရတရားနယ်ပယ်ထဲမှာရှိပါတယ်။ ဘယ်သူမပြု မိမိမှုဆိုသကဲ့သို့ မိမိတို့ပြုခဲ့ကြတာတွေကတစ်ဆင့် ပြန်လည်အကျိုးသက်ရောက်မှုလို့ဆိုရမှာ ဖြစ်ပါတယ်။ ဖြစ်လာတဲ့ ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းကြရမှာ ကိုယ်စီတာဝန်ပါပဲ။ ဘယ်သူ့ကြောင့်၊ ဘယ်ဝါ့ကြောင့် ပြောဆိုနေမယ့်အစား ကိုယ်နိုင်တဲ့ဘက်က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြတာ အကောင်းဆုံးဖြစ်ပါတယ်။ ဒုက္ခရောက်နေချိန်မှာ စိတ်ထားဖြူဖြူစင်စင်နဲ့ ဝိုင်းဝန်းကူညီကြတာ အမွန်မြတ်ဆုံး အလုပ်ပါပဲ။

လက်ရှိအချိန် ရေကြီးရေလျှံဘေးတွေ ဖြစ်ပွားစဉ်ကတည်းက သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ လူမှုရေးအသင်းအဖွဲ့တွေက ဖြစ်ပွားရာဒေသတွေမှာ တက်တက်ကြွကြွ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေကြတာ တွေ့ရပါတယ်။ ဘီးလင်းမြို့နယ် ရေကြီးရေလျှံမှုဖြစ်စဉ်မှာ ရေဘေးသင့်ပြည်သူတွေကို ကယ်ဆယ်တဲ့ တပ်မတော်သား သုံးဦးရေစီးထဲမျောပါပျောက်ဆုံးခဲ့ရတာဟာ စိတ်မကောင်းစရာဖြစ်ပါတယ်။ အခြားဌာနဆိုင်ရာနဲ့ အဖွဲ့အစည်းတွေဟာ ဒီကနေ့အထိ ကူညီကယ်ဆယ်ဆောင်ရွက်ပေးနေဆဲ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ကလည်း ရေဘေးသင့်ပြည်သူတွေကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေမှ အရေးပေါ်ထောက်ပံ့ငွေတွေ လွှဲပြောင်းပေးခဲ့ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း ရေဘေးသင့်ပြည်သူတွေ အတွက် လိုအပ်တဲ့ ထောက်ပံ့ရေးပစ္စည်းတွေနဲ့ အစားအသောက်တွေကို ထောက်ပံ့ပေးနေတာကို တွေ့ရပါတယ်။ ကုမ္ပဏီတွေ၊ လုပ်ငန်းအဖွဲ့အစည်းတွေနဲ့ စေတနာရှင်ပြည်သူတွေကလည်း သက်ဆိုင်ရာအဖွဲ့အစည်းတွေကတစ်ဆင့် အလှူငွေတွေ ထောက်ပံ့ကူညီပေးနေကြတာကိုလည်း ဝမ်းမြောက်ဖွယ် မြင်တွေ့ကြားသိရပါတယ်။

တကယ်တော့ သဘာဝဘေးအန္တရာယ်ဆိုတာ ကြီးကြီးမားမား ဆိုးဆိုးရွားရွား ကြုံတွေ့ခဲ့ရတဲ့ နာဂစ်မုန်တိုင်းဘေးအပါအဝင် ဘေးဒုက္ခမျိုးစုံကို ပြည်သူတွေ ရင်ကော့ခါးကော့ပြီး ခံစားလာခဲ့ကြတာ မဆန်းတော့သလိုတောင် ဖြစ်နေပါတယ်။ ပြည်သူတွေဟာ ရေဘေး၊ လေဘေး၊ မီးဘေး၊ ငလျင်ဘေး စတဲ့ သဘာဝဘေးမျိုးစုံကို မရိုးနိုင်အောင် ကြုံတွေ့ခဲ့ကြဖူးပြီး ဖြစ်ပါတယ်။ ငါးတကာယိုတဲ့ချေး ပုစွန်ဆိတ်ခေါင်းမှာ စုနေသလို မြန်မာနိုင်ငံအတွင်းမှာ တစ်နေ့တစ်မျိုး၊ တစ်နှစ်တစ်မျိုး မရိုးနိုင်အောင်ဖြစ်နေတဲ့ ပြဿနာအဖုံဖုံကို တစ်ထိုင်တည်း ရှင်းဖို့ဆိုတာ လွယ်ကူလှတဲ့အလုပ်မဟုတ်ပါဘူး။ သဘာဝဘေးပြဿနာဆိုတာ နှစ်ပေါင်းမြောက်မြားစွာက စုပုံလာတဲ့ ပြဿနာတွေပဲဖြစ်ပါတယ်။ ဒါတွေကို လက်ငင်းကြုံတွေ့နေရတဲ့ကာလမှာ အခက်အခဲတွေ၊ ဘေးဒုက္ခတွေ၊ ပြဿနာတွေကို စုပေါင်းစွမ်းအားနဲ့ ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းဆောင်ရွက်မှသာ တန်သင့်သလောက်၊ ပြေသင့်သလောက် ကျော်လွှားသွားနိုင်မှာ ဖြစ်ပါတယ်။

ဘေးဒုက္ခတစ်ခုရင်ဆိုင်ရတဲ့အခါမှာ ကိုယ်တိုင်ကြုံတွေ့ကြရသူတွေသာ လက်တွေ့ခံစား သိမြင်နိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေနဲ့နှိုင်းစာမယ်ဆိုရင် ဘေးဒုက္ခမကြုံသူအမြောက်အမြားဟာ အနေအစားချောင်ချောင်နဲ့ သက်သောင့်သက်သာ နေနေကြရသူတွေဖြစ်ပါတယ်။ ဘေးဒုက္ခကြုံတွေ့နေသူတွေကို အမှန်တကယ် ကူညီပေးစောင့်ရှောက်ပေးနေတဲ့သူတွေဟာ လူနည်းစုသာဖြစ်ပါတယ်။ ကိုယ့်ခွန်ကိုယ့်အားနဲ့ နိုင်သမျှအစွမ်းကုန်ကူညီပေးနေကြတာတွေကို ဝမ်းမြောက်ဝမ်းသာစွာ သာဓုခေါ်ဆိုပေးကြရမှာ ဖြစ်ပါတယ်။

> **တကယ်တော့ မမျှော်လင့်ဘဲ၊ မကျရောက်ချင်ဘဲ ကျရောက်လာတဲ့ သဘာဝဘေးကို ခါးစည်းရင်ဆိုင် တွန်းလှန်နေကြတဲ့ ကယ်ဆယ်စောင့်ရှောက် ထောက်ပံ့ကူညီပေးနေကြသူတွေ၊ ရင်ဆိုင်ကြုံတွေ့ခဲ့ကြရတဲ့ ရေဘေးသင့်ပြည်သူတွေနဲ့ ပြည်သူပြည်သားတွေရဲ့ အားမာန်တွေသာ အဖိုးတန်၊ တန်ဖိုးရှိ လေးစားဂုဏ်ပြု အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်**

တကယ်တော့ မမျှော်လင့်ဘဲ၊ မကျရောက်ချင်ဘဲ ကျရောက်လာတဲ့ သဘာဝဘေးကို ခါးစည်းရင်ဆိုင် တွန်းလှန်နေကြတဲ့ ကယ်ဆယ်စောင့်ရှောက် ထောက်ပံ့ကူညီပေးနေကြသူတွေ၊ ရင်ဆိုင်ကြုံတွေ့ခဲ့ကြရတဲ့ ရေဘေးသင့်ပြည်သူတွေနဲ့ ပြည်သူပြည်သားတွေရဲ့ အားမာန်တွေသာ အဖိုးတန်၊ တန်ဖိုးရှိ လေးစား ဂုဏ်ပြု အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ။

# ကမ္ဘာ့အသည်းရောင်အသားဝါနေ့အခမ်းအနား ကျင်းပ အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေး အခမဲ့ထိုးပေး

**ရန်ကုန် ဇူလိုင် ၃၁**

ဇူလိုင် ၂၈ ရက်တွင်ကျရောက်သည့် ကမ္ဘာ့အသည်းရောင်အသားဝါနေ့အထိမ်းအမှတ်ကိုရည်ရွယ်၍ မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်အူလမ်းကြောင်းနှင့် အသည်းဆေးပညာအဖွဲ့ကကြီးမှူးကာ ကမ္ဘာ့အသည်းရောင်အသားဝါနေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားလာပြည်သူများအတွက် အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးကို အခမဲ့ထိုးပေးခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ကမ္ဘာ့အသည်းရောင်အသားဝါနေ့ အထိမ်းအမှတ်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ "အသည်းရောင်ရောဂါကင်းဝေးရေး ဝိုင်းဝန်းရှာဖွေစစ်ဆေးပေး"ဟု ဆောင်ပုဒ်သတ်မှတ်ထားပြီး မြန်မာနိုင်ငံ၌ ယခုနှစ်ကျင်းပသည့် ကမ္ဘာ့အသည်းရောင်အသားဝါနေ့အခမ်းအနားကို ယခင်နှစ်များနှင့်မတူဘဲ ကျယ်ပြန့်စွာကျင်းပခဲ့ခြင်းဖြစ်သည်။ အသည်းရောင်အသားဝါရောဂါအား တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ပပျောက်အောင် ရည်မှန်းချက်ချမှတ်ထားကြောင်း၊ အသည်းရောင်အသားဝါရောဂါ၏ အဓိကဆိုးကျိုးမှာ အသည်းခြောက်နှင့် အသည်းကင်ဆာရောဂါဖြစ်ပြီး ရောဂါလက္ခဏာမပြဘဲ ရောဂါလက္ခဏာပြသသည့်အချိန်မှာ လွန်စွာနောက်ကျနေတတ်ကြောင်း၊ အာရှတိုက်တွင် လူဦးရေ ၁၂ ဦးအနက် တစ်ဦးမှာ ဘီပိုး၊ စီပိုး ရောဂါရှိပြီး ပြည်သူများအနေဖြင့် ရောဂါဝေဒနာမခံစားနိုင်ရန်အတွက် ကြိုတင်ကာကွယ်စစ်ဆေးခြင်းဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားသင့်ကာ ရောဂါရှိသူများအနေဖြင့်လည်း အချိန်မီကုသသင့်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်အူလမ်းကြောင်းနှင့် အသည်းဆေးပညာအဖွဲ့ဥက္ကဋ္ဌ



ပါမောက္ခဗိုလ်မှူးကြီး ကျော်စိုးထွန်းက ပြောကြားသည်။

ယနေ့ကျင်းပသည့် ကမ္ဘာ့အသည်းရောင်အသားဝါနေ့အခမ်းအနား၌ အရက်သောက်ခြင်းကြောင့်ဖြစ်သည့် ရောဂါများ၊ ဘီပိုး၊ စီပိုး၊ အသည်းခြောက်နှင့် အသည်းကင်ဆာရောဂါများအတွက် အသည်းနှင့်ပတ်သက်သည့် ဝန်ဆောင်မှုများကို အဖွဲ့ စုစုပေါင်း ၄၁ ဖွဲ့မှ ပြခန်းပေါင်း ၅၁ ခန်းဖြင့် ခင်းကျင်းပြသခဲ့ကြပြီး အခမ်းအနားလာပြည်သူများအတွက် ကျန်းမာရေးစစ်ဆေးမှုများနှင့် အသိပညာပေးခြင်း၊ ဓာတ်ခွဲခန်းများမှ ဘီပိုး၊ စီပိုးရောဂါနှင့်စပ်လျဉ်း၍ စစ်ဆေးပေးမှုများ ဝန်ဆောင်ပေးခြင်း၊ နိုင်ငံခြားမှီခိုမှုကင်းအောင် ဝန်ဆောင်မှုပေးမည့် ပြည်တွင်းရှိ ဆေးရုံများနှင့် ဝန်ဆောင်မှုကောင်းစွာပေးနိုင်မည့် ပြည်ပရှိ ဆေးရုံများမှလည်း အသည်းကင်ဆာရောဂါအတွက် အသည်းလဲလှယ်ခြင်းနှင့် ဓာတ်ရောင်ခြည်ဖြင့် ကုသနည်းဝန်ဆောင်မှုများကို ပြည်သူများအတွက် ရှင်းလင်းပြသခဲ့ကြသည်။

မိသားစုအလိုက်ပြပွဲသို့လာရောက်ကြသော တောင်ဥက္ကလာပမြို့နယ်နေ ဦးမျိုးမြင့်အောင်က "ဒီအခမ်းအနားကို သတင်းစာနဲ့ တီဗွီသတင်းကနေ တွေ့လို့ မိသားစု ငါးဦးစလုံးလာကြတာပါ။ အဓိကတော့ ကျန်းမာရေးစစ်ဆေးမှု ခံယူဖို့လာတာပါ။ အသည်းရောင်အသားဝါရောဂါဆိုတာကလည်း တစ်ကမ္ဘာလုံးမှာ လူတိုင်းနီးပါးဖြစ်နေကြတာပါ။ ကျန်းမာရေးအသိပညာအရ ကျွန်တော်တို့မိသားစုအတွက် ဗဟုသုတထပ်တိုးပွားစေဖို့ လာရောက်လေ့လာခြင်းလည်း ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဘီပိုးကာကွယ်ဆေးကို အပြင်မှာ အရင်ကတည်းက ထိုးပြီးသားပါ။ ဒါပေမယ့် ဒီမှာ စစ်ဆေးမှုပြုလုပ်လို့ လိုအပ်ရင် ဆေးထပ်ထိုးမှာပါ။ ကျွန်တော်တို့ကလေးဘဝကဆိုရင် ဒီလိုဆေးမျိုးတွေကို ပိုက်ဆံနဲ့အချိန်ပေးပြီး ထိုးရတာပါ။ ခုလိုမျိုး လွယ်လင့်တကူ မရရှိခဲ့ပါဘူး။ ဒီလိုမျိုးပွဲကို လုပ်ပေးတဲ့အတွက် အဖွဲ့က ဆရာဝန်ကြီးတွေအပါအဝင် ခင်းကျင်းပြသတဲ့ ဆေးဝါးကုမ္ပဏီကို ကျေးဇူးတင်ပါတယ်။ နောက်လည်း ဒီလိုပွဲမျိုးများများလုပ်ပေးစေချင်ပါတယ်"ဟု ပီတိစကားဆိုသည်။

ယနေ့ကျင်းပသည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့အသည်းရောင်အသားဝါနေ့ အခမ်းအနား၌ မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်အူလမ်းကြောင်းနှင့် အသည်းဆေးပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဗိုလ်မှူးကြီး ကျော်စိုးထွန်းအပါအဝင် အသည်းဌာနမှ ပါမောက္ခ/ဌာနမှူးများ၊ ဆရာဝန်ကြီးများက အသည်းရောဂါနှင့် ပတ်သက်သည့်အကြောင်းအရာများကို ပြည်သူများအတွက် ပညာပေးဟောပြောပေးခဲ့ကြောင်း သိရသည်။ တက်ရောက်လာသူ ၁၅၀၀ အတွက် ဘီပိုး၊ စီပိုးရောဂါ အခမဲ့စစ်ဆေးပေးခြင်းနှင့် လူဦးရေ ၁၀၀၀ အတွက် အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးကို အခမဲ့ထိုးပေးခဲ့ကာ ဆေးကုမ္ပဏီများမှ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးများအား အထူးလျှော့ဈေးနှုန်းဖြင့် ခင်းကျင်းပြသရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-ဟိန်းထက်လင်း**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၁**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ပတ်ဝန်းကျင်၌ ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ခုံရုံးအဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**စိုက်ပျိုးပေး**

ရှေးဦးစွာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ခုံရုံးအဖွဲ့ဝင်များက ရတနာတန်းဝင် ကျွန်းပင်များကို သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးခဲ့ကြသည်။**(ယာပုံ)**

**လှည့်လည်ကြည့်ရှု**

ထို့နောက် အရာထမ်း၊ အမှုထမ်းများက ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ ခရေ၊ ကံ့ကော်၊ စိန်ပန်း၊ ချယ်ရီပင်များကို စုပေါင်းစိုက်ပျိုးကြရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ ခရေ၊ ကံ့ကော်၊ စိန်ပန်း၊ ချယ်ရီ စသည့်အပင်ပေါင်း ၅၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H. E. Mr. Nicholas Coppel အား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် ဩစတြေးလျနိုင်ငံမှ မြန်မာနိုင်ငံအတွက် ပညာသင်ဆုပေးနေသည့် အစီအစဉ်များနှင့် အဆိုပါ အစီအစဉ်များအား ပြည်သူများ ပိုမိုသိရှိနိုင်ရေးအတွက် Information Program ဆောင်ရွက်မည့် အခြေအနေများ၊ ဒီမိုကရေစီစနစ်တွင် မီဒီယာလွတ်လပ်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စာနယ်ဇင်းသမားများ၏ လုံခြုံရေး(Safety of Journalists) အရေးကြီးမှု၊ လူမှုမီဒီယာများတွင် အမုန်းစကားများ ရေးသားဖြန့်ဝေပြောဆိုနေမှုများအပါအဝင် ပုံနှိပ်နှင့် ရုပ်သံလွှင့်မီဒီယာဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ လယ်ဝေးမြို့နယ်အတွင်း ရေကြီးမှုကြောင့် ပျက်စီးမှုများအား ကြည့်ရှုစစ်ဆေး

**လယ်ဝေး ဇူလိုင် ၃၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးအေးမောင်စိန်နှင့် နေပြည်တော်လမ်းတံတားဦးစီးဌာန၊ မီးသတ်၊ လမ်းတံတားအထူးအဖွဲ့(၆)၊ မြစ်ချောင်းများဖွံ့ဖြိုးရေး ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် လယ်ဝေးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ကာ မျောပါပျက်စီးသွားသည့်တံတားများအား ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် သပြေကုန်းကျေးရွာအုပ်စု ပြောင်ခေါင်းလေး-ပန်းတင် ကျေးရွာချင်းဆက် လူကူးသစ်သားတံတားနှင့် ရေနီလေး-ဘို့ကိုးလုံး သစ်သားတံတားတို့ ရေနောက်မျောပါ ပျက်စီးမှုအခြေအနေကိုလည်းကောင်း၊ အေးချမ်းသာအုပ်စုတွင် စစ်တောင်းမြစ်ရေမြင့်တက်သဖြင့် ကမ်းပါးပြိုကျမှုများကြောင့် နေအိမ်ရွှေ့ပြောင်းထားရမှု၊ ရုံးပင်ချောင်း ရေတိုက်စားမှု အခြေအနေများကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ရေထိန်းနည်းစနစ်ဆောင်ရွက်မည့်အခြေအနေများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





# မြန်မာ့တောဆင်ရိုင်းများ ထိန်းသိမ်းရေးလုပ်ငန်း စွမ်းဆောင်ရည်မြင့်မားသူများအား ဂုဏ်ပြုချီးမြှင့်

**ငပုတော ဇူလိုင် ၃၁**

တောဆင်ရိုင်းများထိန်းသိမ်းရေးလုပ်ငန်း စွမ်းဆောင်ရည်မြင့်မားသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ငပုတောမြို့ သီရိဇေယျာ မိုးလုံလေလုံ အားကစားခန်းမ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးဝင်းက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် တောဆင်ရိုင်းများ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောက်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည့်ဖြိုးအောင်နှင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး ရန်ပုံငွေအဖွဲ့နှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး မိတ်ဆွေများအသင်းတို့၏ ကိုယ်စား ဦးမြင့်အောင်က ဂုဏ်ပြုမှတ်တမ်းတင်စကားများ ပြောကြားခဲ့သည်။

ထို့နောက် တောဆင်ရိုင်းများ ထိန်းသိမ်းရေးလုပ်ငန်းတွင် ကူညီဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ထွန်းထွန်း(ငပုတော)**

# မှော်ဘီမြို့၌ စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မှော်ဘီ ဇူလိုင် ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်တို့သည် မှော်ဘီမြို့နယ် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်ရှိ ညောင်နှစ်ပင်စိုက်ကွင်းသို့ ယနေ့နံနက်ပိုင်းက ရောက်ရှိ၍ စိုက်ပျိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP)တွင်ပါဝင်သည့် ကဏ္ဍများကို အလေးထားဆောင်ရွက်ကြရန်နှင့် ထုတ်လုပ်မှုတိုင်းတွင် Food Safety ဖြစ်ရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် စိမ်းလန်းသမဝါယမအသင်း၏ ပူးပေါင်းဆောင်ရွက်သည့် ဓာတုကင်းလွတ်ဇေ ၁၀၀ စိုက်ခင်းအတွင်း စိုက်ပျိုးသည့် ဟင်းသီးဟင်းရွက်များကို ကြည့်ရှု၍ ဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချရာတွင် ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ တိုက်ကြီးမြို့နယ် ကျိုက်စကိုင်းကျေးရွာ တစ်မြို့တစ်ရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာသို့ သွားရောက်ခဲ့ပြီး ပညာပေးစမ်းသပ် စံပြကွက်စိုက်ပျိုးနေမှုကို ကြည့်ရှု၍ တောင်သူများ ရွေးချယ်စိုက်ပျိုးနိုင်သည့်စနစ်များမှ ကုန်ကျစရိတ်သက်သာပြီး အကျိုးရှိမည့်စနစ်နှင့် ထိရောက်သော မြေဩဇာကျွေးမှုစနစ်များကို ပညာပေးဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၃၁**

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ဦးဆောင်သောဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး၊ ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌများ စုစုပေါင်း ၄၆ ဦးတက်ရောက်ခဲ့ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အဖွင့်အမှာစကား ပြောကြားပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇူလိုင် ၃၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ဖင်လန်နိုင်ငံ စီးပွားရေးရာနှင့် အလုပ်အကိုင်ရေးရာ ဝန်ကြီးဌာနတို့အကြား စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက် ညနေ ၄ နာရီတွင် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နားလည်မှု စာချွန်လွှာအား ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ဖင်လန်နိုင်ငံ စီးပွားရေးရာနှင့် အလုပ်အကိုင်ရေးရာ ဝန်ကြီးဌာန ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီး H.E. Ms. Riikka Laatu တို့က လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။




အဆိုပါ နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာနိုင်ငံနှင့် ဖင်လန်နိုင်ငံတို့အကြား ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နှင့် သန့်စင်သော စွမ်းအင်အရင်းအမြစ်များကို အသုံးချ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စွမ်းအင်ကို အကျိုးရှိစွာ အသုံးချနိုင်ရေး နယ်ပယ်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန်ရည်ရွယ်၍ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၂/၂၀၁၈
၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်အရ ဦးကျော်ကျော်မောင်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်း ကုလသမဂ္ဂရုံး ညွှန်ကြားရေးမှူးချုပ်ထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၁**

ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းသည် ၎င်း၏ခန့်အပ်လွှာကို ဇူလိုင် ၂၆ ရက်တွင် ဂျီနီဗာမြို့၌ ကုလသမဂ္ဂရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာ မိုက်ကယ်မိုလာထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

**သတင်းစဉ်**

## သံအမတ်ကြီး ဦးမြင့်ဆွေ ဂါနာသမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၁**

ဂါနာသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေသည် ၎င်း၏ ခန့်အပ်လွှာကို ဇူလိုင် ၁၇ ရက်တွင် အက်ကရာမြို့၌ ဂါနာသမ္မတနိုင်ငံ သမ္မတ မစ္စတာ နန အဒို ဒန်ဝါ အကူဖို အဒိုထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

**သတင်းစဉ်**

# အခွင့်အလမ်းနည်းပါးသော လူငယ်များ၏ ဘဝမြှင့်တင်ရေးစီမံကိန်း မိတ်ဆက်

**ရန်ကုန် ဇူလိုင် ၃၁**

မြန်မာဝိုင်အမ်စီအေအဖွဲ့၏ ဦးဆောင်မှုဖြင့် မအူပင်မြို့၊ မုံရွာမြို့၊ လားရှိုးမြို့နှင့် တောင်ကြီးမြို့တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် အခွင့်အလမ်းနည်းပါးသော လူငယ်များ၏ဘဝမြှင့်တင်ရေးစီမံကိန်း မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ မြန်မာဝိုင်အမ်စီအေတွင် ပြုလုပ်သည်။




အဆိုပါစီမံကိန်းကို ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၂၁ ခုနှစ် မတ်လအထိ သုံးနှစ်တာပြုလုပ်သွားမည်ဖြစ်ပြီး UK aid က ပံ့ပိုးထားခြင်းဖြစ်ကာ မြို့တစ်မြို့လျှင် အသက်(၁၅)နှစ်မှ (၃၅)နှစ်ကြားရှိ လူငယ် အမျိုးသား ၃၀ ရာခိုင်နှုန်း၊ အမျိုးသမီး ၇၀ ရာခိုင်နှုန်းတို့ ပါဝင်နိုင်မည်ဖြစ်ကာ မသန်စွမ်း ၄၀ တို့လည်း ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းတွင် အခြေခံစာရေးစာဖတ် မတတ်သူများအတွက် အခြေခံစာရေးစာဖတ်သင်တန်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ စီးပွားရေးစီမံခန့်ခွဲမှုသင်တန်းများ၊ ဘဝတွက်တာကျွမ်းကျင်စရာ သင်တန်းများ၊ နိုင်ငံသားပညာရေးသင်တန်းများ စသည်တို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို အကြောင်းအမျိုးမျိုးကြောင့် အသက်မွေးအတတ်ပညာသင်ယူရန် အခက်အခဲဖြစ်နေသော လူငယ်များ၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး ဝင်ငွေနည်းပါးသောလူငယ်များနှင့် ခွဲခြားဆက်ဆံခံရပြီး အခွင့်အလမ်းနည်းပါးသောလူငယ်များ၊ အသိပညာ၊ အတတ်ပညာနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိလာနိုင်စေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း။

လူမျိုး၊ ဘာသာမရွေး လူငယ်များ၊ နေ့စားအလုပ်သမားများ၊ အလုပ်လက်မဲ့များ၊ မသန်စွမ်းသူ၊ အတန်းပညာမရှိသူနှင့် အခြေခံပညာ အထက်တန်းနှင့် ကျောင်းထွက်ခဲ့ရသူများ၊ တစ်ရက်ဝင်ငွေကျပ် ၃၅၀၀ ရရှိသူများ၊ အလုပ်လက်မဲ့နှင့် ပုံမှန်ဝင်ငွေမရှိသူများ၊ အဖွဲ့အစည်းတစ်ခုခုမှ အထောက်အပံ့ ရရှိမထားသူများ၊ စီမံကိန်းလုပ်ဆောင်မည့်ဒေသတွင် နေထိုင်သူဖြစ်ရန်နှင့် စီမံကိန်းမှပြုလုပ်သော အစီအစဉ်များတွင် ပါဝင်နိုင်သူများ လျှောက်ထားနိုင်ကြောင်း အဆိုပါ မိတ်ဆက်ပွဲအခမ်းအနားမှ သိရသည်။

**သတင်း-ရာမည၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## မြန်မာ ယူ-၁၆ အသင်း ရှုံးပွဲကြုံတွေ့

**ရန်ကုန် ဇူလိုင် ၃၁**

၂၀၁၈ အာဆီယံယူ-၁၆ ပြိုင်ပွဲ အုပ်စု (က) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့ပြီး အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားအသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

မြန်မာယူ-၁၆ အသင်းသည် အိမ်ရှင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာယူ-၁၆ အသင်းသည် ပထမပိုင်းတွင် နှစ်ဂိုးထိ ပေးခဲ့ရပြီး ဒုတိယပိုင်းတွင် တစ်ဂိုးသာပြန်သွင်းနိုင်၍ ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာယူ-၁၆ အသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရေး မျှော်လင့်ချက်အတွက် လက်ကျန်သုံးပွဲတွင် ရလဒ်ကောင်းရန် လိုအပ်နေသည်။ အိမ်ရှင် အင်ဒိုနီးရှားအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းတွင် အယ်ဖီခါရီက နှစ်ဂိုးသွင်းယူခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၇၄ မိနစ်တွင် ဇော်ဝင်းသိန်းက သွင်းယူခဲ့သည်။ အုပ်စု (က) အခြားပွဲတွင် ဗီယက်နမ်အသင်းက တီမောအသင်းကို လေးဂိုး-ဂိုးမရှိ၊ ကမ္ဘောဒီးယားအသင်းက ဖိလစ်ပိုင်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယနေ့ပွဲအပြီးတွင် အုပ်စု (က)၌ ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းက နှစ်ပွဲနိုင်၊ ခြောက်မှတ်စီ၊ မြန်မာနှင့် ကမ္ဘောဒီးယားအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်စီ၊ ဖိလစ်ပိုင်နှင့် တီမောအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် ဩဂုတ် ၂ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# အီရန်ခေါင်းဆောင်များနှင့် အချိန်မရွေး လွတ်လပ်စွာ ဆွေးနွေးလိုကြောင်း သမ္မတထရန့်ကမ်းလှမ်း

ဝါရှင်တန် ဇူလိုင် ၃၁

**မိမိသည် ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ မထားရှိဘဲ အီရန်ခေါင်းဆောင်များနှင့် အချိန်မရွေး တွေ့ဆုံ ဆွေးနွေးရန်လိုလားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဇူလိုင် ၃၀ ရက်တွင် ပြောကြားလိုက်သည်။ အမေရိကန်နှင့် အီရန်ခေါင်းဆောင်များအကြား အပြန်အလှန်ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့ကြပြီးနောက် ရက်သတ္တ တစ်ပတ်အကြာတွင် သမ္မတ ထရန့်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။**

အကယ်၍ အီရန်ခေါင်းဆောင်များက မိမိအား တွေ့ဆုံလိုပါက ၎င်းတို့နှင့် မိမိတွေ့ဆုံမည်ဖြစ်ကြောင်း သမ္မတ ထရန့်က အီတလီဝန်ကြီးချုပ် ဂူစီပေးကွန်တေးနှင့်အတူ အိမ်ဖြူတော်၌ ပြုလုပ်သော ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကြိုတင်စည်းကမ်းကန့်သတ်ချက်များ မထားရှိဘဲ အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီနှင့် မိမိတွေ့ဆုံဆွေးနွေးနိုင်ကြောင်း၊ ယင်းသို့ဆွေးနွေးခြင်းဖြင့် မိမိ၏နိုင်ငံလည်းအကျိုးရှိ၊ ၎င်းတို့၏ နိုင်ငံလည်း အကျိုးရှိမည်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ကမ္ဘာကြီး ငြိမ်းချမ်းမှုအတွက်လည်း အကျိုးပြုမည်ဖြစ်ကြောင်း သမ္မတထရန့်က ပြောကြားသည်။

အီရန်သမ္မတရိုဟာနီသည် လွန်ခဲ့သည့်ရက်သတ္တပတ်က အမေရိကန်ပြည်ထောင်စုအား ရန်စလှုံ့ဆော်မှုသဘောပါဝင်သော သတိပေးစကားကို မြွက်ကြားခဲ့သည်။ အမေရိကန် ပြည်ထောင်စုသည် ခြင်္သေ့အမြီးနှင့်အတူ ဆော့ကစားခြင်း မပြုသင့်ကြောင်း၊ အမေရိကန်သည် အီရန်နှင့် တစ်စုံတစ်ရာပဋိပက္ခဖြစ်ပွားလာမည်ဆိုပါက ယင်းပဋိပက္ခသည် စစ်ပွဲအားလုံး၏ မိခင်စစ်ပွဲအဖြစ်သို့ ရောက်ရှိသွားလိမ့်မည်ဖြစ်ကြောင်း သမ္မတရိုဟာနီက ပြောကြားခဲ့သည်ဆို၏။

အီရန်နိုင်ငံ၏အဏုမြူဗုံးသုတေသနထုတ်လုပ်မှုအစီအစဉ် အဆုံးသတ်စေရေးအတွက် ၂၀၁၅ ခုနှစ်တွင် ရရှိခဲ့သော သဘောတူညီချက်မှ အမေရိကန်နုတ်ထွက်ခဲ့ရခြင်းသည် သဘောတူညီချက်တွင် အပြစ်အနာအဆာ ချွတ်ယွင်းချက်များပါရှိနေခြင်းကြောင့်ဖြစ်ကြောင်း သမ္မတ ထရန့်က ပြောကြားသည်။

**အေအက်ဖ်ပီ**



## တောင်တက်သမား ၅၀၀ ကျော်ကို အင်ဒိုနီးရှားရှိ မီးတောင်ပေါ်မှ ဘေးကင်းရာသို့ ရွှေ့ပြောင်း



မာတာရမ် ဇူလိုင် ၃၁

**အင်ဒိုနီးရှားနိုင်ငံတွင် လူအသေအပျောက် ရှိခဲ့သည့် မြေငလျင်လှုပ်မှုအပြီး မြေပြိုမှုများ ဆက်လက်ဖြစ်ပွားခဲ့ရာ မီးတောင်တစ်လုံးပေါ်တွင် ပိတ်မိနေသည့် ခြေလျင်တောင်တက် သမားများနှင့် ၎င်းတို့၏ လမ်းပြများဖြစ်သည့် လူပေါင်း ၅၀၀ ကျော်ကို ဘေးကင်းရာသို့ အောင်မြင်စွာ ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၃၁ ရက်တွင် ပြောကြားသည်။**

ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက ပြင်းအား ၆ ဒသမ ၄ ရှိ မြေငလျင်လှုပ်မှုဖြစ်ပွားခဲ့ပြီး နောက်ဆက်တွဲ မြေငလျင် အကြိမ်များစွာလှုပ်ခဲ့မှုကြောင့် ရင်ဂျာနီ မီးတောင်၏ လမ်းကြောင်း များတစ်လျှောက် တန်ချိန်ပေါင်းများစွာ အလေးချိန်ရှိ ကျောက်တုံးကျောက်ခဲများနှင့် ရွှံ့ညွန်များ ပိတ်ဆို့သွားခဲ့ရသည်။

အမေရိကန်၊ ပြင်သစ်၊ နယ်သာလန်၊ ထိုင်းနှင့် ဂျာမနီနိုင်ငံများ အပါအဝင် နိုင်ငံများစွာမှ ခြေလျင်တောင်တက်ခရီးကြမ်းနှင်သူ ဦးရေ ၅၆၀ ခန့်သည် တောင်ပေါ်တွင် ပိတ်မိနေခဲ့ကြောင်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တောင်တက်သမား ၅၄၃ ဦးကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ၎င်းတို့သည် ယမန်နေ့ညက တောင်ခြေသို့ပြန်လည်ရောက်ရှိလာခဲ့ကြောင်း အမျိုးသားသဘာဝဘေး ဆိုင်ရာ အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပို ပါမိုနူဂရိုဟိုက အေအက်ဖ်ပီသို့ ပြောကြားသည်။ ယင်းတို့အနက် ခြောက်ဦးမှာ ထွက်ခွာသွားပြီဖြစ်ပြီး တောင်တက်သမားအားလုံး ကျန်းမာစွာနှင့် ဘေးကင်းစွာရှိနေကြကြောင်း ၎င်းကပြောကြားသည်။

လမ်းပြသူများက အခြားတောင်တက်လမ်းတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ဇူလိုင် ၃၀ ရက်တွင် တောင်အောက်သို့ တောင်တက်သမားများ စတင် ဆင်းသက်နိုင်ခဲ့ကြောင်း၊ အဆိုပါ လမ်းကြောင်းမှာ မြေပြိုမှုဘေးမှ ကင်းလွတ်သည့် လမ်းကြောင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

တောင်တက်သမားအများစုသည် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် တောင်ခြေ အခြေ စိုက်စခန်းသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း မာထရမ် ကယ်ဆယ်ရေးနှင့် ရှာဖွေရေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**အေအက်ဖ်ပီ**

## ဂျလာလာဘတ်မြို့ရှိ အာဖဂန်အစိုးရအဆောက်အအုံကို သေနတ်သမားများ စီးနင်းတိုက်ခိုက်

**ဂျလာလာဘတ် ဇူလိုင် ၃၁**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းရှိ ဂျလာလာဘတ်မြို့မှ အစိုးရအဆောက်အအုံတစ်လုံးတွင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် တိုက်ခိုက်မှု များ ဆက်လက်ဖြစ်ပွားခဲ့ကြောင်း အာဖဂန်အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သေနတ်သမားများသည် အဆိုပါမြို့ရှိ ဒုက္ခသည်များအရေးနှင့် နေရင်းဒေသသို့ ပြန်လည်ပို့ဆောင်ရေးဌာန အဆောက်အအုံတည်ရှိရာ ခြံဝင်းအတွင်းသို့ ဝင်ရောက်ခြင်းမရှိမီ ပေါက်ကွဲသံနှစ်ကြိမ်ထက်မနည်း ကြားကြရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ပြောရေးဆို ခွင့်ရှိသူ အာတူလာခေါင်ယာနီက ပြောကြားသည်။

အဆိုပါအဆောက်အအုံ၏အနီးဝန်းကျင်တွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ရုံးအချို့လည်းတည်ရှိသည်။ တိုက်ခိုက်မှု မဖြစ်ပွားမီတွင် အဆိုပါအဆောက်အအုံအတွင်း နိုင်ငံရပ်ခြားအလှူရှင်များ၏ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ အစည်း အဝေးပြုလုပ်လျက်ရှိနေခဲ့ကြောင်း ခေါင်ယာနီက ဆက်လက်ပြောကြားသည်။

အဆောက်အအုံတွင်းရှိ ဝန်ထမ်းအများအပြားကို ကယ်ဆယ်ပေးနိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသော်လည်း အဆောက်အအုံအတွင်း၌ လူဦးရေ မည်မျှရှိနေသည်ကို မသိရှိရသေးပေ။



ဒုက္ခသည်များအရေးနှင့် နေရင်းဒေသသို့ ပြန်လည်ပို့ဆောင်ရေးဌာန၏ ဂိတ်တံခါးဝတွင် အနက်ရောင်ကိုရိုလာ ကားတစ်စီးပေါ်မှ လက်နက်ကိုင် သုံးဦး ချပေးသည်ကို မိမိတွေ့မြင်ခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားသည်။

၎င်းတို့ထဲမှ တစ်ဦးက ခြံတံခါးဝတွင် ၎င်းကိုယ်တိုင် ဖောက်ခွဲလိုက်ပြီး အခြားနှစ်ဦးမှာ အဆောက်အအုံအတွင်းသို့ ဝင်ရောက်သွားခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အဆိုပါနေရာသို့ အုပ်စုလိုက်ဝင်ရောက်သွားခဲ့ကြပြီး သေနတ်ပစ်ခတ်သံများကြားရကြောင်း အေအက်ဖ်ပီ သတင်းထောက်တစ်ဦးက သတင်းပေးပို့သည်။

**အေအက်ဖ်ပီ**

## ပဟေဠိဆန်သည့် မလေးရှားလေယာဉ်ပျောက်ဆုံးမှု အစိုးရအစီရင်ခံစာ ထုတ်ပြန်ပြီ

**ကွာလာလမ်ပူ ဇူလိုင် ၃၁**

မလေးရှားလေကြောင်းမှ ခရီးစဉ်အမှတ် အမ်အိပ်ချ်-၃၇၀ ကို ပျံသန်းခဲ့သော ခရီးသည်တင် လေယာဉ်တစ်စင်း ထူးထူးဆန်းဆန်း ပျောက်ဆုံးခဲ့ပုံနှင့်ပတ်သက်၍ အစိုးရ၏အစီရင်ခံစာတွင် လေယာဉ်စုံစမ်းစစ်ဆေးရေးမှူးများက နောက်ခံအကြောင်းတရားများကို ဖော်ထုတ်ပေးနိုင်မည်ဟု ကျန်ရစ်သူမိသားစုများက မျှော်လင့်လျက်ရှိကြကြောင်း အေအက်ဖ်ပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါ အစီရင်ခံစာကို ဇူလိုင် ၃၁ ရက် မွန်းလွဲပိုင်းတွင် အများပြည်သူသိရှိနိုင်စေရန် ထုတ်ပြန်ပေးခြင်းမရှိမီ ကျန်ရစ်သူ မိသားစုများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရန် စီစဉ်ထားသည်။

မလေးရှားလေကြောင်းဌာနမှ ခရီးသည်တင် ဂျက်လေယာဉ် တစ်စင်းသည် ၂၀၁၄ ခုနှစ် မတ်လက ခရီးစဉ်ပျံသန်းလာစဉ် ထူးထူးဆန်းဆန်း ပျောက်ဆုံးသွားခဲ့သည်။ ကမ္ဘာပေါ်တွင် ပဟေဠိအဆန်းဆုံး လေယာဉ်ပျောက်ဆုံးမှုအဖြစ် ပြောစမှတ်ပြုကြသည်။ မလေးရှားနိုင်ငံမြို့တော် ကွာလာလမ်ပူမှ တရုတ်နိုင်ငံ ပေကျင်းသို့ပျံသန်းသော အဆိုပါလေယာဉ်ပေါ်တွင် တရုတ်လူမျိုး အများပါဝင်ကာ လူပေါင်း ၂၃၉ ဦး လိုက်ပါလာခဲ့သည်။

**အေအက်ဖ်ပီ**

# ရီးယဲလ်မက်ဒရစ်ရဲ့ လစ်လပ်သွားတဲ့ တိုက်စစ်နေရာကို ဂါရတ်ဘေးလ် ကူညီနိုင်မည်ဟု နည်းပြပြော




ရီးယဲလ်မက်ဒရစ်အသင်းက တိုက်စစ်မှူးစီရိုနယ်လ်ဒိုကို လက်လွှတ်ခဲ့ရပြီးတဲ့နောက်မှာ လစ်လပ်သွားတဲ့ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ တိုက်စစ်ပိုင်းကို တိုက်စစ်မှူး ဂါရတ်ဘေးလ်က ကူညီနိုင်မည်ဟု ရီးယဲလ်မက်ဒရစ်အသင်း၏ နည်းပြသစ်ဖြစ်သူ လိုပက်တီဂီက ပြောကြားခဲ့ပါတယ်။

ဝေးလ်တိုက်စစ်မှူး ဂါရတ်ဘေးလ်ဟာ ဘာနေဗျူးကနေပြောင်းရွှေ့ဖို့အထိတောင် ချိတ်ဆက်မှုတွေ ပြုလုပ်နေခဲ့တာဖြစ်ပြီး အဲဒီလိုလုပ်ဆောင်ခဲ့တာဟာလည်း ပြီးခဲ့တဲ့ဘောလုံးရာသီက နည်းပြ ဇီဒန်းလက်ထက်မှာ ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးခဲ့လို့လည်း ဖြစ်ပါတယ်။

ဒါပေမယ့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ရီးယဲလ်မက်ဒရစ်အသင်းကနေ ဂျူဗင်တပ်အသင်းကို ပြောင်းရွှေ့ကြေး ပေါင် ၉၉ သန်းနဲ့ ပြောင်းရွှေ့ခဲ့ခြင်းဟာ တိုက်စစ်မှူး ဂါရတ်ဘေးလ်ကို ရီးယဲလ် မက်ဒရစ်အသင်းက မရှိမဖြစ် အသုံးပြုရတော့မယ့်အနေအထားကို ရောက်ရှိလို့လာခဲ့တာလည်း ဖြစ်ပါတယ်။

အဲဒါကြောင့် တိုက်စစ်မှူး ဂါရတ်ဘေးလ်ဟာ ရီးယဲလ်မက်ဒရစ်အသင်းမှာ ပျော်ရွှင်မှုရရှိနေပြီလို့လည်း နည်းပြလိုပက်တီဂီက ပြောကြားခဲ့ပါတယ်။

တိုက်စစ်မှူးစီရိုနယ်လ်ဒိုဟာ ရီးယဲလ်မက်ဒရစ်အသင်းအတွက်တော့ မကြာသေးတဲ့သမိုင်းမှာ အဓိကကျတဲ့ ကစားသမားတွေထဲက တစ်ဦးအဖြစ် ရှိနေခဲ့တာပါ။ ဒါပေမယ့် အသင်းပြောင်းရွှေ့ကစားဖို့ တောင်းဆိုလာတဲ့အချိန်မှာတော့ ရီးယဲလ်မက်ဒရစ်အသင်းက ခွင့်ပြုပေးခဲ့တာဖြစ်တယ်လို့ အသင်းတာဝန်ရှိသူတွေက ဆိုပါတယ်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်ကို ၂၀၁၃ ခုနှစ်က စပါးအသင်းမှနေ ရီးယဲလ်မက်ဒရစ်အသင်းက ပြောင်းရွှေ့ကြေး ပေါင် ၈၇ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်ကစလို့ ရီးယဲလ်မက်ဒရစ် အသင်းနဲ့အတူ တိုက်စစ်မှူး ဂါရတ်ဘေးလ်ဟာ ချန်ပီယံလိဂ်ဖလားကို လေးကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့တာ ဖြစ်ပါတယ်။ မေလအတွင်းက လီဗာပူးအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်နောက်ဆုံးပွဲစဉ်မှာလည်း လီဗာပူးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ရာမှာ ဂါရတ်ဘေးလ်က သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ လိုပက်တီဂီက တိုက်စစ်မှူး ဂါရတ်ဘေးလ်ကို ယုံကြည်မှုအပြည့်အဝရှိထားတာဖြစ်ပြီး စီရိုနယ်လ်ဒိုမရှိတော့တဲ့ တိုက်စစ်ပိုင်းကို ဂါရတ်ဘေးလ်က ကူညီနိုင်လိမ့်မယ်လို့ ဆိုခဲ့တာပါ။

# ဆွမ်ဆီးနောက်ခံလူ မော်ဆန်အား ပေါင်သန်း ၂၀ ဖြင့် ဖူလ်ဟမ် ခေါ်ယူမည်

ဆွမ်ဆီးနောက်တန်းကစားသမား မော်ဆန်သည် ဖူလ်ဟမ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ပြီး လက်ရှိတွင် မော်ဆန်၏ အပြောင်းအရွှေ့နှင့် ပတ်သက်၍ ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ ဖြင့် သဘောတူညီထားကြောင်း သိရသည်။

အသက် ၂၄ နှစ်အရွယ်ရှိ နောက်တန်းကစားသမား မော်ဆန်သည် အင်္ဂလန်အသင်း ၂၁ နှစ်အောက် အသင်းတွင် ပါဝင်ကစားပေးခဲ့သူဖြစ်သည်။ နောက်တန်းကစားသမား မော်ဆန်သည် ၂၀၁၆ ခုနှစ်အတွင်းက ပြောင်းရွှေ့ကြေးပေါင် ငါးသန်းဖြင့် ဘန်စလေအသင်းမှ ဆွမ်ဆီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ဆွမ်ဆီးအသင်းအတွက် ပွဲပေါင်း ၇၀ ကျော် ပါဝင်ကစားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နောက်တန်းကစားသမား မော်ဆန်သည် ဆွမ်ဆီးအသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ပရီမီယာလိဂ်ပွဲစဉ်အားလုံးပါဝင်ကစားပေးခဲ့သူဖြစ်သည်။

နောက်တန်းကစားသမား မော်ဆန်သည် ဘန်စလေအသင်းသို့ မရောက်ရှိမီက ၎င်း၏ ကစားသမားဘဝကို ဘရန်းဖို့ဒ်အသင်းနှင့် စတင်ခဲ့သူဖြစ်သည်။ ဆွမ်ဆီးအသင်းသည် နောက်တန်းကစားသမားမော်ဆန်ကို ရောင်းချရန် စီစဉ်ခဲ့ပြီးနောက် နည်းပြဂရေဟမ်ပေါ့တာက ကစားသမားသစ်နှစ်ဦးအထိ ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်းလည်း သိရသည်။

ဆွမ်ဆီးနည်းပြ ပေါ့တာသည် မန်စီးတီးအသင်းမှ ကိုဆိုဗိုကွင်းလယ်ကစားသမား ဆီလီနာနှင့် နော့တင်ဟမ်ဖောရက်စ်တောင်ပံကစားသမား ဘာရီမက်ကေးတို့အား ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

အသက် ၂၁ နှစ်အရွယ်ရှိ ဆီလီနာသည် ပြီးခဲ့သည့် ဘောလုံးရာသီက အစ်ဆွစ်အသင်းတွင် အငှားချထားခြင်းခံခဲ့ရသူဖြစ်ပြီး ပွဲပေါင်း ၄၀ တွင် ရှစ်ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်သည်။

ဆွမ်ဆီးအသင်းသည် ဆီလီနာအား ခေါ်ယူရန်အတွက် မန်စီးတီးအသင်းနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိပြီး ပြောင်းရွှေ့ကြေးပေါင် သုံးသန်း သို့မဟုတ် လေးသန်းဖြင့် ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

နော့တင်ဟမ်ဖောရက်စ်တောင်ပံကစားသမား ဘာရီမက်ကေးမှာမူ ၂၀၁၇ ဇူလိုင်လတွင် နော့တင်ဟမ်ဖောရက်စ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ၂၆ ပွဲပါဝင်ကစားပေးထားသည်။

ထို့ကြောင့် ဆွမ်ဆီးအသင်းက နောက်တန်းကစားသမား မော်ဆန်အား ပေါင်သန်း ၂၀ ဖြင့် ရောင်းချကာ ဆီလီနာနှင့် မက်ကေးတို့ကို ခေါ်ယူမည့်အစီအစဉ်အထမြောက်မည်လား စောင့်ကြရမည်ဖြစ်သည်။

**ငွေကြယ် - ရေးသားသည်**







# ကန်တီ၏ စာချုပ်သစ်မှာ တစ်ပတ် ပေါင်သုံးသိန်းနီးပါး ဖြစ်လာမည်

ချယ်လ်ဆီးကွင်းလယ်ကစားသမား ကန်တီအား ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခဲ့ခြင်းကြောင့် ၎င်း၏စာချုပ်သက်တမ်းသစ် ထပ်တိုးချုပ်ဆိုမှုကို ပေါင် ၂၉၀၀၀၀ အထိ ပေးရန် ချယ်လ်ဆီးအသင်းက သတ်မှတ်ထားကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ကန်တီသည် လက်စတာစီးတီးအသင်းက ပြောင်းရွှေ့လာခဲ့သည့်နှစ်မှာပင် ချယ်လ်ဆီးအသင်းနှင့် အတူ ပရီမီယာလိဂ်ဖလား ရယူနိုင်ခဲ့သူဖြစ်ပြီး မတူညီသည့်အသင်းနှစ်သင်းနှင့် ပရီမီယာလိဂ်ဖလားဆက်တိုက်ရယူနိုင်ခဲ့သူဖြစ်သည်။


ထို့ပြင် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ပြင်သစ်အသင်းနှင့်အတူ ကမ္ဘာ့ဖလားရယူနိုင်ခဲ့ခြင်းကြောင့် ၎င်းအား စိတ်ဝင်စားသည့် အသင်းအတော်များများထွက်ပေါ်ခဲ့ပြီး ချယ်လ်ဆီးအသင်း၏ အမြင့်ဆုံးလစာဖြစ်သည့် ဟာဇက်ထက်ပင် ပိုမိုမြင့်မားလာမည်ဖြစ်သည်။

လက်ရှိတွင် တိုက်စစ်မှူး ဟာဇက်မှာ တစ်ပတ်လစာပေါင်နှစ်သိန်းရရှိထားကြောင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်း၏ ကမ်းလှမ်းခြင်းကို ခံထားရကြောင်းလည်း သိရသည်။


## ဘောလုံးလောက သတင်းတိုများ

- ရီးယဲလ်မက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ဝီလီယံအား ခေါ်ယူရန် စိတ်ဝင်စားမှုမရှိကြောင်းနှင့် ချယ်လ်ဆီးဂိုးသမား ကော်တိုရစ်ကိုသာ ခေါ်ယူလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။
- **အဲဗာတန်အသင်းသည် မန်ယူအသင်းနှင့် အာဂျင်တီးနားနောက်တန်းကစားသမား မားကို့စ်ရိုဂျိုအား ခေါ်ယူရန် ပြင်ဆင်လျက်ရှိပြီး အဆိုပါကစားသမားကလည်း ပေါင်သန်း ၃၀ ရရှိမည်ဆိုပါက အသင်းမှ ထွက်ခွာရန်ရှိနေကြောင်း သိရသည်။**
- ဘန်လေအသင်းသည် ဆောက်သမ်တန်အသင်းမှ အသက် ၃၀ အရွယ်ရှိ အင်္ဂလန်ဂိုးသမား ဖရေဆာဖော်စတာအား ခေါ်ယူရန် အသင့်ရှိနေကြောင်း ပြောကြားခဲ့သည်။
- **လီဗာပူးအသင်းသည် ဆီနီဂေါတိုက်စစ်မှူး ဆာဒီယိုမာနေးအား လာမည့်တစ်ပတ်အတွင်း စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။**
- ဘရိုက်တန်အသင်းသည် အသက် ၂၉ နှစ်အရွယ်ရှိ အင်္ဂလန်တိုက်စစ်မှူး ဆမ်ဘဲလ်ဒေ့ါအား ရီးဒင်းအသင်းသို့ ရောင်းချရန် သဘောတူညီထားပြီးဖြစ်ကြောင်း သိရသည်။
- **ပီအက်စ်ဂျီအသင်း၏ ပြင်သစ်ကွင်းလယ်ကစားသမား အက်ဒရီရန်ရာဘီယော့အား စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် နီးစပ်နေပြီဖြစ်ကြောင်းသိရသည်။**
- ဘာစီလိုနာအသင်းသည် အားကစားကွင်းအသစ်ထပ်မံတည်ဆောက်ရန် ရည်ရွယ်ထားခြင်းကြောင့် လက်ရှိ နူးကမ့်ကွင်းအား ပေါင်သန်း ၂၇၀ ဖြင့် ရောင်းချရန် စီစဉ်လျက်ရှိကြောင်း သိရသည်။


ပဲခူးတိုင်းဒေသကြီး၊ မဒေါက်မြို့ စစ်တောင်းမြစ်ရေ
စိုးရိမ်ရေမှတ်ကျော်လွန်မှု




ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့ ရွှေကျင်မြစ်ရေ
စိုးရိမ်ရေမှတ်ကျော်လွန်မှု



ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ပဲခူးမြစ်ရေ
စိုးရိမ်ရေမှတ်ကျော်လွန်မှု



ကရင်ပြည်နယ်၊ ဘားအံမြို့ သံလွင်မြစ်ရေ
စိုးရိမ်ရေမှတ်ကျော်လွန်မှု



# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၄၈ စီး၊ သွင်းကုန် ၈၄၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀ စီး၊ သွင်းကုန် ၃၉ စီး ကုန်စည်များ သယ်ယူ ပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက စုစုပေါင်း တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၄၅၄ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၃၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က TOYOTA HIACE Super Custom ယာဉ်တစ်စီး၊ TOYOTA IPSUM ယာဉ်နှစ်စီးနှင့် MITSUBISHI FUSO EXPRESS ယာဉ်တစ်စီးတို့အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၃ ဒသမ ၈၁၈၀ တန်နှင့် အဆိုပါ ပစ္စည်းသယ်ဆောင်သည့် ယာဉ်လေးစီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၄၅၄ သန်းခန့်) စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မေတ္တာမြို့၌ မြေပြိုမှုကြောင့် အမျိုးသားတစ်ဦးသေဆုံး

**မေတ္တာ ဇူလိုင် ၃၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မေတ္တာမြို့ ဟိန္ဒားကျေးရွာအုပ်စု မြောင်းပြိုကျေးရွာတွင် ဇူလိုင် ၃၀ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်စောင်းနံရံမြေသားများ ပြိုကျခဲ့ရာ ကိုဇော်မင်းဦး(၂၅)နှစ်သည် မြေပိ၍ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူ ကိုဇော်မင်းဦးအား မေတ္တာတိုက်နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားပြီး သေဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မေတ္တာ(ပြန်/ဆက်)**



# မိုးညှင်းမြို့နယ်၌ ဘိန်းဖြူမှုန့်များ သိမ်းဆည်းရမိ

**မိုးညှင်း ဇူလိုင် ၃၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်၌ ဇူလိုင် ၃၀ ရက် ညနေ ၅ နာရီက ဘိန်းဖြူအမှုန့် ၁၀ ဒသမ ၆ ဂရမ် သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ မိုးညှင်းမြို့နယ် မမုံကိုင်ကျေးရွာအုပ်စု မိုင်းနောင်ကျေးရွာ ဆင်ဖြူကုန်းရပ်ကွက်နေ အောင်ဝင်း(၄၇)နှစ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ အောင်ဝင်းမှာ အပြင်သို့သွားနေခိုက် ဇနီးဖြစ်သူ ဒေါ်မိုးငယ်(၄၀)နှစ်အား နေအိမ်နောက်ဘက်တွင် အထုပ်တစ်ထုပ်အား တခြားခြံဘက်သို့ပစ်လိုက်၍ ရှာဖွေစစ်ဆေးရာ ဘိန်းဖြူ ၁၀ ဒသမ ၆ ဂရမ်နှင့် ငွေကျပ် ၁၂၀၀၀၀ အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါသိမ်းဆည်းရမိ မူးယစ်ဆေးဝါးများမှာ အောင်ဝင်းက သုံးစွဲ/ရောင်းချရန် ဝယ်ယူထားရာမှ ကျန်ရှိပစ္စည်းများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့၍ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူ ဦးအောင်ဝင်းနှင့် ဒေါ်မိုးငယ်တို့နှစ်ဦးအား လုံးတုံနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဝမ်းတွင်းမြို့နယ်၌ ၂၂ ဘီး ဘောက်ဆာယာဉ် တိမ်းမှောက်ရာမှ မီးလောင်ပြီး နှစ်ဦးသေဆုံး

**ဝမ်းတွင်း ဇူလိုင် ၃၁**

ဝမ်းတွင်းမြို့နယ် ရန်ကုန်-မန္တလေးကားလမ်း၌ ဇူလိုင် ၃၀ရက် ည ၉ နာရီ မိနစ် ၂၀ ခန့်တွင် ၂၂ ဘီး အရက်ပြန်ဘောက်ဆာယာဉ်တစ်စီး တိမ်းမှောက်၍ မီးလောင်ခဲ့ကာ လူနှစ်ဦးသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**သေဆုံးလျက်တွေ့ရှိ**

ယာဉ်တိမ်းမှောက်မှုသတင်းအရ အခင်းဖြစ် နေရာသို့ ဝမ်းတွင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ရန်ကုန်-မန္တလေးကားလမ်းဟောင်း မြင်တိုင်ကန်ကျေးရွာသွား လမ်းခွဲတွင် မိတ္ထီလာမြို့မှ ဝမ်းတွင်းမြို့သို့ မောင်းနှင်လာသော ၂၂ ဘီးယာဉ် ရှေ့ခန်း၌ အမျိုးသားတစ်ဦးနှင့် ဘေးခုံတွင် အမျိုးသမီး တစ်ဦးတို့ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးလျက်တွေ့ရှိရသည်။ ယာဉ်မှာ လမ်း၏ ယာဘက်ခြမ်းသို့တိမ်းမှောက်ကာ မီးလောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခဲ့ကြကြောင်း သိရသည်။

ယာဉ်အား တိမ်းမှောက်မီးလောင်ကာ မောင်းနှင်ခဲ့သည့် ယာဉ်မောင်း (စုံစမ်းဆဲ)အား မြို့မရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ပန်းလှိုင်သား**



ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၃၀ ရက်တွင် တာမွေမြို့မ ရဲစခန်းမှ စခန်းမှူး ဒုတိယ ရဲမှူး မျိုးမြင့်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ထွန်းနှင့် ပြည်သူများအား သက်ငယ်မုဒိမ်းမှုကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး မှုခင်းအသိပညာပေးဆွေးနွေးဟောပြောစဉ်။ ကြေးမုံ

# မာန်အောင်မြို့နယ် သစ်ချောင်းအတွင်း ငါးဖမ်းစက်လှေတစ်စင်းနစ်မြုပ်၊ တစ်ဦးပျောက်ဆုံး

**မာန်အောင် ဇူလိုင် ၃၁**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် သစ်ဝအုပ်စု ဇရပ်ကုန်းခင်ကျေးရွာအနီး သစ်ချောင်းအတွင်း ဇူလိုင် ၃၀ ရက် ညနေ ၄ နာရီခွဲက ငါးဖမ်းစက်လှေတစ်စင်း နစ်မြုပ်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ တန်လှောင်ကုန်းကျေးရွာနေ စက်လှေပိုင်ရှင် ဦးဖြူလှအောင် မောင်းနှင်သော ငါးဖမ်းစက်လှေသည် စက်လှေလုပ်သားသုံးဦးနှင့်အတူ ပင်လယ်ပြင်မှ ငါးဖမ်းပြီးသစ်ချောင်းအတွင်း ဆိပ်ကမ်း၌ ရပ်နားရန်စက်ရှိန်လျှော့ပြီး ဆိုက်ကပ်စဉ် စက်လှေမှာ ရေစီးဖြင့် မျောပါနစ်မြုပ်သွားခဲ့ရာ စက်လှေလုပ်သားသုံးဦးအနက် ဘူးရေမျက်ကျေးရွာမှ ဦးဖြူလုံး(၅၅)နှစ်မှာ ရေနစ်၍ ပျောက်ဆုံးနေကြောင်း သိရသည်။

**သိန်းဖေ(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | "နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဓမ္မရောင်ခြည်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကရေ ဘဒ္ဒန္တအဂ္ဂဓမ္မဟောကြားသော "အနတ္တမြင်နိဗ္ဗာန်ဝင်" တရားတော်" |
| ၈း၃၅ | "နိုင်ငံတော်ဖွံ့ဖြိုးရေး အခွန်မှန်မှန် ပေးဆောင်ပေး"(ပစ္စည်းလွှဲပြောင်း ခြင်းစာချုပ်စာတမ်းအကြောင်း သိကောင်းစရာ) |
| ၈း၄၅ | စိုက်ပျိုးရေးရာအဖြေရှာ"မြနဒီ ဉယျာဉ်ခြံမှ GAP သရက်" |
| ၉း၂၀ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အဆိုတော် -နေမင်းအိမ်) |
| ၁၀း၃၀ | Catch Asia News |
| ၁၀း၄၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၁၁း၃၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၂း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၃၀) |
| ၁၄း၅၀ | MSMES မန္တလေး Medium Level တတိယဆုရ Lucky သောက်ရေသန့် |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၇၄) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | "Thailand Music Show" |
| ၁၇း၀၅ | အနုပညာခန်းရိပ်သာ ဦးညီဝင်းစိန်(စိန်မဟာသဘင်)နှင့် တွေ့ဆုံခြင်း" (ဂရိတ်ဦးဖိုးစိန်အကြောင်း) |
| ၁၇း၂၅ | MRTV Travelogue |
| ၁၇း၄၅ | **"Alpine Cup 2018 လေးနိုင်ငံ ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီစဉ်"** (MYANMAR U-23 Vs KOREA U-19) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | "လပတ်မိုးလေဝသအခြေအနေ" **-"ဆန်းသစ်တီထွင်ဆေးဖက်ဝင် ပယင်းအလှရတနာသွင်" -"စမ်းချောင်းဆစ်ကွန့်၊ ဆစ်ကွန့်စမ်းချောင်း" (အပိုင်း-၃) (FB ဖောက်မယ်)(မေသဥ္ဇာဦး၊ သန်းသန်းစိုး၊ ဇော်ဝင်းနိုင်၊ ညီနိုင်း) (ဒါရိုက်တာ -ရှင်ဒေဝီ) -သုခုမရင်ခွင်အငြိမ့်သဘင် "ကဗျာရုပ်စုံအငြိမ့်" [(မင်းသမီး-ပိုပိုချစ်၊ လူရွှင်တော်-ဒွဲ့ဒိုး၊ အောင်ချစ်၊ ဝူကျိ၊ သတိုး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)] -နိုင်ငံခြားဇာတ်လမ်းတွဲ ဘဝတစ်ခုအချစ်တစ်ခု" (အပိုင်း-၂) အစီအစဉ်ပြီး၏ ။** |

# ယနေ့ လူငယ်နှင့် နှစ်ဆယ့်တစ်ရာစု ပညာရေး

■ ဒေါက်တာအောင်အောင်မင်း

ယနေ့ ၂၁ ရာစုမှာ အတတ်ပညာသာမက နည်းပညာနယ်ပယ်မျိုးစုံ သင်ယူလေ့လာနိုင်တဲ့အထိ ပညာရပ်နယ်ပယ်များ ကျယ်ပြန့်လာနေပါသည်။ လူငယ်တွေဟာ အခြေခံမူလတန်းပညာမှသည် တက္ကသိုလ်၊ ကောလိပ်ကျောင်းများ ရောက်တဲ့အထိ အဆင့်မြင့်ပညာရပ်နဲ့ သက်မွေးပညာရပ်တွေကို လေ့လာဆည်းပူးသင်ယူခဲ့ကြရတာပါ။ လူငယ်တစ်ယောက်ဟာ ယနေ့ခေတ်မှာ အတတ်ပညာဖြစ်စေ၊ နည်းပညာဖြစ်စေ တစ်ခုခုကို ကျွမ်းကျင်ပိုင်နိုင်မှုမရှိခဲ့ရင် နေရာရဖို့မလွယ်။ ပညာသည်သာ အဓိကအရင်းအနှီးအဖြစ် တစ်ကမ္ဘာလုံးက တန်ဖိုးထားလာကြရပြီဖြစ်ပါတယ်။ ပညာကို အခြေခံပြီး မိမိတို့လုပ်ငန်းခွင် အတွေ့အကြုံများနဲ့ ပေါင်းစပ်ကာ အသိနယ်ပယ်ကျယ်ပြန့်အောင် လုံ့လ၊ ဝီရိယစိုက်ထုတ်လုပ်ကိုင်ကြမှသာ ဘဝမှာ တိုးတက်အောင်မြင်ပါလိမ့်မယ်။ အသိများလေလေ "ပညာ"နယ်ပယ်ထဲသို့ ရောက်ရှိလာလေလေပါပဲ။ ဒါကြောင့် "ပညာသိ"သာလျှင် အသိဉာဏ်ဖြစ်ပါတယ်။ ကျောင်းက သင်ကြားပေးလိုက်တဲ့ ပညာရပ်တွေဟာ "အတတ်"သာလျှင် ပေးပါတယ်။မိမိရဲ့လက်တွေ့ဘဝထဲက အတွေ့အကြုံများကသာလျှင် အသိပညာကို ပေးနိုင်သလို စာအုပ်စာပေဖတ်ရှုခြင်းမှလည်း အသိဉာဏ်၊ ဗဟုသုတ တိုးပွားစေနိုင်မှာ ဖြစ်ပါတယ်။

### အတတ်ပညာနှင့် အသိပညာ

ပညာခေတ်မှာ အတတ်ပညာရော၊ အသိပညာပါ အရေးကြီးလှပါတယ်။ အတတ်ပညာဆိုတာ အခြေခံပညာမူလတန်း၊ အလယ်တန်းနဲ့ အထက်တန်း အဆင့်ဆင့်မှသည် တက္ကသိုလ်၊ ကောလိပ်များအထိ သင်ရိုးညွှန်းတမ်းများနဲ့အညီ သင်ယူတတ်မြောက်တဲ့ပညာမျိုးဖြစ်ပါတယ်။ အသိပညာက အတတ်ပညာနဲ့ မတူကွဲပြားပါတယ်။ လူကြီးမိဘ၊ ဆရာသမားများရဲ့ ဆုံးမသွန်သင်မှုများ၊ ဘာသာရေးအဆုံးအမများ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကို မိမိကြုံတွေ့ဖြတ်သန်းခဲ့တဲ့ ဘဝသင်ခန်းစာများနဲ့ နှိုင်းယှဉ်ဝေဖန်သုံးသပ်ပြီး သိနားလည်လာတဲ့ အသိပညာမျိုးကို ဆိုလိုပါတယ်။ ပိုပြီးရှင်းအောင် ပြောရရင် အမှား၊ အမှန်၊ အကြောင်း၊ အကျိုး၊ အကောင်း၊ အဆိုး၊ ဆောင်ရန်၊ ရှောင်ရန်၊ လုပ်သင့်၊ မလုပ်သင့် စတာတွေကို ပိုင်းခြားဝေဖန်ခံစားသိတတ်တဲ့ အသိပညာမျိုးပါ။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စတဲ့ ဗြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထားခြင်း၊ မနာလို၊ ဝန်တိုမှုတွေ ရှောင်ရှားနိုင်ခြင်း၊ ကိုယ်ချင်းစာတရားထားနိုင်ခြင်း၊ ကျေးဇူးသိတတ်၍ ကျေးဇူးတရားပြန်ဆပ်ခြင်း စတာတွေဟာ အသိတရားကို အခြေခံတဲ့ "သိတတ်ပညာ"တွေ ဖြစ်ပါတယ်။ လူငယ်တွေ အတတ်ပညာဗဟုသုတနဲ့ ပြည့်စုံလာရင် အတွေးအခေါ်နဲ့ ဆင်ခြင်တုံတရားတွေလည်း မြင့်မားလာမှာပါ။ သို့ပေမယ့် အတတ်ပညာတတ်မြောက်ပြီး အသိပညာနုံရင် ဘဝတက်လမ်းအတွက် မပြည့်စုံနိုင်သလို အသိပညာကြွယ်ဝသော်လည်း အတတ်ပညာဆိုတာ မိမိဘဝအသက်မွေးဝမ်းကျောင်းအတွက် လိုအပ်နေမှာပါပဲ။ ဒါကြောင့် လူငယ်တွေဟာ အတတ်ပညာရော အသိပညာပါ ပြည့်စုံကြွယ်ဝမှ ဘဝမှာ တိုးတက်အောင်မြင်မှာ အမှန်ပါပဲ။

### လူငယ်၊ စွမ်းရည်နှင့် အတွေးအခေါ်

Charle's Darwin ရဲ့ ဆင့်ကဲဖြစ်စဉ် သီအိုရီ (Evolution Theory)မှာ "Survival of the Fittest" ဆိုတဲ့ "လောကမှာအသန်စွမ်းဆုံးသူသာလျှင် ရှင်သန်ကျန်ရစ်နိုင်မယ်"ဆိုတဲ့ သဘောတရားဟာ ၂၀ ရာစုမှာ ကျန်ခဲ့ပါပြီ။ ၂၁ ရာစုခေတ်မှာ ကာယခွန်အားထက် ဦးနှောက်(သို့မဟုတ်) ဉာဏခွန်အားကောင်းသူသာ ထိပ်ဆုံးမှာ ရှင်သန်ရပ်တည်နိုင်မှာပါ။ ဒါကြောင့် ဦးနှောက်ရဲ့ ဉာဏစွမ်းရည် ကောင်းစွာအသုံးချနိုင်တဲ့ လူငယ်တွေ များလေလေ နိုင်ငံအတွက် အကျိုးများလေလေပါပဲ။ မြန်မာလူငယ်အများစုဟာ စိတ်ကူးရည်မှန်းချက်တွေ၊ ဖြစ်ချင်တဲ့ဆန္ဒအိပ်မက်တွေသာရှိပြီး လက်တွေ့အကောင်အထည်ဖော်ချင်စိတ်ရှိသူ အလွန်နည်းပါးပါတယ်။ ဒီလို လူငယ်တွေဟာ စိတ်ကူးယဉ် လူညံ့များသာဖြစ်လာပြီး နိုင်ငံအတွက် အားထားရမယ့် လူသားအရင်းအမြစ်များ ဖြစ်မလာနိုင်ပါ။ လက်တွေ့တကယ်လုပ်ချင်တဲ့ ဆန္ဒပြင်းပြသူတွေ၊ လုံ့လဝီရိယရှိသူတွေ၊ ပညာလိုချင်သူ လူငယ်များသာ ကိုယ့်ရဲ့ စိတ်ကူးအိပ်မက်ကို ကိုယ်ပိုင်ဦးနှောက်စွမ်းရည်နဲ့ အကောင်အထည်ဖော်နိုင်ကြမှာ သေချာပါတယ်။

မနုဿဗေဒပညာရှင်တွေက ၂၁ ရာစု လူငယ်များကို မျိုးဆက်-ဝိုင် (Generation-Y)အဖြစ် သတ်မှတ်ကြပါတယ်။ အသက် ၃၀ နှစ်အောက် အိုင်တီခေတ်မှာ ကြီးပြင်းလာကြတဲ့ ခေတ်လူငယ်တွေပါ။ သူတို့အရင်က မျိုးဆက်-အိတ်ခ်စ် (Generation-X) လူကြီးများနဲ့ အတွေးအခေါ်၊ အယူအဆ မတူကြတော့ပါ။ မျိုးဆက်-ဝိုင်တွေက အတိတ်ကို ပြန်မကြည့်၊ အနာဂတ်ကိုသာလျှင် မျှော်ကြည့်တတ်ကြတယ်။ "အတ္တ" ကို ဗဟိုပြုပြီး စဉ်းစားတွေးခေါ်တတ်ကြတယ်။ အစွဲအလမ်းကင်းကာ လက်တွေ့ပိုကျတယ်။ သတင်းနည်းပညာတွေနဲ့ အလွန်မွေ့လျော်ကြတယ်။ လူငယ်အများစုဟာ သမားရိုးကျမဟုတ်တဲ့ စဉ်းစားတွေးခေါ်မှုကို ပိုပြီး စိတ်အားထက်သန်ကြတယ်။ ပညာရှင်တွေ လေ့လာသုံးသပ်ချက်အရဆိုရင် လူငယ်မျိုးဆက်-ဝိုင်တွေဟာ အပြောင်းအလဲ၊ စိန်ခေါ်မှုတွေကို အန္တရာယ်အဖြစ်မမြင်ဘဲ အခွင့်အလမ်းအဖြစ် သဘောထားပြီး ရဲရင့်ပွင့်လင်းစွာ ရင်ဆိုင်လိုတဲ့ ဆန္ဒရှိကြပါတယ်။

### လူငယ်နှင့် ကျင့်ဝတ်၊ စည်းကမ်း

၁၉၈၈ ခုနှစ်နောက်ပိုင်း မွေးဖွားလာကြတဲ့ လူငယ်အများစုဟာ ရည်မှန်းချက်၊ စိတ်ကူးတွေနဲ့ ကြိုးစားကြပါတယ်။ သို့ပေမယ့် ကျင့်ဝတ်နဲ့ စည်းကမ်း လိုက်နာစောင့်ထိန်းမှု လျော့နည်းလာကြတယ်။ မိဘ၊ ဆရာ၊ လူကြီးသူမတွေရဲ့ ဆုံးမမှုကို လေးစားလိုက်နာတာ အားနည်းလာကြတာ တွေ့မြင်နေရတယ်။ လူငယ်သဘာဝ သူတို့ကို ထိန်းချုပ်အမိန့်ပေးတာမျိုး မကြိုက်၊ လွတ်လပ်စွာ တွေးခေါ်၊ ဆုံးဖြတ်၊ လုပ်ကိုင်လိုကြတယ်။ သို့သော်လည်း အမှန်ကို အမှား၊ အမှားကို အမှန်ဖြစ်အောင် လိမ်ညာပြောဆိုတာမျိုးမဟုတ်ဘဲ အမှန်တရားကို မြတ်နိုး၊ လေးစားတန်ဖိုးထားတတ်ဖို့ လိုပါတယ်။ မိဘက သားသမီးကို လက်ဆင့်ကမ်းပေးတဲ့ ကောင်းမွေဆိုတာက ပညာနဲ့ အသိတရားသာဖြစ်ပါတယ်။ အတွေးအခေါ်ခေါင်းပါး၊ ဆိုဆုံးမမှုညံ့ဖျင်းတဲ့ မိဘတွေရဲ့ သားသမီးဟာ အသိတရားခေါင်းပါးပြီး လေးနက်စွာ တွေးခေါ်ဆင်ခြင်မှု မရှိကြပါဘူး။ ဒါကြောင့်လည်း သူတို့ပတ်ဝန်းကျင်မှာ အမှားတွေကိုပဲ ထပ်တလဲလဲ ကျူးလွန်နေကြတာပါ။ မိဘကောင်းမှလည်း မိကောင်းဖခင်ရဲ့ သားသမီးကောင်းဖြစ်မှာ မဟုတ်ပါလား။ လူမှုအဖွဲ့အစည်းအတွင်းမှာ နေထိုင်ကြတဲ့အတွက် လူငယ်တွေဟာ ယဉ်ကျေးမှုနဲ့ ကျင့်ဝတ်စည်းကမ်းတို့ကို လေးစားလိုက်နာစောင့်ထိန်းတတ်ဖို့ အရေးကြီးပါတယ်။ မိမိသင်ယူခဲ့တဲ့ အတတ်ပညာကို မိမိပတ်ဝန်းကျင်နဲ့ အတွေ့အကြုံများနဲ့ ပေါင်းဖက်မှသာ မှန်ကန်တဲ့အချက်အလက်များကို သုံးသပ် ပြီး မှန်မှန်ကန်ကန် ချင့်ချိန်ဆုံးဖြတ်နိုင်မှာပါ။ မှန်ကန်စွာ ဆုံးဖြတ်နိုင်ခြင်းဟာ အသိပညာဖြစ်လာပြီး ပညာတတ်ချင်းတူပေမယ့် အတွေ့အကြုံရင့်သန်သူက ပညာပိုကြီးပါလိမ့်မယ်။ မိမိတစ်သက်တာ သင်ယူခဲ့ရတဲ့ သဘောတရားကို လက်တွေ့ဘဝအတွေ့အကြုံများနဲ့ ပေါင်းစပ်မှသာ အသိဉာဏ်ပွင့်လင်းပြီး ပညာတန်ခိုးမြင့်မားလာတဲ့သဘောပါပဲ။

### လူငယ်နှင့် သက်မွေးပညာရေး

ယနေ့လူငယ်တွေ နည်းပညာ၊ အတတ်ပညာရပ်တွေကို အပြိုင်အဆိုင်ကြိုးစားရှာဖွေသင်ယူနေကြတာကို အားပေးရမှာပါ။ နိုင်ငံတကာမှာ ဝင်ဆံ့နိုင်ဖို့အတွက် ကွန်ပျူတာအခြေခံသင်တန်း၊ အိုင်တီနည်းပညာနဲ့ စီးပွားရေးဆိုင်ရာသင်တန်းတွေ၊ နိုင်ငံခြားဘာသာစကားသင်တန်းတွေ သင်ယူနေကြတယ်။ အလုပ်အကိုင် အခွင့်အလမ်း ကောင်းကောင်းရဖို့ ဒီပလိုမာနဲ့ ဘွဲ့လက်မှတ်တွေ သူ့ထက်ငါ အပြိုင်ရရှိအောင် ကြိုးပမ်းနေကြတယ်။ သို့ပေမယ့် မိမိရဲ့ဝါသနာ၊ ဗီဇနဲ့လိုက်ဖက်မယ့် ပညာရပ်မျိုးကို ရွေးချယ်ပြီး သက်မွေးပညာရပ်အဖြစ် အသုံးချနိုင်တဲ့အထိ မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်သင့်ကြပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း လူငယ်တွေကို မိမိဝါသနာ၊ ဗီဇနဲ့ ကိုက်ညီမယ့် သက်မွေးပညာရေးကို ဦးစားပေးလေ့လာသင်ယူဖို့ မကြာခဏ တိုက်တွန်းမှာကြားခဲ့ပါတယ်။ လူငယ်တွေ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ဖို့ စွမ်းရည်၊ စိတ်ဓာတ်လှုံ့ဆော်မှုနဲ့ အခွင့်အလမ်းဆိုတဲ့ အချက်သုံးချက်ကို အမြဲအလေးထားသင့်ပါတယ်။

လူငယ်တွေ သက်မွေးပညာသင်ကြားနိုင်ဖို့ အခွင့်အလမ်းတွေ၊ သက်မွေးပညာရပ် သင်ကြားမယ့် ဆရာတွေ၊ နည်းပညာနဲ့ သင်ထောက်ကူ ပစ္စည်းကိရိယာတွေ၊ အလုပ်အကိုင် အခွင့်အလမ်းနဲ့ ထိုက်တန်တဲ့ လုပ်ခလစာတွေ ရရှိအောင် နိုင်ငံတော်အစိုးရက ဖန်တီးပေးရမှာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ အရွယ်ရောက်ပြီးလူငယ်တွေ၊ မသန်စွမ်းလူငယ်တွေ၊ ကျေးလက်အစွန်အဖျားမှာရှိကြတဲ့ တိုင်းရင်းသားလူငယ်တွေအားလုံး သက်မွေးပညာရပ်ကိုယ်စီပါနိုင်အောင် သက်မွေးသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးရပါမယ်။

### ယနေ့လူငယ်နှင့် ၂၁ ရာစု ပညာရေး

ပညာခေတ်မှာ ပညာလူ့အဖွဲ့အစည်းရဲ့ အရေးအကြီးဆုံး ASSEET မှာ "တီထွင်ဖန်တီးနိုင်စွမ်းနဲ့ အရည်အချင်းပြည့်မီမှုကို ဖန်တီးနိုင်မယ့် အဆင့်မြင့်ပညာရေး" ပဲဖြစ်ပါတယ်။ ပညာရေးအဆင့်မြင့်မှသာ အရည်အသွေးနဲ့ စွမ်းရည်ထက်မြက်တဲ့ မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်ပါလိမ့်မယ်။ လူငယ်တစ်ဦးချင်းစီရဲ့ မှန်ကန်သော ကိုယ်ရည်ကိုယ်သွေးနဲ့ သက်မွေးပညာစွမ်းရည်များ ပိုင်ဆိုင်မှုဟာ အဓိကနဲ့ အခြေခံအကျဆုံးအချက်ပါ။ ကျောင်းမှ သင်ကြားပို့ချလိုက်တဲ့ စာတတ်ရုံ၊ ဘွဲ့တစ်ခုရရုံနဲ့ မလုံလောက်တော့ပါဘူး။ ပညာတတ်လူငယ်ဟာ မိမိတတ်ကျွမ်းတဲ့ပညာရပ်အပေါ် ပရော်ဖက်ရှင်နယ်အဖြစ် လက်တွေ့မကျင့်သုံးနိုင်ရင် ဘယ်တော့မှ ပညာရှင်ဖြစ်မလာနိုင်တော့ပါ။

နိုင်ငံတော်အစိုးရက နှစ်စဉ် ထောင်သောင်းမက ဘွဲ့ရလူငယ်တွေ မွေးထုတ်ပေးပေမယ့် အရည်အချင်းနဲ့ ကျွမ်းကျင်မှုမပါလာတဲ့အတွက် နိုင်ငံရဲ့ အားထားရမယ့် လူငယ်တွေဖြစ်မလာနိုင်။ အတတ်ပညာ၊ အသိပညာ၊ စိတ်ဓာတ်၊ စွမ်းရည်၊ အတွေးအခေါ်နဲ့ အတွေ့အကြုံမရှိခဲ့ရင် ပညာစွမ်းရည် မပြည့်စုံတော့ ဘာကို ဘယ်လို မှန်မှန်ကန်ကန် ဆောင်ရွက်ရမယ်ဆိုတာ ဆုံးဖြတ်နိုင်စွမ်း မရှိကြပါဘူး။ ဒီလိုစွမ်းရည်နဲ့ အသိဉာဏ်ပညာချို့တဲ့ပြီး အမှား၊ အမှန် မဆုံး ဖြတ်နိုင်တဲ့ လူငယ်တွေရဲ့ အနာဂတ်ဟာလည်း ဘာအာမခံချက်မှ မရှိနိုင်ပါ။

၂၁ ရာစုမှာ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုတွေကြောင့် ပညာကိုအခြေခံတဲ့ နိုင်ငံရေး၊ စီးပွားရေးယှဉ်ပြိုင်မှုတွေဟာ မီးခိုးမဆုံး၊ မိုးမဆုံးဖြစ်လာနေပါပြီ။ ပေါ်ပင် Certificate လက်မှတ်တွေ တသီကြီးရထားရုံနဲ့ စွမ်းရည်ထက်မြက်မလာနိုင်ပါ။ ယနေ့လူငယ်တွေ ပညာရေးစီးကြောင်းမှာ အလိုက်သင့် ကူးခတ်လိုက်ပါဖို့ မိမိရဲ့ ပညာရပ်၊ အိုင်တီနဲ့ ဘာသာစကားစွမ်းရည်တွေ အမြဲမြင့်တင်နေဖို့ လိုအပ်ပါတယ်။ ယနေ့ခေတ်မှာ လူငယ်တွေ မရှိမဖြစ်လိုအပ်တဲ့ အရည်အချင်းက ကတ္တီပါကျွမ်းကျင်မှုဆိုတဲ့ Soft Skill ပါ။ လူအများနဲ့ အလုပ်တွဲဖက်လုပ်ကိုင်နိုင်သလို တစ်ဦးချင်းအနေနဲ့လည်း ပြဿနာမျိုးစုံကို လက်တွေ့ကိုင်တွယ်ဖြေရှင်းနိုင်တဲ့ စွမ်းရည်ကို ဆိုလိုပါတယ်။

ဒီနေ့ခေတ်လို ဖိအားပေးမှုအမျိုးမျိုး၊ အပြောင်းအလဲမျိုးစုံနဲ့ ယဉ်ကျေးမှုပေါင်းစုံတို့ရဲ့ ယှက်နွယ်မှုအောက်မှာ သံမဏိလိုမာကျောနေရုံနဲ့ အလုပ်မဖြစ်၊ ကတ္တီပါလို သိမ်မွေ့၊ ပျော့ပျောင်း၊ ကျွမ်းကျင်ဖို့ လိုအပ်ကြောင်း၊ ဂျာမနီနိုင်ငံရဲ့ ပညာရေးနဲ့ သုတေသနဝန်ကြီး Edelgard Bulmahn က သူ့ရဲ့ သဘောထားအမြင်ကို ပြောခဲ့တာပါ။ ဆက်လက်ပြီး သူက ဂျာမနီနိုင်ငံ အဆင့်မြင့်ပညာအဖွဲ့အစည်းများက မွေးထုတ်လိုက်တဲ့ ဘွဲ့ရလူငယ်တိုင်းဟာ ထက်မြက်တဲ့ အသိဉာဏ်ပညာ ရှိရမယ်။ သတင်းအချက်အလက်များကို မှန်မှန်ကန်ကန် ဝေဖန်ပိုင်းခြားစိစစ်နိုင်ပြီး အသိပညာအဖြစ် ကူးပြောင်းနိုင်ရမယ်။ မိမိနိုင်ငံအတွင်းမှာရော နိုင်ငံတကာမှာပါ ကြုံတွေ့နေရတဲ့ ပြဿနာ အမျိုးမျိုးကို ဖြေရှင်းပေးနိုင်စွမ်းရှိတဲ့ ပညာမျိုးဖြစ်ရမယ်။ ဒီလို အရည်အချင်း မျိုးဖြစ်လာဖို့ အခြေခံလိုအပ်ချက်က လူငယ်တွေအားလုံး ဘယ်လိုလေ့လာရ မယ်ဆိုတာကို လေ့လာသင်ယူတတ်တဲ့ စွမ်းအင်ကြွယ်ဝနေဖို့ပဲလို့ ပြောခဲ့တာ မြန်မာလူငယ်တွေ အလေးထားမှတ်သားသင့်တဲ့အချက်များ ဖြစ်ပါတယ်။

ယနေ့ မြန်မာလူငယ်တွေဟာ နိုင်ငံတော်ရဲ့ အနာဂတ်ကို တစ်ချိန်မှာ တာဝန်ယူထမ်းဆောင်ကြမယ့်သူများဖြစ်တဲ့အတွက် အစစအရာရာ ကြိုတင်ပြင်ဆင်ထားရန် လိုပါတယ်။ ကမ္ဘာမှာ နည်းပညာတွေ အချိန်နဲ့ တစ်ပြေးညီ လျင်မြန်စွာ ပြောင်းလဲတိုးတက်နေတဲ့အတွက် မိမိရဲ့ပညာဓားကို အမြဲထက်မြက်အောင် အစွမ်းကုန်သွေးနေရမှာဖြစ်ပါတယ်။ ယနေ့ ဒီမိုကရေစီအစိုးရက ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို နိုင်ငံတကာစံနဲ့အညီ အရှိန်မြှင့်အကောင်အထည်ဖော်နေပြီး စိန်ခေါ်မှုများစွာကို ကြံ့ကြံ့ခံရင်ဆိုင်ဖြတ်သန်းနေရဆဲကာလ ဖြစ်ပါတယ်။ အသိဉာဏ်၊ အတွေးအခေါ်နဲ့ အတွေ့အကြုံရင့်ကျက်ပြီးတဲ့ လူကြီးသူမ ပညာရှင်များရဲ့ မှန်ကန်တဲ့ လမ်းညွှန်မှုအောက်မှာ လူငယ်တွေက မှန်ကန်တဲ့ အသိအမြင်၊ ထက်မြက်သော စွမ်းရည်၊ ဇွဲ၊ လုံ့လ အရင်းခံကာ ပန်းတိုင်ကိုရောက်အောင် ကျားကုတ်ကျားခဲ ကြိုးပမ်းဆောင်ရွက်ကြဖို့ အချိန်တန်ပြီ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် အသိဉာဏ်ပညာနဲ့ စွမ်းရည်ထက်မြက်တဲ့ လူငယ်ပညာရှင်များ မွေးထုတ်ပေးနိုင်မှသာ နိုင်ငံတော်က အားထားရတဲ့ လူ့စွမ်းအားအရင်းအမြစ်များ ထွန်းကားလာမှာ ဖြစ်ပါတယ်။ ပညာအဆင့်မြင့်တဲ့ လူငယ်အရေအတွက်များလာရင် ပညာချမ်းသာတဲ့နိုင်ငံ ဖြစ်လာမှာပါ။ သို့မှသာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ တက်လှမ်းနိုင်မှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

> "အသိဉာဏ်ပညာနဲ့ စွမ်းရည်ထက်မြက်တဲ့ လူငယ်ပညာရှင်များ မွေးထုတ်ပေးနိုင်မှသာ နိုင်ငံတော်က အားထားရတဲ့ လူ့စွမ်းအားအရင်းအမြစ်များ ထွန်းကားလာမှာဖြစ်ပါတယ်။ ပညာအဆင့်မြင့်တဲ့ လူငယ်အရေအတွက်များလာရင် ပညာချမ်းသာတဲ့ နိုင်ငံဖြစ်လာမှာပါ။ သို့မှသာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ တက်လှမ်းနိုင်မှာဖြစ်ကြောင်း"

# ဘင်းမ်စတက်ဒေသတွင်း စိုက်ပျိုးရေးဆိုင်ရာတန်ဖိုးကွင်းဆက်တိုးတက်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၃၁**

နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရာဟိုတယ်၌ ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီခွဲက အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်လာစေရေး ဘင်းမ်စတက်ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက စားနပ်ရိက္ခာနှင့် အာဟာရဖူလုံစေရေး၊ ဆင်းရဲမှုပပျောက်စေရေးနှင့် အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးလုပ်ငန်းများတွင် လုပ်ကွက်ငယ်တောင်သူများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ အစိုးရ၊ ပုဂ္ဂလိကနှင့် လုပ်ကွက်ငယ်တောင်သူများ နီးကပ်စွာပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘင်းမ်စတက်အဖွဲ့အတွင်းရေးမှူးချုပ်ရုံးနှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ (LIFT Fund) နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဖွဲ့ဝင်နိုင်ငံများ၏ စိုက်ပျိုးရေးထွက်ကုန်များထုတ်လုပ်မှုကွင်းဆက် တစ်လျှောက် ပြောင်းလဲတိုးတက်လာစေရေး ဆောင်ရွက်ရာတွင် အစိုးရကဏ္ဍသာမက ပုဂ္ဂလိကကဏ္ဍများကပါတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မိုး(စိုက်ပျိုးရေး)**

## တိုတိုထွာထွာဖတ်စရာ

### တောင်သူများ သဘာဝမြေသြဇာ အသုံးပြုနိုင်ရေး ဂန့်ဂေါ၌ သရုပ်ပြရှင်းလင်း

**ဂန့်ဂေါ**

ဂန့်ဂေါမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်း နည်းပညာပေးသရုပ်ပြပွဲများကို ဇူလိုင် ၂၉ ရက်က ဂန့်ဂေါမြို့နယ် ဘော်ပြင်းကျေးရွာ တောင်သူဦးဖေမြင့်၏ နေအိမ်ခြံဝင်းတွင်ပြုလုပ်၍ ဇူလိုင် ၃၀ ရက်တွင် နှမ်းခါးကျေးရွာ တောင်သူဦးမြင့်သိန်း၏ နေအိမ်ခြံဝင်းနှင့် စိုင်ဒူးကျေးရွာမှ တောင်သူဦးအောင်ဝင်း၏ နေအိမ်ခြံဝင်းတို့တွင် ပြုလုပ်ရာ တောင်သူများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ဓာတုမြေသြဇာများ လျှော့ချသုံးစွဲပြီး သဘာဝမြေသြဇာများ စနစ်တကျသုံးစွဲတတ်လာစေရန် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပေးခြင်းဖြစ်ပြီး ဩဂုတ်လအတွင်း မြေဆွေးအပုံ ၅၀ ကို ကွင်းဆင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတစ်ဦးက ပြောသည်။

**၄၆၅**

### ထီးချိုင့်၌ မြေလျှင်ဘေးအန္တရာယ် အသိပညာပေး

**ထီးချိုင့်**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အတွင်း မြေလျှင်ဘေးအန္တရာယ် အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီက ထီးချိုင့်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ သခင်မြမောင်ခန်းမ၌ ပြုလုပ်ခဲ့သည်။

အလားတူ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာများအား အဆိုပါ မြေလျှင်ဘေးအန္တရာယ် အသိပညာပေးဆွေးနွေးပွဲကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲများမှတစ်ဆင့် ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဆရာ ဆရာမများပါဝင်သော ပူးပေါင်းအဖွဲ့က အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများ၊ ပြည်သူလုထုအား မြေလျှင်ဖြစ်ပွားချိန် ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရေးအတွက် သရုပ်ပြလေ့ကျင့်မှုများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကျော်ခဲ (ထီးချိုင့်)**

### မင်းဘူးမြို့နယ် လူမှုဖူလုံရေးမှ အကျိုးခံစားငွေ ကျန်ရစ်သူမိသားစုအား ငွေလုံးငွေရင်းပေးအပ်

**မင်းဘူး**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် မြို့နယ်လူမှုဖူလုံရေးရုံးမှ လုပ်ငန်းခွင် မတော်တဆထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီက မင်းဘူးမြို့ မန်းသီတာ(၂) စားသောက်ဆိုင်ခန်းမတွင် ပြုလုပ်သည်။

မင်းဘူး(စကု) မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက မင်းဘူးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မန်းသီတာကွန်ကရစ်ကျောက်တိုင်လုပ်ငန်းမှ အာမခံအလုပ်သမား ဦးအောင်အောင်(ခ)ဦးတင်အောင်သန်း၏ လုပ်ငန်းခွင် မတော်တဆ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းကျပ် ၁၈၀၀၀၀၀ အား တာဝန်ရှိသူတစ်ဦးထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

### သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ပခုက္ကူ၌ သင်တန်းဖွင့်

**ပခုက္ကူ**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့တွင် ဇူလိုင် ၃၀ရက် နံနက် ၉ နာရီက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းကို ပခုက္ကူမြို့ အောင်သရဖူဟိုတယ်ခန်းမတွင် ကျင်းပသည်။

အဆိုပါသင်တန်းကို ပခုက္ကူခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် Myanmar Preparedness Partnership (MPP)တို့ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကာ သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ကိုဇော်(ခတု)**

# မန္တလေးမြို့အဝင်နှင့် ကျုံးပတ်လည် နိုင်ငံတကာအဆင့်မီ လမ်းမီးတိုင်များတပ်ဆင်

**မန္တလေး ဇူလိုင် ၃၁**



လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ မန္တလေးမြို့အဝင်နှင့် ကျုံးပတ်လည်သာယာလှပစေရေး၊ လုံခြုံရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် နိုင်ငံတကာအဆင့်မီ လမ်းမီးတိုင်များစိုက်ထူပြီး မြေအောက်လိုင်းကြိုးများဖြင့် လျှပ်စစ်မီးများလင်းလျက်ရှိသည်။

မန္တလေးမြို့အဝင် ရန်ကုန်-မန္တလေးလမ်း၊ မန္တလေး-ပြင်ဦးလွင်လမ်း၊ ၃၅ လမ်း၊ ၆၂ လမ်း၊ သိပ္ပံလမ်း၊ ကမ်းနားလမ်းနှင့် ကျုံးပတ်လည်တွင် ပေ ၁၀၀ အကွာတစ်တိုင်နှုန်းဖြင့် ကွန်ကရစ်ခုံပေါ်တွင် ကိုးမီတာအမြင့်ရှိ လမ်းမီးတိုင်များအား မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ လျှပ်စစ်အင်ဂျင်နီယာများကြီးကြပ်မှုဖြင့် စင်ကာပူနိုင်ငံအခြေစိုက် Krislite လျှပ်စစ်ပစ္စည်းကုမ္ပဏီမှ ဝန်ထမ်းများ၊ လုပ်သားများက တပ်ဆင်ပေးခဲ့သည်။

လမ်းမီးတိုင်တစ်တိုင်လျှင် ၁၁၅၀ ဝပ် ရှိ LED မီးလုံးနှစ်လုံးပါရှိသည်။ တပ်ဆင်ထားသော LED မီးလုံးများသည် လျှပ်စစ်ဓာတ်အားယူနစ် ချွေတာစွာဖြင့် အသုံးပြုနိုင်ပြီး လင်းအားကောင်းမွန်ကြောင်း တွေ့ရသည်။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဆားဗစ်ကြိုးများရှုပ်ထွေးမှုမရှိစေရေးအတွက် မဟာအောင်မြေမြို့နယ် ၃၅ လမ်း၊ ကျုံးပတ်လည်တို့တွင် နိုင်ငံတကာအဆင့်မီ ကာဗာဖုံးအုပ်ထားသော ဗို့အားမြင့် ကြေးကြိုးများဖြင့် ပြောင်းလဲတပ်ဆင်ပေးခဲ့သည်။

လမ်းမီးတိုင်များတွင် LED မီးများတပ်ဆင်ပေးသဖြင့် ညပိုင်းသွားလာမှုတွင် ယာဉ်အန္တရာယ်နှင့် လုယက်မှုများလျော့နည်းသွားကြောင်း၊ လမ်းမီးများလင်းထိန်နေသဖြင့် နေအိမ်များ သူခိုးဝင်ရောက်မှုများလည်း နည်းပါးသွားကြောင်း၊ လုံခြုံမှုပြည့်ဝလာကြောင်း ၆၂ လမ်း မဟာမြိုင် (၂) ရပ်ကွက်တွင်နေထိုင်သူတစ်ဦးက ၎င်း၏အမြင်ကို ပြောပြသည်။

**မောင်ပြည်သူ(မန္တလေး)**

# ပျော်ဘွယ်မြို့နယ်၌ ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံအသစ် တိုးချဲ့တည်ဆောက်



**ပျော်ဘွယ် ဇူလိုင် ၃၁**

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်၌ ပြည်သူများ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ပျော်ဘွယ်မြို့နယ် ရွှေညောင်ဖူးကျေးရွာတွင် ၃၃/၁၁ကေဗွီ၊ ၃ အမ်ဗွီအေ ရွှေညောင်ဖူး ဓာတ်အားခွဲရုံသစ်နှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်း (၂ ဒသမ ၅) မိုင်အားတိုးချဲ့တည်ဆောက်ပြီးဖြစ်သည်။

၃၃/၁၁ ကေဗွီ၊ ၃ အမ်ဗွီအေ ရွှေညောင်ဖူးဓာတ်အားခွဲရုံကို မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၃၃၃ သန်းဖြင့် တိုးချဲ့တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မကြာမီ ဓာတ်အားပို့လွှတ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ရွှေညောင်ဖူးဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ခြင်းဖြင့် ၎င်းခွဲရုံအနီး တစ်ဝိုက်တွင်ရှိသည့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာ ၄၄ ရွာ၊ ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာ အိမ်ထောင်စုပေါင်း ၇၃၃၀ ခန့်တို့ လျှပ်စစ်ဓာတ်အား သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ဒုတိယမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးခင်အောင်အေးထံမှ သိရသည်။

**တင်ဦး(ရမည်းသင်း)**

# ကရင်ပြည်နယ်၌ သံလွင်မြစ်ရေကြီးမှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အခြေခံပညာကျောင်းပေါင်း ၃၉၆ ကျောင်း ပိတ်ထားရ

**ဘားအံ ဇူလိုင် ၃၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဇူလိုင် ၃၀ ရက် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၉၃၈ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး နှစ်ပေါင်း ၅၃ နှစ်အတွင်း အမြင့်ဆုံးရေအမှတ်ဖြစ်ခဲ့သည်။

ကရင်ပြည်နယ်အတွင်း သံလွင်မြစ်ရေကြီးမှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇူလိုင် ၃၁ ရက်အထိ ပိတ်ထားရသည့် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှာ ဘားအံမြို့နယ်တွင် ၂၁၇ ကျောင်း၊ လှိုင်းဘွဲ့မြို့နယ် တွင် ၆၆ ကျောင်း၊ ဖာပွန်မြို့နယ်တွင်၄၂ကျောင်း၊ ကော့ကရိတ်မြို့နယ်တွင် ၄၇ ကျောင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ၂၃ ကျောင်း၊ မြဝတီမြို့နယ်တွင် တစ်ကျောင်း စုစုပေါင်း ၃၉၆ ကျောင်း ပိတ်ထားရကြောင်း သိရှိရသည်။



အဆိုပါ ပိတ်ထားခဲ့သည့် အခြေခံပညာကျောင်းများရှိ ကျောင်းသားများ ပညာသင်ကြားမှု နောက်မကျစေရန်အတွက် ကျောင်းပိတ်ရက်နှစ်ရက်တွင် တစ်ရက် ပြန်ဖွင့်မည်ဖြစ်ပြီး ကျောင်းဖွင့်ရက်တွင်လည်း အချိန်ပိုဖွင့်ကာ ပြန်လည်သင်ကြားပေးမည်ဖြစ်ကြောင်း ကရင်ပြည်နယ်ပညာရေးမှူးထံမှ သိရှိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စစ်တောင်းမြစ်ရေကျဆင်းလာသော်လည်း မြစ်ရေတားတမံများကို စောင့်ကြည့်လျက်ရှိ

**ကျောက်ကြီး ဇူလိုင် ၃၁**

ယခုရက်ပိုင်း စစ်တောင်းမြစ်ရေအနည်းငယ် ကျဆင်းလာသော်လည်း မြစ်ရေဝင်ရောက်မှု များပြားသည့် တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်၌ ကျေးရွာများနှင့် စပါးစိုက်ခင်းများ မြစ်ရေဝင်ရောက်မှု သက်သာစေရန် တည်ဆောက်ထားသော ရေတားတာများကို ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ နေ့ညမပြတ်ကွင်းဝန်ထမ်းများဖြင့် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

နတ်သံကွင်း၊ ရေတွင်းကုန်းကြီး၊ ပဲ့သောင်၊ ကျောက်စရစ်၊ ရွှေသောင်၊ ထိုးဝါးစိုက်၊ တောကြောင်ပေါက်၊ ဝက်တူး၊ ရေလဲ၊ ကျွန်းပင်ဆိပ်(မုန်း) ကျေးရွာများရှိ ရေတားတာများကို တာလျှောခြင်း၊ ထူးပေါက်နိမ့်ကျခြင်းတို့မှ ကာကွယ်နိုင်ရန် မျှောတိုင်ချောင်းရေ ၁၀၀၀၀၊ ပီနံသဲအိတ်ပေါင်း ၈၀၀၀၊ သဲ ၁၀ ကျင်း၊ ဂဝံမြေသား ၁၀ ကျင်းတို့ဖြင့် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။



"စစ်တောင်းမြစ်ရေက အခုကျသွားပေမယ့် ရာသီဥတုကြောင့် အထက်ပိုင်းဒေသတွေမှာ မိုးများရင် ပြန်တက်လာနိုင်လို့ ကျွန်တော်တို့ဌာနက ရေတားတာတွေချည်း မဟုတ်ပါဘူး။ အခြားနေရာတွေမှာ လိုအပ်လာလို့ အကူအညီတောင်းလာရင် နည်းပညာပိုင်းရော၊ ပီနံအိတ်ခွံ၊ မျှောတိုင် အကုန်လုပ်ပေးပါတယ်။ ဒေသခံတွေအနေနဲ့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်ကြတဲ့အခါကျတော့ စိတ်မချရလို့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ ဝိုင်းလုပ်ပေးရတာ နေရာအနှံ့ပါပဲ"ဟု ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်ရှိန်က ရှင်းလင်းပြောကြားသည်။

**ကိုလွင်(ဆွာ)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကမ်းပါးယံပြိုကျ၍ ရန်ကုန်-ပုဂံရထားခရီးစဉ်အား ယာယီပိတ်ထား

**ဆင်ပေါင်ဝဲ ဇူလိုင် ၃၁**

ဆင်ပေါင်ဝဲမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယနေ့နံနက်ပိုင်းက ဧကရာဇ်ရဲစခန်းမှ သုံးမိုင်ခန့်အကွာ ထောက်မကျေးရွာအုပ်စု ငွေးချိုကျေးရွာအနီး ရန်ကုန်-ပုဂံရထားလမ်း မိုင်တိုင်အမှတ်(၂၁၇/၁၇)နှင့် (၂၁၈/၁၈)ရှိ ရထားလမ်းပေါ်၌ ကမ်းပါးယံပြိုကျ၍ ရထားလမ်းအရှည် ၁၅၆ ပေ၊ အကျယ်ခြောက်ပေ၊ အမြင့် လေးပေခန့် မြေပြိုမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရထားလမ်းမြေပြိုမှုကို တောင်တွင်းကြီးမှ ရထားလမ်းလက်ထောက်အင်ဂျင်နီယာ ဦးသိန်းထွန်း ဦးစီး၍ အလုပ်သမား ၂၀ ခန့်ဖြင့် ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ရထားလမ်းခရီးစဉ်အား ယာယီပိတ်ထားကြောင်း သိရှိရသည်။

**နေခြည်(ဆင်ပေါင်ဝဲ)**



# မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင် နေ့ကလေးထိန်းကျောင်း သုံးကျောင်းအား လူမှုဝန်ထမ်းဦးစီးဌာနသို့လွှဲပြောင်း

**ရန်ကုန် ဇူလိုင် ၃၁**

လှိုင်သာယာစက်မှုဇုန်ရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင် နေ့ကလေးထိန်းကျောင်း သုံးကျောင်းအား လူမှုဝန်ထမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက်က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး(အစည်းအဝေးခန်းမ)၌ ပြုလုပ်သည်။

အဆိုပါ နေ့ကလေးထိန်းကျောင်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ယခင်မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)က လှိုင်သာယာမြို့သစ် တည်ထောင်ပြီးနောက် စက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်လုပ်ကိုင်နေသည့် ကလေးမိခင်များ ကောင်းမွန်စွာ အလုပ်လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ နေ့ကလေးထိန်းကျောင်း တစ်ကျောင်းလျှင် မတည်ငွေကျပ် သိန်း ၁၀၀ ဖြင့် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး နေ့ကလေးထိန်းကျောင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုအခါ လူမှုဝန်ထမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်က "ဌာနဆိုင်ရာတွေက နေပြည်တော်ကို ပြောင်းရွှေ့တော့ ကျောင်းတွေရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လုပ်ပေးနိုင်တဲ့ လူမှုဝန်ထမ်းဦးစီးဌာနနဲ့ သက်ဆိုင်လို့ လွှဲပြောင်းပေးဖို့ ဆောင်ရွက်ခဲ့တာပါ" ဟု ပြောသည်။

ကလေးထိန်းကျောင်း သုံးကျောင်းရှိ ဆရာ ဆရာမများနှင့် ကလေးငယ်များအား မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံဆောင်ရွက်ထားသည့်အတိုင်း လတ်တလောတွင် ဆက်လက်ဆောင်ရွက်ထားမည်ဖြစ်ပြီး နောက်ပိုင်းတွင် လူမှုဝန်ထမ်းဦးစီးဌာနပိုင်အဖြစ် ပြောင်းလဲပြီးပါက အသက် ၅၀ အောက် ဆရာ ဆရာမများအား ဝန်ထမ်းအဖြစ် ဆက်လက်ခန့်ထားရေး၊ ကလေးငယ်များအတွက် တစ်နေ့စားစရိတ် ကျပ် ၃၅၀ ရရှိရေးတို့ကိုပါ ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

"လူမှုဝန်ထမ်းဦးစီးဌာနမှာရှိတဲ့ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဗဟိုဌာနကနေ ဆရာမကြီးတွေ ကိုယ်တိုင်ရော၊ လှိုင်သာယာမှာရှိတဲ့ ကျောင်းအုပ်တွေ ကိုယ်တိုင်ကပါ သင်ထောက်ကူပစ္စည်းတွေနဲ့ လိုအပ်တဲ့ နည်းပညာပိုင်းတွေပါ ထောက်ပံ့ပေးမှာပါ "ဟု ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်က ပြောသည်။

လူမှုဝန်ထမ်းဦးစီးဌာနသို့ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပထမဆုံးအကြိမ်လွှဲအပ်သည့် လှိုင်သာယာမြို့နယ်ရှိ နေ့ကလေးထိန်းကျောင်း သုံးကျောင်းကို ၂၀၀၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ဆရာ ဆရာမ ၂၅ ဦးနှင့် ကလေးငယ် ၂၅၀ ရှိကြောင်းနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျန်ရှိနေသေးသည့် နေ့ကလေးထိန်းကျောင်းများကိုလည်း မကြာမီ ဆက်လက်လွှဲပြောင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း တက်ရောက်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**သီသီမင်း**

# ရန်ကုန်မြို့၌ လူထုစုပေါင်း စက်ဘီးသရုပ်ပြစီးနင်းပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၃၁**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူများ အသက်ရှည်ကျန်းမာရေးနှင့်ရောဂါဘယကင်းဝေးစေရေး၊ပြည်သူလူထုအတွင်း စက်ဘီးစီးအားကစားကို စိတ်ပါဝင်စားလာစေပြီး ပါဝင်လှုပ်ရှားလာစေရေးရည်ရွယ်၍ ဇူလိုင် ၂၉ ရက် နံနက် ၆ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြကျွန်းသာရှေ့၌ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် 100 Plus အားဖြည့်အချိုရည်က ပံ့ပိုးကူညီ၍ ပူးပေါင်းကျင်းပသည့် လတစ်လ၏ နောက်ဆုံးပတ်က လူထုစုပေါင်းစက်ဘီးသရုပ်ပြစီးနင်းပွဲ ကျင်းပခဲ့သည်။

သရုပ်ပြပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က စက်ဘီးသရုပ်ပြစီးနင်းခြင်းကို သေနတ်ပစ်ဖောက်တာလွှတ်ပေးကာ စက်ဘီးအားကစား ဝါသနာရှင် ၅၀၀ ခန့်က အင်းလျားကန်တစ်ပတ်ပတ်ပြီး ကမ္ဘာအေးဘုရားလမ်း မြကျွန်းသာရှေ့၌ ပန်းဝင်ခဲ့ကြကြောင်း သိရသည်။

**နေသစ်ဦး**

**ဥတု ရာသီ တောကို မှီ၏**

# ကချင်ပြည်နယ် တရားလွှတ်တော်ရုံးသို့ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ



**မြစ်ကြီးနား ဇူလိုင် ၃၁**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ရုံးဝင်းအတွင်း တရားစီရင်မှုဆိုင်ရာများအား မြစ်ကြီးနားတက္ကသိုလ် ဥပဒေဘာသာရပ် ပါမောက္ခ၊ ဌာနမှူး ဒေါက်တာဝါဝါထွန်း ဦးဆောင်သော ဥပဒေဘာသာရပ်ဌာနမှ ကျောင်းသား ကျောင်းသူများသည် ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီခွဲက လာရောက်လေ့လာရာ ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဦးဇော်ဝင်းနှင့် တရားသူကြီး ဒေါ်ပြုံးပြုံးအေးတို့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ခရိုင်နှင့် မြို့နယ်တရားရုံးများ၊ ဖွဲ့စည်းပုံအဆင့်ဆင့်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကာ ကချင်ပြည်နယ်တရားရေးဦးစီးမှူးက ကမ္ဘာပေါ်တွင် တရားစီရင်ရေးကဏ္ဍပေါ်ပေါက်လာပုံနှင့် မြို့နယ်၊ ခရိုင်တရားရုံးများမှ တရားစီရင်ချက်ချနိုင်ပုံများ၊ တရားရုံးသို့ ဦးတိုက်လျှောက်ထားသည့် အမှုနှင့် ရာဇဝတ်မှု တရားမမှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြစ်ကြီးနားတက္ကသိုလ် ဥပဒေဘာသာရပ်ဌာန ပါမောက္ခ၊ ဌာနမှူး ဒေါက်တာဝါဝါထွန်းက ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာသည့် ဥပဒေဘာသာရပ်ဌာန ကျောင်းသား ကျောင်းသူများအား တစ်ဖွဲ့လျှင် ၂၀ ဦးဖြင့် အဖွဲ့ငယ်ငါးဖွဲ့ခွဲ၍ ခရိုင်နှင့် မြို့နယ်တရားရုံးများတွင် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုမှတ်တမ်းများရယူကာ ဥပဒေဘာသာရပ် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူ ၁၀၁ ဦး လာရောက်လေ့လာကြကြောင်း သိရသည်။

**ဦးလေးကြီး**

# မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များစာရင်း မန္တလေးမြို့၌ ကောက်ယူ

**မန္တလေး ဇူလိုင် ၃၁**
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များ စာရင်းကောက်ယူရေးစီမံချက်သည် အနာဂတ်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဇောအောင်က ပြောကြားသည်။

အဆိုပါစီမံချက်ဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ခြောက်မြို့နယ်မှ ရပ်ကွက် ၁၀၆ ရပ်ကွက်အတွင်းရှိ နေအိမ်အဆောက်အအုံအသီးသီး၏ အချက်အလက်များစာရင်းကို ဇူလိုင် ၆ ရက်မှစ၍ အဖွဲ့သုံးဖွဲ့ခွဲကာ အပတ်စဉ် နှစ်ရက်နှုန်းဖြင့် တစ်ပြိုင်တည်းကောက်ယူလျက်ရှိရာ လက်ရှိ ဇူလိုင် ၂၁ ရက်ထိ တွေ့ရှိချက်စာရင်းများအရ လစ်ဟာမှုများ၊ ကွာဟချက်များနှင့် လိုအပ်ချက်များကို တွေ့ရှိလာသဖြင့် အနာဂတ်မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဘတ်ဂျက်လျာထားဆောင်ရွက်ရန် အထောက်အကူပြုလာမည်ဖြစ်ကြောင်း သိရသည်။

“ဒီစီမံချက်က ကျွန်တော်အလုပ်ချင်ဆုံး စီမံချက်တွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ လက်ရှိကျွန်တော်တို့အခွန်ဌာနမှာ ခြောက်မြို့နယ်အတွင်း အိမ်ခွန်စည်းကြပ်တဲ့စာရင်းက တစ်သိန်းသုံးသောင်းကျော်ပဲရှိနေပေမယ့် ဇူလိုင် ၂၁ ရက်ထိ ကောက်ခံရရှိတဲ့အိမ်အလုံးရေ တစ်သောင်းသုံးထောင်သုံးရာလောက်မှာ အိမ်ငါးထောင်လောက်က အခွန်စည်းကြပ်မှုမရှိသေးတာတွေ့ရတယ်။ ဒီအတိုင်းသာဆိုရင် စီမံချက်အပြီးမှာ အခွန်ဌာနအတွက် အခွန်စည်းကြပ်နိုင်မယ့် အိမ်အလုံးရေကနှစ်ဆလောက်တိုးတက်လာမယ်လို့ ခန့်မှန်းထားပါတယ်” ဟု ၎င်းကပြောသည်။

လက်ရှိတွင် ၎င်းစီမံချက်အမြန်ဆုံးပြီးစီးနိုင်ရန်နှင့် ကောက်ခံရရှိသည့် အချက်အလက်များ မြေပြင်အခြေအနေနှင့် တိကျမှုမှန်ကန်မှုရှိစေရန် ဇူလိုင် ၂၆ ရက်မှစ၍ တစ်ရပ်ကွက်လျှင် အဖွဲ့လေးဖွဲ့ဖြင့် တစ်ပတ်လျှင် သုံးရက်နှုန်း တိုးမြှင့်ကောက်ခံလျက်ရှိကာ အဆိုပါအဖွဲ့များတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သက်ဆိုင်ရာဌာနအသီးသီးမှ အင်ဂျင်နီယာများ၊ ဝန်ထမ်းများပါဝင်ပြီး ၎င်းအဖွဲ့အသီးသီးကို ကြီးကြပ်ကွပ်ကဲရန် သက်ဆိုင်ရာမြို့နယ်အသီးသီးမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးများက ပါဝင်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

“အခုလို အချက်အလက်တွေကောက်ခံတာက အခွန်တိုးမြှင့်ကောက်ခံဖို့၊ အခွန်တွေ ထပ်ကောက်ဖို့အတွက် မဟုတ်ပါဘူး။ သက်ဆိုင်ရာဌာနတွေကို တွေ့ရှိတဲ့လိုအပ်ချက်တွေကို ဖြန့်ဝေပေးမှာဖြစ်လို့ နောင်နှစ်တွေမှာ သူတို့တွေက မြို့တော်မှာလိုအပ်ချက်တွေကို အပိုင်းအလိုက်ဘတ်ဂျက်ရေးဆွဲနိုင်မယ်။ နိုင်ငံတကာနဲ့ ဆက်ဆံတဲ့အခါ၊ နိုင်ငံတကာအလှူရှင်တွေ၊ နီးစပ်ရာအလှူရှင်တွေနဲ့ တွေ့တဲ့အခါ ဘယ်အပိုင်းတွေက လိုအပ်နေပါတယ်၊ ဘာတွေကို ကူညီနိုင်ပါတယ်ဆိုတာ ပြောနိုင်မှာပါ။ ဒီအချက်အလက်တွေကိုကြည့်ပြီး မြို့မှာ ဘယ်လိုပုံစံတွေလုပ်မလဲ၊ ရေမီတာတွေဘယ်လိုတပ်ဆင်မလဲ၊ ရေပိုက်လိုင်းတွေ ဘယ်လိုတပ်ဆင်မလဲဆိုတာသိနိုင်မယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါစာရင်းကောက်ယူမှုနှင့်ပတ်သက်၍ ချမ်းအေးသာစံမြို့နယ် အောင်တော်မူရပ်ကွက်နေ ဦးရဲဝင်းက “မန္တလေးမြို့က နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း အများကြီးတိုးတက်ပြောင်းလဲသွားပြီ။ ဒီလိုမြေပြင်ဆင်းပြီး မြို့ပြအချက်အလက်တွေကို ကောက်ယူတာကောင်းပါတယ်။ လစ်ဟာနေတဲ့အခွန်တွေလည်း ရရှိနိုင်သလို လူနေမှု လိုအပ်ချက်တွေကိုလည်း တွေ့ရှိတဲ့အတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးဖို့လိုပါတယ်” ဟု ပြောသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ယခုဆောင်ရွက်နေသည့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များစာရင်းကောက်ယူရာတွင် မိလ္လာ၊ ရေသုံးစွဲမှုစနစ်၊ လုပ်ငန်းလုပ်ကိုင်နေပါက လုပ်ငန်းလိုင်စင်ရှိ-မရှိ၊ နံရံကပ်ကြော်ငြာရှိ-မရှိ၊ လုပ်ငန်းအသုံးပြုသည့်ကားရှိ-မရှိ၊ ဂရန်ရှိ-မရှိ၊ အိမ်ပိုင် (သို့) အိမ်ငှားနေထိုင်သူ၊ အိမ်ခွန်စည်းကြပ်မှုရှိ-မရှိတို့ကို ကောက်ယူလျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# အမျိုးသား၊ အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဇူလိုင် ၃၁**
မိတ္ထီလာတက္ကသိုလ်တွင် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲက တက္ကသိုလ်အားကစားခန်းမတွင် ကျင်းပကြောင်းသိရသည်။

အဆိုပါ ကြက်တောင်ရိုက်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာကိုသင်ယူရုံမျှမက အားကစားဘက်တွင်လည်း ထူးချွန်သူများဖြစ်အောင် ကြိုးစားကြရန်လိုအပ်ကြောင်း၊ ကြက်တောင်ရိုက်အားကစားနည်းသည် ကျောင်းသား ကျောင်းသူများအား ကျန်းမာကြံ့ခိုင်သည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေနိုင်ပြီး နိုင်ငံတော်အဆင့်၊ နိုင်ငံတကာအဆင့်အထိ ကြက်တောင်အားကစားနည်းဖြင့် ထူးချွန်သည့်အားကစားသမားများဖြစ်အောင် ရည်မှန်းပြီး ကြိုးစားကြရန်လိုအပ်ကြောင်း၊ ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူအချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိစေရန် ဦးတည်၍ အားကစားစိတ်ဓာတ်ဖြင့်ယှဉ်ပြိုင်ကစားကြစေလိုကြောင်း ဒုတိယပါမောက္ခချုပ် ဒေါက်တာကေသီသင်းက ထည့်သွင်းပြောကြားသည်။

အဆိုပါ ကြက်တောင်ရိုက်ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ၌ သတ္တဗေဒ၊ သချ်ာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ အရှေ့တိုင်းပညာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ မြန်မာစာ စုစုပေါင်း ၁၀ သင်းနှင့် အမျိုးသမီးပြိုင်ပွဲတွင် ဓာတုဗေဒ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဘူမိဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ သချ်ာ၊ ရူပဗေဒ စုစုပေါင်းကိုးသင်း ပါဝင်ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## တိုတိုထွာထွာဖတ်စရာ

### ညောင်တုန်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးပညာပေး

**ညောင်တုန်း**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီက ညောင်တုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်းက အဖွင့်အမှာစကားပြောကြားပြီး ပုသိမ်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု ၇ မှ ဒုတပ်ဖွဲ့စိတ်မှူး ဒုရဲမှူးသက်ဦးက ပြည်သူလူထု လူကုန်ကူးမှုအသိပညာရရှိစေရန်၊ လူကုန်ကူးမခံရစေရန်နှင့် လူကုန်ကူးမှုအား စုပေါင်းကာကွယ်တတ်စေရန်အကြောင်းတို့ကို ပါဝါပွိုင့် ဖြင့် အသေးစိတ်ရှင်းလင်းဟောပြောခဲ့သည်။ **ဝဠာနိုင်(ညောင်တုန်း)**

### သံတောင်ကြီးမြို့၌ ရော်ဘာပင်ကြား ကော်ဖီပင် စမ်းသပ်စိုက်ပျိုး

**သံတောင်ကြီး**
ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် စီပင်ကြီးကျေးရွာအုပ်စု ချောင်းနှစ်ခွကျေးရွာ တောင်သူဦးစောဆဲလ်အယ်ဒို၏ရော်ဘာခြံတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏အစီအစဉ်ဖြင့် ရော်ဘာပင်ကြား ကော်ဖီပင်များစိုက်ပျိုးခြင်းကို စမ်းသပ်စိုက်ပျိုးခဲ့ကြသည်။

ရော်ဘာစိုက်တောင်သူများအား ရော်ဘာသီးနှံမှ ဝင်ငွေရရှိစေခြင်းအပြင် ရော်ဘာပင်ကြား ကော်ဖီပင်စိုက်ပျိုးခြင်းဖြင့် မိသားစုအတွက်ဝင်ငွေတိုးစေမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းထိုက်မင်းက ပြောကြားသည်။ အဆိုပါရော်ဘာပင်ကြား စံပြကော်ဖီစိုက်ပျိုးခြင်းလုပ်ငန်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သော ကော်ဖီမျိုးသန့်နှင့် စိုက်ပျိုးနည်းပညာများ ပံ့ပိုးပေးခဲ့ကြောင်းသိရသည်။
**မြို့နယ်(ပြန်/ဆက်)**

### မှူခင်းအသိပညာပေးဟောပြော

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၁၆) ရပ်ကွက် အောင်ရတနာလမ်း အုပ်ချုပ်ရေးမှူးရုံးတွင် ဇူလိုင် ၂၇ ရက် ညနေ ၅ နာရီက ဒဂုံမြို့သစ်မြောက်ပိုင်း မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ်တင်ဝင်းထွန်းက သက်ငယ်မုဒိမ်းမှုပပျောက်စေရေးနှင့် မှူခင်းအသိပညာပေးဟောပြောခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူ ၅၁ ဦး တက်ရောက်ကြောင်းသိရသည်။ **ကိုရဲ**

### သုံးခွ၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အဇန်တောစွန်းကျေးရွာဘုန်းတော်ကြီးကျောင်းတိုက်တွင် သုံးခွမြို့မရဲစခန်းမှူး ဒုရဲမှူးအောင်နိုင်ဦးသည် ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁ နာရီက သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောရာ အဇန်တောစွန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) မှ အလယ်တန်းကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**



ကဝမြို့နယ် နဘဲပင်ကျေးရွာအုပ်စုအတွင်း ပဲခူးမြစ်ရေ ဝင်ရောက်မှုကြောင့် ရေနစ်မြုပ်သောကျေးရွာများ၌ ဇူလိုင် ၃၀ ရက်က ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လုံခြုံရေး လှည့်ကင်းများ လှည့်လည်ဆောင်ရွက်နေစဉ်။
**မြို့နယ်(ပြန်/ဆက်)**



# လူမှုကွန်ရက်မီဒီယာကို ပြန်လည်အသုံးပြုလာတဲ့ အရီရန်နာဂရန်းဒ်

ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်အနေနဲ့ လူမှုကွန်ရက်မီဒီယာနဲ့ အဆက်အသွယ်ဖြတ်ထားမှာဖြစ်ကြောင်း ပြောကြားခဲ့တာ အချိန်အကြာကြီးကို ရည်ညွှန်းခဲ့ခြင်း မဟုတ်တန်ပါဘူး။ သူဟာ လူမှုကွန်ရက်မီဒီယာနဲ့ ခေတ္တသာလမ်းခွဲခဲ့ပြီး လတ်တလောမှာတော့ ပြန်လည်အသုံးပြုလာတာကို တွေ့ရပါတယ်။

ဇူလိုင် ၃၁ ရက်မှာတော့ အရီရန်နာဂရန်းဒ်က သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ စာသားအချို့ကို ရေးသားဖော်ပြလာတာဖြစ်ပါတယ်။ ဒါကတော့ သူ့ရဲ့တေးသီချင်းသစ် "Pete"ကို "Pete Davidson"လို့ ပြောင်းလဲလိုက်တာနဲ့ပတ်သက်ပြီး အွန်လိုင်းမီဒီယာတွေပေါ်မှာ ဝေဖန်ရေးသားမှုတွေ ရှိခဲ့တာကြောင့် ပေါ့ပ်ကြယ်ပွင့်ဘက်က ပြန်လည်ဖြေရှင်းခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ပီးထ်ဒေးဗစ်ဆန်နဲ့ လက်တွဲနေတဲ့ အရီရန်နာဂရန်းဒ်က သူ့ရဲ့ တေးအယ်လ်ဘမ်သစ်မှာပါဝင်တဲ့ တေးသီချင်း "Pete "ကို "Pete Davidson"လို့ ပြောင်းလဲခဲ့ပါတယ်။ ဒီလိုချစ်သူရဲ့အမည်ကို တေးသီချင်းအမည်အဖြစ်ပေးခဲ့ရာမှာတော့ အချို့သောပရိသတ်တွေက ဝေဖန်ခဲ့ပါတယ်။ ဒီဝေဖန်မှုတွေအပေါ် အရီရန်နာဂရန်းဒ်က သူဟာ ပီးထ်ဒေးဗစ်ဆန်ကို ချစ်သလို သူ့ရဲ့အမည်ကိုလည်း ချစ်တာကြောင့် တေးသီချင်းအမည်အဖြစ် ပြောင်းလဲခဲ့တာဖြစ်ကြောင်း တွစ်တာစာမျက်နှာပေါ်မှာ ဖော်ပြလာတာပါ။ ဒ့ါအပြင် ပေါ့ပ်ကြယ်ပွင့်က တေးဂီတသည်သာ ထာဝရတည်ရှိနေမယ့်အရာဖြစ်ကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။

အရီရန်နာဂရန်းဟာ ချစ်သူဟောင်း မစ်ခ်မေလာနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ပြီး မကြာမီမှာပင် ချစ်သူသစ်ရနေပြီဖြစ်ကြောင်း ပြောကြားကာ ပီးထ်ဒေးဗစ်ဆန်နဲ့ ပေါ်ပေါ်ထင်ထင် လက်တွဲလာခဲ့သူပါ။ ဒ့ါအပြင် ချစ်သူသက်တမ်း တစ်လမပြည့်မီမှာပင် နှစ်ဦးသား စေ့စပ်လိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ပြန်ပါတယ်။ ဒါကြောင့် အချိန်တိုအတွင်း ချစ်သူသစ်နဲ့ လက်တွဲကာ စေ့စပ်ခဲ့တဲ့ အရီရန်နာဂရန်းဒ်ကို အချို့သော ပရိသတ်တွေက အဆိုးမြင်တဲ့ဘက်က ဝေဖန်မှုတွေရှိခဲ့ကြောင်းလည်း သိရပါတယ်။


**အေးပြည့် - ရေးသားသည်**

# ချစ်သူသစ်ရနေပြီဖြစ်ကြောင်း သတင်းတွေထွက်လာတဲ့ ရောဘတ်ပတ်တီဆန်

ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်သူ ရောဘတ်ပတ်တီဆန်ကို လတ်တလောမှာတော့ မော်ဒယ်လ်တစ်ဦးဖြစ်သူ စူကီဝါးတားဟောက်စ်နဲ့တွဲကာ လန်ဒန်မှာ အလည်အပတ်ထွက်ခဲ့ကြတာကို ဒီသတင်းပတ်အကုန်မှာ တွေ့ခဲ့ရကြောင်း ဟောလိဝုဒ်မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြတာ တွေ့ရပါတယ်။

"Twilight"ဇာတ်လမ်းတွဲရုပ်ရှင်တွေမှာ အဓိကဇာတ်ကောင်ဖြစ်တဲ့ အက်ဒ်ဝက်ဒ်ကူလန်အဖြစ် ပါဝင်ခဲ့ရာမှ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်လာခဲ့တဲ့ ရောဘတ်ပတ်တီဆန်နဲ့ မော်ဒယ်လ်စူကီဝါးတားဟောက်စ်တို့ဟာ "Mamma Mia! Here We Go Again" ရုပ်ရှင်ကို အတူကြည့်ခဲ့ကြပြီး ရုပ်ရှင်ရုံကနေ ပြန်အထွက်မှာတော့ စားသောက်ဆိုင်မှာ အတူရှိနေခဲ့ကြပါတယ်။ အဲဒီနောက် ဒေသစံတော်ချိန် တစ်နာရီခန့်မှာတော့ နှစ်ဦးသားအတူ နေအိမ်ကို လမ်းလျှောက်ပြန်ခဲ့ကြတာဖြစ်တယ်လို့ မျက်မြင်သက်သေတွေက ပြောကြားခဲ့ကြပါတယ်။

သူတို့နှစ်ဦးဟာ အလွန်ကို ရင်းနှီးနေတဲ့ဟန်ရှိပြီး နှစ်ဦးသား ပွေ့ဖက်ခဲ့တာကိုလည်း တွေ့ရပါတယ်။



ရောဘတ်ပတ်တီဆန်ဟာ "Twilight"မှာ အတူတွဲဖက်ပါဝင်ခဲ့တဲ့ ဇာတ်ဆောင်မင်းသမီး ခရစ်စတင်းစတူးဝပ်နဲ့ ချစ်သူတွေဖြစ်ခဲ့ကြပြီး နောက်ပိုင်းမှာ လမ်းခွဲခဲ့ပါတယ်။ အဲဒီနောက် တေးသံရှင်တစ်ဦးဖြစ်သူ အက်ဖ်ကေအေတွစ်နဲ့ လက်တွဲခဲ့ပြီး နှစ်အတော်ကြာ လက်တွဲခဲ့ကာ စေ့စပ်ခဲ့ကြပါတယ်။ နောက်ပိုင်းမှာတော့ နေရပ်တွေ ဝေးကွာလွန်းတာကြောင့် ဆက်ဆံရေးအဆင်မပြေဖြစ်ကာ လမ်းခွဲခဲ့ကြပါတယ်။ ပြီးခဲ့တဲ့ မတ်လအတွင်းမှာတော့ ရောဘတ်ပတ်တီဆန်နဲ့ ခရစ်စတင်းစတူးဝပ်တို့ ပါတီပွဲတစ်ခုမှာ ပြန်လည်ဆုံတွေ့ခဲ့ကြရာ ရင်းရင်းနှီးနှီးရှိနေတာကြောင့် နှစ်ဦးသား ဇာတ်လမ်းပြန်စတော့မှာဖြစ်ကြောင်း မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ ဒီသတင်းတွေဟာ မဖြစ်နိုင်တော့ဘူးလို့ ဆိုရမှာဖြစ်ပါတယ်။

# ဟောင်ကောင်ကို အလည်အပတ်ထွက်ခဲ့ကြတဲ့ ရိန်း နဲ့ ကမ်တေဟီး



တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့် မောင်နှံနှစ်ဦးဖြစ်တဲ့ ရိန်းနဲ့ ကမ်တေဟီးတို့ဟာ လတ်တလောမှာတော့ ဟောင်ကောင်ကို အတူတကွ အလည်အပတ်ထွက်ခဲ့ကြတာကို တွေ့ရပါတယ်။ သူတို့နှစ်ဦး ဟောင်ကောင်မှာရှိနေစဉ် ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေဟာလည်း လတ်တလောမှာတော့ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့နေကြောင်း အောလ်ကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၃၀ ရက်မှာ ဟောင်ကောင်ရဲ့ လမ်းမတွေပေါ်မှာ လျှောက်နေကြတဲ့ ရိန်းနဲ့ ကမ်တေဟီးတို့ရဲ့ ပုံရိပ်တွေဟာ အွန်လိုင်းပေါ်မှာ ပျံ့နှံ့လာခဲ့တာဖြစ်ပါတယ်။ ဒီဓာတ်ပုံတွေမှာတော့ ကြယ်ပွင့်မောင်နှံဟာ တီရှပ်အင်္ကျီနဲ့ ဂျင်းဘောင်းဘီကို ဝတ်ဆင်ထားပြီး နေကာမျက်မှန်ကိုယ်စီ တပ်ထားတာကိုလည်း တွေ့ရပါတယ်။

ရိန်းနဲ့ ကမ်တေဟီးတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း လက်ထပ်ခဲ့ကြတာဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ ပထမဆုံးရင်သွေးလေးဖြစ်တဲ့ သမီးလေးကိုတော့ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း မွေးဖွားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

# စစ်မှုထမ်းဆောင်တော့မယ့် ဂျွန်ဟွန်း



တောင်ကိုရီးယားရဲ့ ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဂျွန်ဟွန်းဟာ မကြာမီ စစ်မှုစတင်ထမ်းဆောင်ရတော့မှာ ဖြစ်ပါတယ်။ သူဟာ ကေပေါ့ပ်အမျိုးသားတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ "CNBLUE"ရဲ့ စစ်မှုထမ်းဆောင်ရမယ့် နောက်ဆုံးအဖွဲ့ဝင်လည်း ဖြစ်ပါတယ်။ အခြားသောအဖွဲ့ဝင်တွေဟာ စစ်မှုထမ်းဆောင်ခဲ့ပြီဖြစ်ကာ ဂျွန်ဟွန်းကလည်း မကြာမီ စစ်မှုထမ်းဆောင်တော့မှာ ဖြစ်တာကြောင့် "CNBLUE"အဖွဲ့ဝင်တွေ အားလုံး စစ်မှုထမ်းဆောင်ခဲ့ပြီး ဖြစ်လာတော့မှာပါ။

ပြီးခဲ့တဲ့ ဇူလိုင် ၃၁ ရက်မှာတော့ အဖွဲ့ရဲ့ အေဂျင်စီက ဂျွန်ဟွန်းစစ်မှုထမ်းဆောင်တော့မယ့်အကြောင်းကို တရားဝင်ထုတ်ဖော်ပြောကြားလာတာပါ။ သူဟာ ဩဂုတ်လ လလယ်ပိုင်းလောက်မှာ စစ်မှုစတင်ထမ်းဆောင်သွားမှာဖြစ်ပြီး အခြားသော အဖွဲ့ဝင်တွေကဲ့သို့ စစ်မှုထမ်းရက်တွေကို တိတ်တဆိတ်သာ စတင်လိုတာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒါကြောင့် သူစစ်မှုစတင်ထမ်းဆောင်မယ့်ရက်အတိအကျနဲ့ စစ်မှုထမ်းဆောင်မယ့်နေရာကိုတော့ ထုတ်ဖော်ပြောကြားခြင်း မရှိပါဘူး။ ဒါပေမယ့် သူဟာ လူမှုရေးလုပ်ငန်းတွေကို လုပ်ဆောင်ခြင်းဖြင့် စစ်မှုထမ်းဆောင်ခြင်းမျိုးမဟုတ်ဘဲ စစ်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်သွားမှာဖြစ်တယ်လို့ အသိပေးခဲ့ကြောင်း အောလ်ကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စစ်မှုထမ်းဆောင်တော့မယ့် သတင်းနဲ့ပတ်သက်ပြီး ဂျွန်ဟွန်းက အေဂျင်စီမှ ထုတ်ဖော်မပြောကြားမီကတည်းက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာကို တွေ့ရပါတယ်။ ဒ့ါအပြင် စစ်မှုထမ်းဆောင်ပြီးနောက် ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်လာဖို့ မျှော်လင့်ကြောင်း ပရိသတ်တွေဆီက စာများစွာ လက်ခံရရှိခဲ့ကြောင်းလည်း သူက ထည့်သွင်းရေးသားဖော်ပြထားတာ တွေ့ရပါတယ်။

"CNBLUE"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ယန်ဟွာဟာ ပြီးခဲ့တဲ့ မတ် ၅ ရက်က စတင်စစ်မှု ထမ်းခဲ့တာဖြစ်ပြီး အခြားသောအဖွဲ့ဝင်နှစ်ဦး ဖြစ်တဲ့ ဂျန်ရှစ်နဲ့ မင်ဟွတ်တို့ကလည်း ဇူလိုင် ၃၁ ရက်မှာ စစ်မှုစတင်ထမ်းဆောင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

"CNBLUE" အဖွဲ့ဝင်တွေဟာ တစ်ပြိုင်နက်တည်းလိုလို စစ်မှုထမ်းဆောင်ခဲ့ကြတာဖြစ်တာကြောင့် စစ်မှုထမ်းရက်ကုန်ဆုံးမယ့်ရက်တွေကလည်း သိပ်ပြီး မကွာခြားတော့ပါဘူး။ စစ်မှုထမ်းဆောင်နေတဲ့ရက်တွေမှာ အဖွဲ့လိုက်လှုပ်ရှားမှုတွေကို ခေတ္တရပ်နားထားရတာဖြစ်တာကြောင့် အဖွဲ့ဝင်တွေ တစ်ပြိုင်နက်တည်း စစ်မှုထမ်းဆောင်ကာ အချိန်တိုအတွင်း ပရိသတ်ရှေ့ကို စုံစုံလင်လင် ပြန်လည်ပေါ်ထွက်လာနိုင်မှာလည်း ဖြစ်ပါတယ်။

ကြေးမုံ



# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ကမ္ဘာ့အသည်းရောင်အသားဝါတိုက်ဖျက်ရေးနေ့တက်ရောက်

**မြစ်ကြီးနား ဇူလိုင် ၃၁**

မြန်မာနိုင်ငံအတွင်း ၂၀၁၅ ခုနှစ် ပြည်သူလူထုအတွင်း အသည်းရောင်အသားဝါရောဂါဖြစ်ပွားမှုနှုန်းကို သိရှိနိုင်ရန် စစ်တမ်းကောက်ယူမှုအရ အသည်းရောင်အသားဝါ 'စီ' ရောဂါဖြစ်ပွားမှုနှုန်းအများဆုံးမြို့ထဲတွင် မြစ်ကြီးနားမြို့လည်း ပါဝင်ကြောင်း ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့အသည်းရောင်အသားဝါရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြောကြားသည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံး (မြန်မာနိုင်ငံ) မှ ဒေါက်တာအေးမြတ်စိုးက "ဒီနှစ်ကတော့ WHO အနေနဲ့ အမျိုးသားအသည်းရောင်အသားဝါကာကွယ်တိုက်ဖျက်ရေး စီမံချက်နှင့် ပူးပေါင်းပြီး မြစ်ကြီးနားမြို့မှာ လာရောက်ကျင်းပရခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်စိုးက အသည်းရောင်အသားဝါရောဂါ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ရန်ကုန်အထူးကုဆေးရုံကြီး၊ အသည်းရောဂါကုဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာ ခင်နိုင်သင်းက အသည်းရောင်အသားဝါရောဂါအကြောင်း သိကောင်းစရာများနှင့် ရောဂါကာကွယ်ကုသရေးအတွက် လိုက်နာရမည့်အချက်များအကြောင်းနှင့် မြန်မာနိုင်ငံ အသည်းဖောင်ဒေးရှင်း ဦးဆောင်အဖွဲ့ဝင် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဒါရိုက်တာ အကယ်ဒမီလူမင်းက အသည်းရောင်အသားဝါရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်သူလူထုလိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းဟောပြောခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အခမ်းအနား တက်ရောက်လာသူများက ကမ္ဘာ့အသည်းရောင်အသားဝါရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြခန်းနှင့် ကာကွယ်ထိန်းချုပ်ရေးစီမံချက်နှင့် မြန်မာအသည်းဖောင်ဒေးရှင်းတို့မှ အသည်းရောင်အသားဝါရောဂါ 'ဘီ' ပိုး၊ 'စီ' ပိုး စစ်ဆေးပေးပြီး ကာကွယ်ဆေးထိုးနှံပေးမှုအား လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်း လူဦးရေစုစုပေါင်း၏ ၆ ဒသမ ၅ ရာခိုင်နှုန်းသည် အသည်းရောင်အသားဝါ 'ဘီ' ပိုး၊ ၂ ဒသမ ၇ ရာခိုင်နှုန်းသည် 'စီ' ပိုးကူးစက်ခံထားရပြီး HIV နှင့် ဘီပိုးနှစ်မျိုးလုံး ကူးစက်ခံထားရသူ ၂ ဒသမ ၂ ရာခိုင်နှုန်းနှင့် HIV နှင့် 'စီ' ပိုးနှစ်မျိုးလုံး ကူးစက်ခံထားရသူ ၂၀ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

တိုတိုထွာထွာဖတ်စရာ

## ကန့်ဘလူ၌ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်

**ကန့်ဘလူ**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ပေကုန်းတောင်ကျေးရွာအုပ်စုရှိ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ ၇ များ တောင်သူလက်ဝယ်အရောက် ပေးအပ်ပွဲကို ဇူလိုင် ၃၀ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲတွင် ပေကုန်းတောင်ကျေးရွာရှိ ကွင်းပေါင်းငါးကွင်း၊ ဦးပိုင် ၄၄ စောင်၊ တောင်သူ ၃၉ ဦးတို့၏ လယ်ယာမြေ ၁၁၉ ဒသမ ၇၆ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ ၇ များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## သုံးခွ၌ လေဘေးကျရောက်သူများအား ထောက်ပံ့

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လက်ပန်ချောင်ကျေးရွာ မနော်မာန်ဘုန်းတော်ကြီးကျောင်းတွင် ဇူလိုင် ၂၉ ရက် နံနက် ၁၁ နာရီက လေပြင်းတိုက်ခတ်ခံခဲ့ရသော လက်ပန်ချောင်ကျေးရွာမှ လေဘေးကျရောက်သည့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကျင်းပသည်။

မြို့နယ်ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများက လေဘေးသင့် အိမ်ထောင်စု ၁၁ စုအား တာပေါ်လင်တစ်ချပ်စီနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကိုလည်းကောင်း၊ သုံးခွမြို့နယ် သဘာဝဘေးအန္တရာယ်ကူညီရေးအဖွဲ့က အိမ်ပြိုသည့် အိမ်ထောင်စုနှစ်စုအတွက် အလှူငွေကျပ်တစ်သိန်းစီ၊ ၁၉၉၀-၁၉၉၁ ပညာသင်နှစ် ကျောင်းသား ကျောင်းသူဟောင်းများက ဆန်များလှူဒါန်းခဲ့ကြောင်း သိရသည်။ အလားတူ ကတုံးပေါ်အလယ်ကျေးရွာ၌လည်း လေပြင်းတိုက်ခတ်ခံရသော အိမ်ထောင်စုနှစ်စုကိုလည်း ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# YouTube မှ Android Device များအတွက် Dark Mode ကို စတင်ဖြန့်ချိ



နာမည်ကျော် YouTube အက်ပလီကေးရှင်းသည် Android စနစ်သုံး Device များအတွက် Dark Mode ကို စတင်ဖြန့်ချိပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။ YouTube မှာ နာမည်ကြီး Google မှပိုင်ဆိုင်သော အက်ပလီကေးရှင်းဖြစ်ပြီး အဆိုပါ Dark Mode ကို စတင်ထုတ်လုပ် ဖြန့်ချိစဉ်က PC ကွန်ပျူတာများနှင့် Apple အမှတ်တံဆိပ် Device များအတွက် အသုံးပြုနိုင်ရန်သာ ဖြန့်ချိပေးခဲ့ပြီး လပေါင်းများစွာ ကြာမြင့်သည့်အချိန်မှ Android Device များအတွက် အသုံးပြုနိုင်ရန် ဖြန့်ချိပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

YouTube အမှတ်တံဆိပ် အက်ပလီကေးရှင်းကို ပိုင်ဆိုင်သည့် Google သည် Android လည်ပတ်မှုစနစ်ကိုလည်း ပိုင်ဆိုင်သည့်လုပ်ငန်းဖြစ်ပြီး ထိုကဲ့သို့အချိန်နောက်ကျပြီးသည့်အခါမှ အဆိုပါ Dark Mode အား Android Device များတွင် အသုံးပြုနိုင်ရန် ပြုလုပ်ပေးသည့်အတွက် သုံးစွဲသူများထံမှ မေးမြန်းမှုများနှင့် တိုင်ကြားခံရမှုများရှိခဲ့ပြီး သူ၏ကိုယ်ပိုင်ဖြစ်သော Android လည်ပတ်မှုစနစ်သုံး Device များအတွက် ဦးစွာပြုလုပ်မပေးဘဲ Apple အမှတ်တံဆိပ်၏ လည်ပတ်မှုစနစ်ဖြစ်သည့် iOS များအတွက် စတင်ပြုလုပ်ပေးခဲ့မှုများအတွက် ဝေဖန်မှုများစွာ မြင့်တက်လာခြင်း ခံခဲ့ရကြောင်း သိရသည်။

ယခုအခါတွင် Android Device များအတွက် YouTube Dark Mode ကို စတင်စမ်းသပ်ဖြန့်ချိပေးလိုက်ခြင်းဖြစ်ကာ မကြာမီရက်ပိုင်းအတွင်း အပြီးသတ်အတည်ပြုကာ ဖြန့်ချိပေးသွားမည်ဖြစ်ကြောင်း Google မှ ပြောကြားထားကြောင်း သိရသည်။ ယခင် Android Device များတွင်ရှိသော YouTube အက်ပလီကေးရှင်းအား အခမဲ့အွန်လိုင်းမှ အဆင့်မြှင့်တင်မှုပြုလုပ်ကာ အဆိုပါ Dark Mode ကို လွယ်ကူစွာအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

YouTube အမှတ်တံဆိပ် အက်ပလီကေးရှင်းမှာ Google မှပိုင်ဆိုင်ပြီး အောင်မြင်မှုအရရှိဆုံး အွန်လိုင်းဗီဒီယိုလွှင့်တင်သည့် အက်ပလီကေးရှင်းတစ်ခုအဖြစ် ယနေ့အချိန်အထိ ရပ်တည်နိုင်လျက်ရှိကြောင်း သိရသည်။

ALEX

# မကြာမီတွင် Xiaomi မှ စတင်ဖြန့်ဖြူးပေးသွားတော့မည့် Mi A2

၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း မိတ်ဆက်ပေးခဲ့သော Xiaomi Mi A2 ဟာ အရွယ်အစား ထူးထူးခြားခြားနှင့် ဈေးနှုန်းပိုင်း သင့်တော်ခြင်းတို့ကြောင့် Xiaomi ပရိသတ်များအတွက် ဈေးကွက်အတွင်း ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း သိရသည်။ သင့်တင့်ဈေးဖြင့် ဖြန့်ဖြူးသွားမည်ဟု Xiaomi မှ တရားဝင်ပြောကြားချက် ထွက်ပေါ်လာခဲ့ပြီးနောက် Mi 6X မျိုးဆက်သစ်စမတ်ဖုန်းတစ်မျိုး ထပ်မံထွက်ပေါ်လာတော့မည်ဟု မှတ်ချက်ပေးမှုများ တွေ့မြင်လာရသည်။ ၂၀၁၇ ခုနှစ်အတွင်းတွင် စမတ်ဖုန်းအမျိုးအစားများစွာ ထုတ်လုပ်ဖြန့်ချိခဲ့သော Xiaomi သည်လည်း စမတ်ဖုန်းဈေးကွက်အတွင်း အရှိန်ပြင်းပြင်းတိုးဝင်လာလျက်ရှိနေကြောင်း သိရသည်။

မကြာမီအချိန်အတွင်း ပြည်တွင်းဈေးကွက်သို့ ရောက်ရှိလာတော့မည့် Xiaomi A2 အမျိုးအစား စမတ်ဖုန်းသစ် ပါဝင်သည့်အချက်အလက်အချို့ကို ဖော်ပြပေးလိုက်ပါသည်။ မျက်နှာပြင်အကျယ် ၅ ဒသမ ၉၉ လက်မရှိကာ ဖန်သားစစ်စစ်မျက်နှာပြင်နှင့် အလူမီနီယံသတ္တုစပ်ကိုယ်ထည် အသုံးပြုတည်ဆောက်ထားကြောင်း သိရသည်။ မျက်နှာပြင်ပြည့် စမတ်ဖုန်းအမျိုးအစားမဟုတ်သော်လည်း ကျယ်ပြန့်သည့်မျက်နှာပြင်ပါဝင်ပြီး ဘေးပေါင်များ ပါးလွှာသည့်ဒီဇိုင်းဖြင့် ဖန်တီးထားကြောင်းသိရသည်။ နောက်ဆုံးထွက် Android One စနစ်ပါဝင်လာမည်ဖြစ်ကြောင်း၊ Qcta-Core Snapdragon 660 ပရိုဆက်ဆာထည့်သွင်းပေးထားကြောင်း သိရပြီး Adreno 512 ဂရပ်ဖစ်ပရိုဆက်ဆာလည်း ပါဝင်သည်ဟုဆိုသည်။

RAM 4 GB ပါဝင်ပြီး သိုလှောင်သိမ်းဆည်းမှု 32 GB သို့မဟုတ် 64 GB အမျိုးအစားနှင့် RAM 6 GB ပါဝင်ပြီး သိုလှောင်သိမ်းဆည်းမှု 128 GB ပမာဏပါဝင်သော အမျိုးအစားများ ဖြန့်ချိပေးသွားမည်ဟုသိရကာ Micro SD ထပ်မံထည့်သွင်းအသုံးပြုနိုင်ခြင်း မရှိကြောင်း သိရသည်။ ကျောဘက်ကင်မရာ 12MP + 20MP ပမာဏပါဝင်သောကင်မရာနှစ်လုံး တပ်ဆင်ပေးထားပြီး အရှေ့ဘက်တွင် 20 MP ပမာဏရှိသော ကင်မရာတစ်လုံးပါဝင်၍ AI နည်းပညာစနစ်လည်း ထည့်သွင်းပေးထားကြောင်း သိရသည်။ အနောက်ဘက်တွင် လက်ဗွေဖတ်လုံခြုံရေးစနစ်ပါဝင်ပြီး အသုံးပြုသူမျက်နှာဖတ်သည့် လုံခြုံရေးစနစ်ပါဝင်ခြင်းမရှိဘဲ ရိုးရှင်းသည့် စမတ်ဖုန်းတစ်မျိုး ဖြစ်လာမည်ဟုဆိုသည်။



နားကြပ်ပေါက် ပါဝင်ခြင်းမရှိဘဲ ကောင်းမွန်သည့်စပီကာများ တပ်ဆင်ပေးထားကာ ကြိုးမဲ့နားကြပ်စနစ်ကိုလည်း ကောင်းမွန်စွာ ချိတ်ဆက်အသုံးပြုနိုင်ရန် ဖန်တီးပေးထားသည်ဟု သိရသည်။

**ဇာဏီ**


# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ

## ကစားသမားသစ်ခေါ်ယူဖို့မရှိဘူးလို့ ဝန်ခံလိုက်တဲ့ပိုချက်တီနို

စပါးအသင်းနည်းပြ ပိုချက်တီနိုဟာ အခုအပြောင်းအရွှေ့ကာလမှာ ကစားသမားသစ်ခေါ်ယူဖို့ မရှိဘူးလို့ ဝန်ခံလိုက်ပါပြီ။ စပါးအသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီကလည်း ပရီမီယာလိဂ်အမှတ်ပေးဇယားမှာ အဆင့် ၃ နေရာက ရပ်တည်နိုင်ခဲ့တာမို့ ချန်ပီယံလိဂ် ဝင်ခွင့်ရရှိထားတဲ့အသင်းဖြစ်ပါ တယ်။ ဒါပေမယ့် အခုအပြောင်းအရွှေ့ကာလမှာ အခြားသော ကလပ်အသင်းတွေ ကစားသမားခေါ်ယူမှုတွေပြုလုပ်နေကြပေမယ့် ကစားသမားသစ် ခေါ်ယူမှုတစ်စုံတစ်ရာပြုလုပ်ထားခြင်းမရှိသေးတာကတော့ စပါးအသင်းတစ်သင်းတည်းသာ ကျန်ပါ တော့တယ်။ စပါးအသင်းမှာ ဆွန်ဟောင်မင်၊ အလီ၊



ဟယ်ရီကိန်း စတဲ့ ကစားသမားတွေရှိနေပြီး မျက်နှာသစ် ကစားသမား ခေါ်ယူဖို့ အစီအစဉ်မရှိသေးဘူးလို့လည်း နည်းပြ ပိုချက်တီနိုက ဆိုပါတယ်။ နည်းပြပိုချက်တီနိုကို မန်ယူအသင်းက ခေါ်ယူရန်ချိတ်ဆက်မှုတွေ ပြုလုပ်ထားတာ ဖြစ်ပြီး အကယ်၍ နည်းပြ မော်ရင်ဟိုအသင်းကနေ ထွက်ခွာသွားရင် ခေါ်ယူဖို့ အသင့်ပြင်ထားတာ ဖြစ်ပါတယ်။



## အီဘရာဟီမိုဗစ် အယ်လ်အေဂလက်ဆီနှင့် ပထမဆုံးဟက်ထရစ်သွင်းယူ

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားခဲ့တဲ့ မေဂျာလိဂ်ပြိုင်ပွဲမှာ အယ်လ်အေ ဂလက်ဆီအသင်းနဲ့အတူ ပထမဆုံးသော ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့ပြီဖြစ်ပါတယ်။ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ အယ်လ်အေဂလက်ဆီအသင်းက အော်လန်ဒိုစီးတီးအသင်းကို လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်မှာ ဟက်ထရစ် ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပြီး လက်ရှိမှာ အယ်လ်အေဂလက်ဆီအသင်းနဲ့အတူ ၁၇ ပွဲပါဝင်ကစားပေးထားကာ သွင်းဂိုး ၁၅ ဂိုးအထိ သွင်းယူထားနိုင်ခဲ့သူဖြစ်ပါတယ်။ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ မတ်လအတွင်းက အယ်လ်အေဂလက်ဆီအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပါတယ်။

အယ်လ်အေဂလက်ဆီ အသင်းဟာ နောက်ဆုံး ကစားခဲ့တဲ့ကိုးပွဲ မှာ ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့ပြီး လက်ရှိအမှတ်ပေးဇယားတွင်လည်း အဆင့် ၃ နေရာမှာ ရပ်တည်လျက် ရှိနေပါတယ်။

## တိုက်စစ်မှူးမက်ပီ ကျောနံပါတ် ၇ ဝတ်ဆင်ကစားမည်

ပီအက်စ်ဂျီတိုက်စစ်မှူး မက်ပီဟာ ၂၀၁၈ - ၂၀၁၉ ဘောလုံးရာသီမှာ ကျောနံပါတ်အသစ်ဝတ်ဆင်ကစားမှာဖြစ်ပြီး အသက် ၁၉ နှစ်အရွယ်ရှိ မက်ပီကို ကျောနံပါတ် ၇ ကို ဝတ်ဆင်ကစားခွင့်ပြုခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှူး မက်ပီ ဟာ ပီအက်စ်ဂျီအသင်းနဲ့ စတင်ပွဲထွက်ကစားခဲ့တဲ့အချိန်က ကျောနံပါတ် ၂၉ ကို ဝတ်ဆင် ကစားခဲ့ရတာဖြစ်ပါတယ်။ တိုက်စစ်မှူးမက်ပီကို ကျောနံပါတ် ၇ ဝတ်ဆင် ကစားခွင့်ပြုခဲ့တဲ့ သတင်းဗီဒီယိုဖိုင်ကိုတော့ ပီအက်စ်ဂျီအသင်းက တွစ်တာစာမျက်နှာနဲ့ အင်စတာဂရမ်စာမျက်နှာတို့မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။ အဲဒီဗီဒီယို ဖိုင်မှာ တိုက်စစ်မှူး မက်ပီက သူ့ရဲ့ကျောနံပါတ် ၇ ပါတဲ့ အင်္ကျီကို သူ့ရဲ့လက်နဲ့ကိုင်ပြီး ပြနေတဲ့ပုံပါဝင်နေပြီး စံချိန်တင်ဂိုးသွင်းယူနိုင်တဲ့အထိမ်းအမှတ်တွေထဲက တစ်ခုအဖြစ် အဲဒီ ကျောနံပါတ်ကို ဝတ်ဆင်ခွင့်ပြုခဲ့တာလို့လည်း သိရပါတယ်။ ပြင်သစ်လက်ရွေးစင်အသင်းမှာတော့ ကျောနံပါတ် ၂၀ နဲ့ ကျောနံပါတ် ၁၂ တို့ကို ဝတ်ဆင်ကစားခဲ့တာဖြစ်ပါတယ်။






## ဆားဘီးယားတိုက်စစ်မှူး မီထရိုဗစ်ကို ဖူလ်ဟမ်အသင်းခေါ်ယူ


ဖူလ်ဟမ်အသင်းဟာ ပရီမီယာလိဂ်ကလပ် နယူးကာဆယ်အသင်းမှ ဆားဘီးယားတိုက်စစ်မှူး မီထရိုဗစ်အား ပြောင်းရွှေ့ကြေးပေါင် ၂၂ သန်းနဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ မီထရိုဗစ်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ဖူလ်ဟမ်အသင်းမှာ အငှားစာချုပ်နဲ့ လာရောက်ကစားခဲ့ရတာဖြစ်ပြီး ၁၇ ပွဲမှာ ၁၂ ဂိုးသွင်းယူနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိ တိုက်စစ်မှူး မီထရိုဗစ်ဟာ ၂၀၁၅ ခုနှစ်က အန်ဒါလက်ချ်အသင်းကနေ နယူးကာဆယ်အသင်းကို ပေါင် ၁၄ ဒသမ ၅ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး လက်ရှိမှာတော့ ဖူလ်ဟမ်အသင်းနဲ့ စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်တာမို့ ဖူလ်ဟမ်အသင်းမှာ ၂၀၂၃ ခုနှစ်အထိ ဆက်ရှိနေတော့မှာဖြစ်ပါတယ်။ တိုက်စစ်မှူး မီထရိုဗစ်ဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီ ပထမရာသီဝက်မှာ နယူးကာဆယ်အသင်းနဲ့ အတူ ငါးပွဲပါဝင် ကစားပေးခဲ့ပြီး ဖေဖော်ဝါရီလမှာ ဖူလ်ဟမ်အသင်းသို့ အငှားသွားရောက်ကစားခဲ့တာဖြစ်ပါတယ်။ ဖူလ်ဟမ် အသင်းဟာ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီကတည်းက ချန်ပီယံရှစ်သို့ တန်းဆင်းသွားခဲ့ရတာဖြစ်ပြီး အဲဒီနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပရီမီယာလိဂ်ကို တန်းတက်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းဟာ မီထရိုဗစ်အပြင် ဘွန်ဒက်လီဂါကလပ် မိန့်ဇ်အသင်းမှ ဂျပန်တိုက်စစ်မှူး ယိုရှိနိုရီကိုလည်း ခေါ်ယူထားပြီ ဖြစ်ပါတယ်။

## မက်ဒရစ်မြို့ကို ရောက်ရှိလာခဲ့ပြီဖြစ်တဲ့ လီမာ

အက်သလက်တီကိုမက်ဒရစ်အသင်းက အသစ်ခေါ်ယူလိုက်တဲ့ ကွင်းလယ်ကစားသမား လီမာဟာ အက်သလက်တီကို မက်ဒရစ်အသင်းနဲ့အတူ ပွဲထွက်ကစားဖို့အတွက် မက်ဒရစ်မြို့ကို ရောက်ရှိလို့လာခဲ့ပြီဖြစ်ပါတယ်။ အက်သလက်တီကိုမက်ဒရစ်အသင်းက မိုနာကိုနှင့် ပြင်သစ်ကွင်းလယ်ကစားသမား လီမာကို ပြောင်းရွှေ့ကြေးပေါင် ၅၂ သန်းနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ခဲ့တဲ့အပြင် ဂရစ်ဇ်မန်းနဲ့ လူးကက်ဟာနန်ဒက်ဇ်တို့ကိုလည်း စာချုပ်သစ်ချုပ်ဆိုဖို့ သဘောတူညီမှုရရှိခဲ့တယ်လို့ သိရပါတယ်။



ပြင်သစ် ကွင်းလယ်ကစားသမား လီမာဟာ ရုရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပြင်သစ်အသင်းနဲ့အတူ ကမ္ဘာ့ဖလားရယူနိုင်ခဲ့ပြီး နောက် ခဏကြာအနားယူပြီး မက်ဒရစ်ခရီးစဉ်စတင်ခဲ့တာဖြစ်ပါတယ်။ ပြင်သစ်အသင်း ကစားဖော်များက မိုနာကိုအသင်းတွင် ဆက်ကစားဖို့တောင်းဆိုခဲ့ပေမယ့် အက်သလက်တီကိုမက်ဒရစ်အသင်းကို ပြောင်းရွှေ့ဖို့ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့လည်း လီမာက ဆိုပါတယ်။ အက်သလက်တီကို မက်ဒရစ်အသင်းဟာလက်ရှိမှာ နိုင်ငံတကာ ချန်ပီယံဖလားမှာ ပါဝင်ကစားနေပြီး ဩဂုတ် ၁၁ ရက်မှာ အင်တာမီလန်အသင်းနဲ့ကစားရမှာဖြစ်ပါတယ်။



## မာနေးကို စာချုပ်သစ်ချုပ်ဆိုဖို့ အသင့်ရှိနေတယ်ဆိုတဲ့ လီဗာပူး

လီဗာပူးအသင်းနည်းပြ ကလော့ဟာ တိုက်စစ်မှူး မာနေးကို စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ အသင့်ရှိနေတယ်လို့ ဆိုပါတယ်။ နည်းပြကလော့ဟာ လီဗာပူးအသင်းရဲ့ တိုက်စစ်ပိုင်းမှာအားထားရတဲ့အတွက်လည်း မာနေးကို စာချုပ်သစ်ချုပ်ဆိုဖို့ စီစဉ်လာတာဖြစ်ပါတယ်။ ဆီနီဂေါတိုက်စစ်မှူး မာနေးကို လွန်ခဲ့တဲ့နှစ်နှစ်က ဆောက်သမ်တန်အသင်းကနေ ပေါင်သန်း ၃၀ နဲ့ခေါ်ယူခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီက လီဗာပူးအသင်းကို ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိ ရောက်အောင်စွမ်းဆောင်ခဲ့တဲ့ကစားသမားတွေထဲမှာ တစ်ဦးအပါအဝင်လည်းဖြစ်ပါတယ်။ မာနေးရဲ့ လက်ရှိစာချုပ်သက်တမ်းဟာ သုံးနှစ်ကျန်ရှိနေသေးပေမယ့် လီဗာပူးအသင်းက မာနေးကို တစ်ပတ်လုပ်ခလစာပေါင်တစ်သိန်းနဲ့ စာချုပ်ဖို့စီစဉ်နေတာဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ လက်ရှိမှာ တိုက်စစ်မှူးနှစ်ဦးဖြစ်တဲ့ ဆာလာနဲ့ ဖာမီနိုတို့ကို စာချုပ်သက်တမ်းတိုးထားပြီဖြစ်ပါတယ်။ လီဗာပူးအသင်းက စာချုပ်သစ်ချုပ်ဆိုစီစဉ်နေပေမယ့် တိုက်စစ်မှူး မာနေးကတော့ ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့ဖို့တောင် ချိတ်ဆက်မှုတွေပြုလုပ်နေတယ်လို့ သိရပါတယ်။


MPT
ရွှေသို့လှမ်းချီမြန်မာပြည်
နေ့စဉ်
FACEBOOK
အပို
လက်ဆောင်
LINE
E-topup ( သို့မဟုတ် ) Mobile Banking ဖြင့် အနည်းဆုံး ၁,၀၀၀ ကျပ်ဖိုး ငွေဖြည့်သွင်းပြီး
Facebook နှင့် အခြားလူမှုကွန်ရက်များအတွက် ဒေတာ အပိုလက်ဆောင်များ ရယူလိုက်ပါ။
ငွေဖြည့်ကဒ်ဖြင့် ဖြည့်သွင်းသူများအနေနှင့် MPT4U App မှတစ်ဆင့် ဖြည့်သွင်းပေးမှသာ
အပိုလက်ဆောင်များ ရရှိနိုင်မည်ဖြစ်ပါသည်။
Promotion ကာလ ပြီးဆုံးမည့်အချိန်ကို MPT ၏ တရားဝင် Website တွင် ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106 | free hotline 24 hours everyday

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင်မြ (ပြည်မြို့)
### အသက်(၉၃)နှစ်

အမှတ်(၇၄၁)၊ ဗိုလ်ချုပ်လမ်း၊ ဆံတော်ရပ် ပြည်မြို့နေ သူငယ်ချင်း တင်တင်မြင့် ၏ အဒေါ်ဖြစ်သူ ဒေါ်ခင်ခင်မြသည် ၂၉-၇-၂၀၁၈ရက် နံနက် ၈း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**BVS 1986 Batch မှသူငယ်ချင်းများ**

---

ရဟန်း ဒါယိကာမကြီး
## ဒေါ်ရီ (၈၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့ နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ အမှတ်(၉)နေ (ဦးဆွဲ-ဒေါ်ထွားရင်)တို့၏ သမီး၊ ဦးလှရီ၏ ဇနီး၊ ဒေါ်ရင်ကြည်၊ ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်ခိုင်စုစုဟန်၊ ဦးမြင့်စိုး၊ဦးဌေးလှ-ဒေါ်မာမာပြုံး၊ ဒေါ်ဌေးမြင့်၊ ဒေါ်ခင်ကြူကြူလှိုင်၊ ဦးဇော်မျိုးနိုင်၊ ဦးရဲဝင့်လင်း-ဒေါ်သဇင် အေးတို့၏ မိခင်၊ မောင်အာကာဖြိုး၊ မောင်ဇေယျာတိုး၊ မောင်ဇွဲလင်းထက်၊ မောင်အောင်နိုင်ထွဋ်၊ မမေသူခန့်တို့၏ အဘွားသည် ၃၁-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်လွမ်ဟုန်(မြိတ်)
### အသက် (၉၁) နှစ်
အသင်းဝင်အမှတ်(၂၄၃)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၀)လမ်း၊ အမှတ်(၄၉)နေ (ဦးစိန်ချည်)၏ ဇနီးသည် ၂၉-၇-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (မြိတ်အသင်းမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

## ဦးခင်မောင်ထွေး(ခ)ဦးနီထွေးသူ
(စန္ဒရား)
### အသက်(၈၀)

ပဲခူးတိုင်းဒေသကြီး၊ မှော်ကန်(၅)လမ်းနေ (ဦးမြင့်-ဒေါ်လှတင့်)တို့၏ သား၊ (ဦးချစ်သိန်း-ဒေါ်လှ)တို့၏ သားသမက်၊ တိုက်(၁၄/၄)၊ ဘော်စင်လမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်မြမြချစ်၏ ခင်ပွန်းသည် ၃၁-၇-၂၀၁၈ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသိန်းဝင်း (၇၆) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သုခမိန်လမ်း၊ အရာရှိရိပ်သာ၊ (၈)ခန်းတွဲ၊ အခန်း(၄)နေ (ဦးသန်းဖေ-ဒေါ်ရီ)တို့၏သား၊ဒေါ်ရီရီနိုင်၏ခင်ပွန်း၊ ဒေါက်တာမိုးမိုးသိန်း၊ ဒေါက်တာစိုးစိုးသိန်း (ကထိက၊ ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၊ ဦးခိုင်ရှိန်ဝင်း-ဒေါ်ဆုမြတ်ခင်တို့၏ဖခင်၊ မောင်လင်းဘုန်းပြည့်၏ အဘိုးသည် ၃၁-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၃း၃၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၈ (တနင်္လာနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဇော်ဝင်းလှိုင်(မကွေး)(၆၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အမှတ်(၂၂)၊ ခုနစ်လွှာ၊ ကျောင်းကြီးလမ်းနေ (ဦးဘလှိုင်)-ဒေါ်မြခင် (မကွေး) တို့၏ သား၊ (ဦးတင်အေး-ဒေါ်ထွေးရီ)တို့၏ သားသမက်၊ ကိုဘိုဘိုဇော်-မရည်မွန်ကျော်၊ ကိုကျော်သီဟဇော်-မခင်သန့်စင်တို့၏ မွေးသဖခင်၊ ဒေါ်စန်းတင့်ရီ၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်မင်းဘိုခန့်၊ မောင်ဖြိုးဘိုသန့်၊ မောင်ကောင်းဘိုခန့် တို့၏ ဘိုးဘိုးကြီး ဦးဇော်ဝင်းလှိုင်သည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးလှဝေ
(တပ်မတော်-ရေ ငြိမ်း)
### အသက် (၉၁) နှစ်

အောင်လံမြို့နေ (ဦးသာရွှန်း-ဒေါ်စိန်ညွှန့်)တို့၏သား၊ ရန်ကုန်မြို့နေ (ဒေါ်သန်းရီ)၏ခင်ပွန်း၊ ဒေါ်သန်းသန်းဌေး၊ ဦးဝင်းမြင့်-ဒေါ်မြလွင်လွင်အောင်၊ ဦးသိန်းမင်း(Admin Dept: Asia Royal Hospital)-ဒေါ်ဌေးဌေးမြင့်(S & P Dept: Asia Royal Hospital) တို့၏ဖခင်၊ မောင်ထွဋ်ခေါင်ဦး (ပထမနှစ်-အဏ္ဏဝါသိပ္ပံ၊ ပုသိမ်တက္ကသိုလ်)၏ အဘိုးသည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) ည ၇း၁၅ နာရီတွင် အာရှတော်ဝင် အထူးကု ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ်-၁၆၊ ခြောက်လွှာ၊ ဦးဝိဇ္ဇာရလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဇော်ဝင်းလှိုင် (မကွေး)
### အသက်(၆၃)နှစ်

မကွေးမြို့၊ မြို့မရပ်ဘုရားလမ်းနေ (ဦးဘလှိုင်)-ဒေါ်မြခင်တို့၏ သား၊ အမှတ်(၂၅)၊ ဗိုလ်ချုပ်လမ်းနေ (ဦးတင်အေး-ဒေါ်ထွေးရီ) တို့၏ သားသမက်၊ ဦးကျော်ထူး - (ဒေါ်ခင်သန်းလှိုင်)၊ (ဦးကျော်ဆန်းလှိုင်)တို့၏ ညီ/မောင်၊ (ဦးခင်မောင်လတ်) - ဒေါ်ခင်ပြုံးလှိုင်၊ ဦးအောင်ဝင်းလှိုင် - ဒေါ်အေးစုကြည်၊ ဦးတင်ညွှန့် - ဒေါ်ခင်ယုလှိုင်တို့၏ အစ်ကို၊ မောင်ဘိုဘိုဇော်-မရည်မွန်ကျော်၊မောင်ကျော်သီဟဇော်-မခင်သန့်စင်တို့၏ဖခင်၊ မောင်မင်းဘိုခန့်၊ မောင်ဖြိုးဘိုသန့်၊ မောင်ကောင်းဘိုခန့် တို့၏ အဘိုး ဒေါ်စန်းတင့်ရီ၏ခင်ပွန်း ဦးဇော်ဝင်းလှိုင်သည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ [အမှတ်(၂၂)၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင် နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

---

## မသင်းမြတ်ဆု(ခ)သဲကျော်
### အသက် (၁၅) နှစ်
နဝမတန်း (ဂ)၊ အထက(၂)
တောင်ဥက္ကလာပ

ရန်ကုန်မြို့နေ (ဦးတိုးအောင်)-ဒေါ်ခင်နှင်းရည်၊ (ဦးကျော်လှ)-ဒေါ်အုံးရွှေတို့၏မြေး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၅)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၄၉၇) နေ ဦးဇေယျအောင်-ဒေါ်အုံးအုံးဌေးတို့၏သမီးငယ်၊ ဦးရဲမင်းဖြိုးမောင်-ဒေါ်မေဖူးဖူးအောင်တို့၏ ညီမ မသင်းမြတ်ဆုသည် ၃၁-၇-၂၀၁၈ ရက် နံနက် ၂း၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၈-၂၀၁၈ ရက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နွဲ့နွဲ့(မိုးညို)
### အသက် (၉၀)

မိုးညိုမြို့၊ ရွှေပြည်သာရပ်ကွက်နေ (ဦးဖိုးလွင်-ဒေါ်အေး)တို့၏သမီး၊ [ဦးစိုးနိုင် (ခ) ဦးထွန်းရှိန်]၏ဇနီး၊ ရန်ကုန်မြို့၊ တိုက်(၂၉၄)၊ အခန်း(၅)၊ ကသစ်မြိုင်လမ်း၊ သုဝဏ္ဏနေ ဦးဝင်းစိန်(စခန်းမှူး-ငြိမ်း)-ဒေါ်တင်အေးကြည်၊ ဦးတင်မောင်ကို-ဒေါ်ခင်စိန်ရီ(လ/ထညွှန်မှူး-ငြိမ်း၊ ကညန)၊ ဦးထွန်းလွင်-(ဒေါ်ခင်ညွှန့်ဝေ)၊ ဦးစောလွင် (CE.Bismark Maritine Co.,Ltd)-ဒေါ်ခင်မာသွယ်၊ ဦးသိန်းဇော်(လ/ထအင်ဂျင်နီယာ-ငြိမ်း၊ မမ) - ဒေါ်ခင်စပယ် (ညွှန်မှူး၊ စီမံ၊ ကညန)၊ ဦးရန်လင်းသိန်း(MD.Myanmar Andaman Pearl Co.,Ltd)-ဒေါ်ခင်လှဲ့လှဲ့နိုင်၊ ဦးသိန်းမင်းဇော်-ဒေါ်သန်းသန်းနိုင်၊ ဦးကိုကိုမောင်-ဒေါ်တင်တင်ဝေတို့၏မိခင်၊ မချောရူပါဝင်း၊ မောင်အောင်မင်းမင်းကို၊ မောင်မျိုးမင်းမင်းကို(ဒု-တိုင်းတပ်ဖွဲ့မှူး၊ ရန်ကုန်တိုင်းဒေသကြီးကြက်ခြေနီတပ်ဖွဲ့)၊ မောင်ဖြိုးမင်းဇံ(2nd mate)-မနေနိုသူ(မန်နေဂျာ-Hilton Hotel)၊ မောင်ထက်ဝေလင်း (မန်နေဂျာ၊ Hilton Hotel၊ ဗန်ကောက်)၊ မောင်ပြည့်ဖြိုးကျော်(2nd Mate)-မပိုးနန္ဒာအောင်၊ [မောင်ပြည့်စုံ (ခ) အဲဒို]၊ (အဲဒူ)၊ မောင်အောင်ခိုင်-မဝိုင်းမို့ဖြူ၊ မောင်ပြည်လင်းသိန်း၊ မောင်နေလင်းသိန်း၊ မဇီဇဝါလင်းသိန်း၊ ဒေါက်တာဇော်ပြည့်ပိုင်(တိုက်နယ်ဆရာဝန်၊ ဆင်မတောင်တိုက်နယ်ဆေးရုံ)၊ ဒေါက်တာရာပြည့်ပိုင် (မန္တလေး)၊ မောင်ရဲဖုန်းအောင်၊ မစင်သီအောင်၊ မအိန္ဒြေမောင်၊ မြေး ၁၇ ယောက်တို့၏အဘွား၊ မခင်နှင်းအောင်ခိုင်၊ မနှင်းဝတ်မှုံခိုင်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၃၁-၇-၂၀၁၈ ရက် နံနက် ၃း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၈(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## Dr. ဦးသန့်ဇင်
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အမှတ်(၄၁)၊ ပထမထပ်(A)နေ (ဦးတင်ထူး-ဒေါ်မြင့်မြင့်စော)တို့၏ သားကြီး၊ (ဦးမျိုးညွှန့်-ဒေါ်မြသန်း)တို့၏ သားသမက်၊ (ဦးတင့်လွင်)၏ အစ်ကို၊ ဒေါ်ခင်မျိုးသန်း ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဇေယျာမျိုးသန့်၊ မကေခိုင်မျိုးသန့်-ကိုကျော်သူရ၊ ကိုအာကာမျိုးသန့်-မမိုးသန္တာဌေးတို့၏ဖခင်၊ ကြည်စင်လင်းလဲ့၊ အားမာန်အောင်ဖုန်းသန့်၊ အောင်ဖုန်းပြည့်တို့၏ အဘိုးသည် ၃၁-၇-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၈ (တနင်္လာနေ့) နံနက်၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးအေးကြည်
### အသက် (၇၀)
အထက်တန်းပြ(ငြိမ်း)၊ အလက(၁၁) တာမွေ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ) ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၁)၊ အခန်း(၁၀/က)၊ ငါးလွှာနေ (ဦးအုံ့ဘွယ်-ဒေါ်စိမ်းလှ) တို့၏သမီး၊ (ဦးလှထွန်း)၊ (ဦးအောင်မြင့်-ဒေါ်တင်ရွှေ)၊ (ဦးလှထွန်း-ဒေါ်သန်းမြ)၊ (ဦးအုံ့ဘွယ်)-ဒေါက်တာဒေါ်ကြည်ကြည်အေးတို့၏ ညီမ၊ ဦးငွေတိုး(စက်မှု-၁၊ငြိမ်း)-ဒေါ်စိန်စိန်အေး(Linn Enterprise)၊ ဦးလှဌေး-ဒေါ်အေးအေးခင်တို့၏အစ်မ၊ ဦးဘိုဘိုထွန်း - (ဒေါ်စန္ဒာကို)၊ ဦးဌေးအောင်-ဒေါ်သူဇာကို (ရေကြောင်းဦးစီး)၊ (ဦးကျော်စွာကို)-ဒေါ်ကြည်နုတို့၏မွေးသမိခင်၊ တူ/တူမ ၁၉ ယောက်တို့၏ အဒေါ်၊ မြေးလေးယောက်တို့၏ချစ်လှစွာသောအဘွားသည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးရဲနိုင် (ခ) နိုင်ကြီး
### အသက် (၅၉) နှစ်

ရန်ကုန်မြို့၊ တိုက်(၂၀၂)၊ အခန်း(၁၆)၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်နေ (ဗိုလ်ရဲလှ-ဒေါ်သောင်းရီ)တို့၏သားထွေး၊ (ဦးခင်ရွှေ)-ဒေါ်ခင်ဝင်းတို့၏ သားသမက်၊(ဦးမောင်လွင်)-ဒေါက်တာချစ်ချစ်လှ၊ (ဦးတင်မောင်ဆန်း)-ဒေါ်သစ်သစ်လှ၊ (ဦးအောင်ထူးဆန်း)၊ ဦးဝင်းချို-ဒေါ်ရင်တင့်၊ ဦးမြသန်းအောင်၊ (ဦးသူရမင်းဒင်)-ဒေါ်ဖြူဖြူလှတို့၏ မောင်၊ ဦးကျော်ကျော်-ဒေါ်အေးသန္တာတို့၏အစ်ကို ဦးရဲနိုင် (ခ) နိုင်ကြီးသည် ၃၀-၇-၂၀၁၈ ရက် နံနက် ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဘွန်ဟုတ်(ခ)ဦးကျော်မြင့်
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းလမ်းမ၊ အမှတ်(၈၉)နေ (ဦးကံကစ်လှ-ဒေါ်ခလေးမ)တို့၏ သား၊ ဒေါ်ကျင်စန်း၏ ခင်ပွန်း၊ ဦးမြတ်အောင်-ဒေါ်ဖြူဖြူဝင်း၊ ဦးလင်းအောင်-ဒေါ်နွယ်နွယ်ဝင်း၊ ဦးမျိုးအောင်-ဒေါ်လဲ့လဲ့ဝင်းတို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး ဦးဘွန်ဟုတ်(ခ)ဦးကျော်မြင့်သည် ၃၀-၇-၂၀၁၈ ရက် ညနေ ၃ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်တင့်ရွှေ
[ဦးစီးအရာရှိ-ငြိမ်း၊ သမဦးစီးဌာန]
သင်္ဃန်းကျွန်းမြို့နယ်
### အသက်(၇၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၀၈)လမ်း၊ အမှတ်(၄၈)နေ (ဦးလွန်းရွှေ-ဒေါ်ငွေစိန်) တို့၏ သမီး၊ (ဦးစိန်ဝင်း-ဒေါ်ခင်လှ)တို့၏ သမီးချွေးမ၊ (ဦးသန်းအေး)-ဒေါ်သီသီအောင်၊ ဦးထွန်းဝင်း-(ဒေါ်အေးသက်ရွှေ)၊ (ဦးကံဝင်း)-ဒေါ်ချိုချိုဝင်းတို့၏ အစ်မ၊ (ဦးအေးမောင်)၏ ဇနီး၊ မောင်လွင်ထူးဆွေ၊ မောင်ငြိမ်းချမ်းအေးတို့၏ ချစ်လှစွာသော မိခင်၊ တူ/တူမ ခုနစ်ယောက်တို့၏ အဒေါ် ဒေါ်ခင်တင့်ရွှေသည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) ည ၉း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

မြိတ်မြို့နယ်အသင်း (ရန်ကုန်)
## ဒေါ်စန်းစန်းဝင်း(ခ)မမီးငယ်
(မြိတ်)
### အသက်(၅၈)နှစ်
အသင်းဝင်အမှတ်(၁၈၇၂)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၅၀၂)၊ တိုက်(ဘီ)၊ အောင်ချမ်းသာအိမ်ရာ၊ အရှေ့ရွှေဂုံတိုင်လမ်းမကြီးနေ ဦးတင်မောင်ညီ၏ ဇနီးသည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (မြိတ်အသင်းမှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

# အနိစ္စ

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးညွန့်ရွှေ
### အသက်(၈၄)နှစ်
(ရပကရ-မြစ်ဝကျွန်းပေါ်)
ကျောက်တန်းမြို့

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သုခလမ်း၊ အမှတ်(၂၇)နေ (ဦးကုလား-ဒေါ်စောမေ)တို့၏ သား၊ (ဒေါ်အေးမြင့်)၏ ခင်ပွန်း၊ ဦးထွန်းအောင်-(ဒေါ်တိုးတိုးသန်း)၊ ဦးအောင်ကြီး-ဒေါ်မြင့်သီတာအေး၊ ဦးလှမြင့်ဦး-ဒေါ်ခင်လေးဆွေတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၃၁-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်မြင့်
(ဌာနစိတ်မှူး၊ အငြိမ်းစား)
လမ်းစဉ်လူငယ်ဌာနချုပ်
### အသက်(၆၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နေ (ဦးမောင်ငွေ-ဒေါ်ပု)တို့၏ သား၊ ဦးသုမန(ခ)ဦးခင်မောင်သန်း (တောင်ပုလုကျောင်းတိုက်၊ တက္ကသိုလ်ရိပ်သာလမ်း)၏အစ်ကို၊ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း(မြောက်ပိုင်း)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၁၃)နေ ဦးသာဦး-ဒေါ်အုံးမေတို့၏ သားသမက်၊ ဒေါ်ကြည်ကြည်အေး (အလုပ်သမားအစည်းအရုံးဌာနချုပ်) ၏ ခင်ပွန်းသည် ၁၉-၇-၂၀၁၈ (ကြာသပတေးနေ့) ည ၇း၁၅ နာရီတွင် ရန်ကုန် အနောက်ပိုင်း ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဦး
(ပဲနွယ်ကုန်းမြို့)
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဣစ္ဆာသယလမ်း၊ အမှတ်(၁၈)၊ ပထမထပ်နေ (ဦးရောင်စိန်-ဒေါ်ရှုခင်)တို့၏ သားကြီး၊ (ဦးဘွန်ဟော-ဒေါ်ကီး) တို့၏ သားသမက်၊ ဒေါ်ကြူကြူဝင်း (ခ) ဒေါ်ငွေမိ၏ ခင်ပွန်း၊ ဒေါ်သန်းဦး၊ ဦးစိန်မြင့်၊ ဒေါ်သန်းသန်းအေး၊ ဦးမြင့်သန်း-ဒေါ်တင်တင်လတ်တို့၏ အစ်ကိုကြီး၊ ဦးဝင်းသိန်း-(ဒေါ်ခင်စန်း) တို့၏ ညီ၊ မောင်ဟိန်းသီဟထွန်း-မတင်မိမိထွန်း၊ မောင်ကျော်ဖြိုးထွန်း-မအေးမြခိုင်ဖြူ၊ မောင်ဇင်မင်းဖြိုး-မပန်းအိခိုင်ဖြူတို့၏ ဖခင်သည် ၃၁-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးလင်းလင်းဆွေ
(ကာတွန်းနောက်နောက်)
### အသက် (၆၄) နှစ်

ကြည့်မြင်တိုင်နေ (ဒေါ်ထိပ်တင်မြတ်) ၏မြေး၊ (ဦးသွင်-ဒေါ်လင်းပင်ထိပ်တင်နွဲ့)တို့၏သားထွေး၊ (ဦးမင်းမင်းဆွေ)၊ (ဒေါ်စန်းစန်းနွဲ့)တို့၏ညီ/မောင်သည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) ည ၈း၄၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီး သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁) ရပ်ကွက်၊ မဟာဗန္ဓုလမ်း၊ မန္တလေးလမ်း၊ အမှတ်(၈၀၇)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

မော်လမြိုင်မြို့၊ ခေမာရာမသီလရှင်စာသင်တိုက်
ပဓာနနာယကဆရာကြီး
## ဒေါ်ကုသလစာရီ
### သက်တော် (၈၇) နှစ်၊ ဝါတော် (၇၅) ဝါ

(၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်) ၃၀-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်) ၁-၈-၂၀၁၈(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် (၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်) ၅-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

တပည့်ဒါယကာ၊ ဒါယိကာမများ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းလှ
### အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်နေ (ဦးစောဦး-ဒေါ်တင့်)တို့၏သမီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂလမ်း(၂၀)၊ အမှတ်(၇၄၆)နေ (ဦးစိန်စိန်)၏ ဇနီး၊ (ဦးသန်းညွှန့်)-ဒေါ်တင်ရီ တို့၏ အစ်မ၊ ဦးရန်အောင်(အရာခံဗိုလ်-ငြိမ်း၊ က-က-ထူး)-(ဒေါ်မြသွယ်)၊ ဦးမျိုးမြင့်(ဆ-လ-ရ-ငြိမ်း)၊ ဦးဘုန်းမြင့်(ဆ-သ-ရငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်)-ဒေါ်မြမြ (အဆင့်မြင့်ပညာဦးစီးဌာန-ငြိမ်း)၊ ဒေါ်ခင်မျိုးဝင်း(အရိုးရောဂါအထူးကုဆေးရုံကြီး-ငြိမ်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး)၊ ဦးနေဝင်း-ဒေါ်တင်လေးကြည်၊ (ဦးအောင်ခိုင်)-ဒေါ်မြတ်မာသန်းရီ(ဆ-လ-ရ-ငြိမ်း)တို့၏ မိခင်၊ ဒေါက်တာသန့်ဇင်(ဩစတြေးလျ)-ဒေါ်အေမီ၊ ဒေါ်မိုးမိုးတို့၏ အဒေါ်၊ မြေးခုနစ်ယောက် မြစ်သုံးယောက်တို့၏ အဘွားသည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) ည ၈း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါ တောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်လှအေး
### အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၃)လမ်း၊ အမှတ်(၅၃)နေ (ဦးဘချစ်-ဒေါ်သန်းရင်)တို့၏သမီး၊ (ဦးသာအေး)၏ဇနီး၊ (ဦးမြတ်ကျော်)-ဒေါ်အေးသန်း၊ ဦးအောင်ကျော်ဇော-ဒေါ်ယဉ်မေသိန်း၊ ဦးကျော်ထွန်း-ဒေါ်အေးအေးရီ၊ (ဒေါ်နုနုချို)၊ ဦးရွှေထွန်း၊ ဦးဝင်းမော်-ဒေါ်နီလာအေးတို့၏မိခင်၊ မြေး ၁၁ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၃၀-၇-၂၀၁၈ ရက် ညနေ ၆ နာရီတွင် ရန်ကုန်အထွေထွေကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်မြင့်ကြည်
အလယ်တန်းပြဆရာမကြီး-ငြိမ်း၊ ဟသ်ာတ
### အသက်(၈၆) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ်(၂၅၀)နေ (ဦးရှိန်-ဒေါ်အုန်း)တို့၏ သမီး၊ (ဦးကြာ-ဒေါ်ကျင်ရွှေ)တို့၏သမီးချွေးမ၊ ဦးစောမောင် (စက်မှုအင်ဂျင်နီယာ-ငြိမ်း၊ အမှတ်-၃ သတ္တုတွင်းဝန်ကြီးဌာန)၏ဇနီး၊ ဦးအောင်မြင့်ဦး၊ (ဦးညာဏ်ထွန်း)-ဒေါ်မူမူမြင့်၊ ဦးသူရ-ဒေါ်စောမြတ်နှင်း၊ ဦးစိန်ဝင်းမောင်-ဒေါ်ရီရီမြင့်၊ ဒေါ်သူဇာစောတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ်(၂၅၀)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ကျောင်း ဒါယကာကြီး
## ဦးကျော်ရွှေ
### အသက်(၈၁)နှစ်

ကျိုက်ထိုမြို့နေ (ဦးဖိုးညာဏ်-ဒေါ်နှင်းမြ)တို့၏ သား၊ ဘီးလင်းမြို့နယ်၊ ရွှေလှေကျေးရွာနေ (ဦးအုန်းမောင်-ဒေါ်နှင်းပွင့်)တို့၏ သားသမက်၊ (ဒေါ်ခင်သန်း)၊ ဒေါ်သင်းမာဦး၏ ခင်ပွန်း၊ ဦးဝင်းသူ၊ (ဦးဝင်းကြူ)၊ ဒေါ်မာဝေလွင်၊ ဦးခင်မောင်ချို (ဦးကျော်ကျော်မိုး)၊ ဒေါ်သန္တာ၊ ဦးကျော်ကျော်မျိုး၊ ဦးကျော်ဇေယျတို့၏ ဖခင်၊ မြေး ၁၄ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) ည ၇ နာရီတွင် အမှတ်(၆)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်(၆)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ လေးလွှာ၊ ခေါင်းရင်းခန်း နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၈ (တနင်္ဂနွေနေ့)တွင် အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မျိုးမြင့် (ခ) မတူး
### အသက် (၆၅) နှစ်

မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ ဖက်တန်းလမ်း၊ အမှတ်(၁၇)နေ (ဦးထွေးမောင်-ဒေါ်သန်းနွဲ့)တို့၏သမီးငယ်၊ (ဦးအောင်ဝင်း-ဒေါ်ခင်လှ)တို့၏ သမီးချွေးမ၊ ဦးဌေးလွင်(ရွက်စိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်အိသွယ် (Techno Mobile Co.,Ltd)၊ ဦးချမ်းမြေ့ကိုကို-ဒေါ်ဇာနွယ်(Myanmar Lighting -IPP Co.,Ltd)၊ ဒေါ်မေဆယ်(AGD Bank)တို့၏မိခင်၊ မောင်လျှမ်းထက်အောင်၊ မောင်ဝန်းရံခတို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်မျိုးမြင့် (ခ) မတူးသည် ၃၁-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂-၈-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၈ (စနေနေ့) နံနက် ၆ နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရေကြီးနစ်မြုပ်လယ်မြေများ အချိန်မီ စပါးပြန်လည်စိုက်ပျိုးနိုင်ရေး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကူညီသွားမည်

**နေပြည်တော် ဇူလိုင် ၃၁**

ရေကြီးနစ်မြုပ်၍ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် လယ်မြေများ အချိန်မီ စပါးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ကူညီပေးသွားမည်ဖြစ်ကြောင်း အဆိုပါအသင်းချုပ်မှ ယနေ့ထုတ်ပြန်ကြေညာသည်။

ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် လယ်မြေများ အချိန်မီ စပါးပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် ထိခိုက်ပျက်စီးမှုများ ကြုံတွေ့ခဲ့ရသည့် တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ရုံးဖုန်းများဖြစ်သည့် ၀၁-၂၁၈၂၆၆-၆၈၊ ၀၁-၂၃၀၁၁၂၈-၂၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေအပေါ် "ရေကြီး ရေလျှံမှုဖြစ်ပေါ်တဲ့ဒေသတွေမှာ

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❍

# ညောင်လေးပင်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် အနယ်နယ်အရပ်ရပ်မှ လာရောက်လှူဒါန်းလျက်ရှိ

**ညောင်လေးပင် ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ရေကြီးနစ်မြုပ်ခံနေရသော ရပ်ကွက်၊ ကျေးရွာများရှိ ရေဘေးသင့်ပြည်သူ ၁၆၀၀၀ ကျော်အတွက် အနယ်နယ်အရပ်ရပ်မှ စားသောက်စရာများနှင့် ထောက်ပံ့ရေးပစ္စည်းများကို မဒေါက်မြို့ ရေဘေးကယ်ဆယ်ရေးကွပ်ကဲရေးစခန်းသို့ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

မြစ်ရေကြီးမှုအခြေအနေနှင့်ပတ်သက်၍ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်မိုင်လှကြည်က "မဒေါက်မြို့ စစ်တောင်းမြစ်ရေကတော့ ဒီနေ့နံနက်ပိုင်းမှာ ၁၂၄၅ စင်တီမီတာရှိပါတယ်။ ဇူလိုင် ၂၉ ရက်မှာ အမြင့်ဆုံးရေမှတ် ၁၂၈၂ စင်တီမီတာကနေ ကျဆင်းလာတာ ၃၇ စင်တီမီတာတော့လျော့ကျသွားပါပြီ။ ညောင်လေးပင်မြို့နယ်တစ်မြို့နယ်လုံးမှာ ရေဘေးကယ်ဆယ်ရေးစခန်း ၃၅ ခု ဖွင့်လှစ်ထားပါတယ်။ အိမ်ထောင်စု ၃၅၂၃ စုရှိပြီး ရေဘေးသင့်ပြည်သူကတော့ ၁၆၇၂၅ ဦးရှိပါတယ်။ အခုအနယ်နယ်အရပ်ရပ်က လာရောက်လှူဒါန်းတဲ့ စားသောက်စရာ၊ ရေနဲ့ ထောက်ပံ့ရေးပစ္စည်းတွေကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၊ မြို့အုပ်ချုပ်ရေးမှူးနဲ့ မြို့မိမြို့ဖတွေက လေလွင့်မှုမရှိအောင် အချိန်နဲ့တစ်ပြေးညီ ပြန်လည်ဖြန့်ဝေပေးနေပါတယ်"ဟု ပြောသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက လှူဒါန်းမှုအပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မိသားစု၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာ့ဩဘာ၊ CB ဘဏ်၊ တောင်ငူအင်ဂျင်နီယာ ကျောင်းသားကျောင်းသူဟောင်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖





# ရေကြီးရေလျှံမှုများကြောင့် သထုံခရိုင်အတွင်း စာသင်ကျောင်းပေါင်း ၇၀ ပိတ်ထားရ

**သထုံ ဇူလိုင် ၃၁**

မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် စာသင်ကြားရန် အခက်အခဲများရှိနေသဖြင့် မွန်ပြည်နယ် သထုံခရိုင်အတွင်း၌ စာသင်ကျောင်းပေါင်း ၇၀ ကို ယာယီပိတ်ထားရကြောင်း ခရိုင်ပညာရေးမှူးရုံးမှ သိရသည်။

**အမြန်ဆုံးပြန်ဖွင့်**

ယာယီပိတ်ထားရသည့် စာသင်ကျောင်းအများစုမှာ ရေဝင်ရောက်ခဲ့၍ ပိတ်ထားရခြင်းဖြစ်ပြီး ရေဘေးသင့်ပြည်သူများ ယာယီခိုလှုံနေသည့်အတွက် ပိတ်ထားရသည့်ကျောင်းအချို့လည်းရှိကြောင်း ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောတင်စိုးက ပြောသည်။

"ရေကျတာနဲ့ အမြန်ဆုံးပြန်ဖွင့်မှာပါ၊ အစားထိုး ပြန်လည်သင်ကြားနိုင်အောင် အစီအစဉ်တွေ ရေးဆွဲထားဖို့ ပြောထားတယ်၊ ထိခိုက်ပျက်စီးမှုတွေရှိရင်လည်း အမြန်ဆုံး တင်ပြဖို့မှာထားတယ်"ဟု ဦးစောတင်စိုးက ပြောသည်။

**ရေပြန်လည်ကျသွား**

သထုံခရိုင်အတွင်းရှိ မြို့နယ်များတွင် ဇူလိုင် ၂၂ ရက်မှစတင်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ဇူလိုင် ၂၄ ရက်မှတွင် စာသင်ကျောင်းများအား ယာယီပိတ်ထားခဲ့ရပြီး ဇူလိုင် ၃၁ ရက်တွင် ကျိုက်ထိုမြို့နယ်၌ ရေပြန်လည်ကျသွားသဖြင့် ပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီဖြစ်သော်လည်း ဘီးလင်းမြို့နယ်တွင် ၅၆ ကျောင်း၊ သထုံမြို့နယ်တွင် ၁၀ ကျောင်းနှင့် ပေါင်မြို့နယ်တွင် လေးကျောင်း စုစုပေါင်း ကျောင်း ၇၀ ယာယီပိတ်ထားရကြောင်း ခရိုင်ပညာရေးမှူးရုံးမှ သိရသည်။

**သက်ဦး(သထုံ)**

